
www.burmeseclassic.com
လုံးချင်းဝတ္ထုသစ်
ရင်မြွတ်နိုး
ချစ်ခြင်းဖွဲ့လက်ဆောင်
ပန်းချီ သိန်းရွှေကြည်
2015

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်မြင့်မြင့်ရီ (၀၀၆၆၆)<br>ဗိုလ်ပြည့်စာပေ၊ အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း၊<br>တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရင် (၀၀၃၂၇)<br>(ရွှေခြေသည့်ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၃လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဗိုလ်ပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

ရှင်မြတ်နိုး

ချစ်ခြင်းဆွဲ့လက်ဆောင်/ရှင်မြတ်နိုး။ ရန်ကုန်။

ဗိုလ်ပြည့်စာပေ၊ ၂၀၁၅။

(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) ချစ်ခြင်းဆွဲ့လက်ဆောင်


BURMESE CLASSIC

## အခန်း ( ၁ )

"ကျွန်မ နာမည် စိမ်းလန်းမေပါ ဆရာဝန်ကြီး ဦးကျော်စွာက လွှတ်လိုက်ပါတယ် ... ဒီမှာ စာလည်းရေးပေးလိုက်ပါတယ်ရှင်"

"သူနာပြုဆရာမလေး စိမ်းလန်းမေဆိုတာလား"

"ဟုတ်ပါတယ်"

စိမ်းကို စူးစူးဝါးဝါးကြည့်နေတဲ့လူတစ်ယောက်ရဲ့ရှေ့မှာ ထပြီး ထွက်ပြေးချင်လောက်အောင် စိတ်ညစ်သွားရသည်။

ဘယ်လိုလူတွေလည်း မသိဘူး။

လူတစ်ယောက်ကို အထင်သေးသလိုလို မယုံသင်္ကာသလိုလိုနှင့် ခန့်ညားချောမောနုပျိုနေသော အသက်သုံးဆယ်လောက်တော့ရှိမည်ထင်၏။

စိမ်းက အသက်နှစ်ဆယ့်သုံးနှစ် ... အရွယ်ချင်း မတိမ်းမယိမ်းဖြစ်နေပေမယ့် သူ့အကြည့်တွေက ဝင်းတောက်မာထန်လွန်း



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"မင်းဆီမှာ အထောက်အထားတစ်ခုခုတော့ ပါမှာပေါ့မိန်းကလေး"

"ရှင်"

"မင်း ... မြန်မာစကား မတတ်ဘူးလား"

"ဟို ... အထောက်အထားလား ... ပါပါတယ်၊ ကျွန်မရဲ့ဆရာက စာရေးပေးလိုက်ပါတယ် ... ဒီမှာပါ"

"ပေးပါ"

သူတို့အိမ်မှာလိုအပ်နေလို့ သူနာပြုဆရာမအဖြစ် အလုပ်လာဝင်တာ ဆက်ဆံရေးကညှိဖျင်းလွန်းသည်။

သူနာပြုဆရာမကို. အထင်သေးစရာလား။

စိမ်း မနှစ်သက်မိ။

ဒါပေမဲ့လည်း စိမ်းမှာ ငွေလိုနေ၏။

စိမ်းရဲ့အစ်မ ကျန်းမာရေးအတွက်ပါ။

"မမသိမ့်အတွက် စိမ်း ငွေမရှာပါနဲ့ ... မမကြောင့် ငွေအကုန်အကျမများစေချင်ဘူးကွယ် ... မမသိမ့် သေချင်ပါတယ်၊ ကိုယ့်မိုက်ပြစ်နဲ့ကိုယ်ပဲဟာ"

"မဟုတ်တာဘဲ မမသိမ့်ရာ ... ပြေးကြည့်မှ ဒီညီအစ်မနှစ်ယောက်ထဲရှိတာပါ ... မမသိမ့် အသက်ရှင်ပေးပါ၊ ညီမလေးအနားမှာ ရှိနေပေးပါ"

မမသိမ့်ကို ဆေးရုံတင်ထားရသည်။

ဒေါ်လေးငွေက စောင့်ရှောက်နေသည်။

အသဲကင်ဆာပါ။

မမသိမ့်က အပျော်အပါး မက်မောပြီး အရက်သောက် ဆေးလိပ်သောက်နှင့် မိဘအမွေအနှစ်တွေကို ဖြုန်းသုန်းပြစ်ပေမယ့် ပညာရေးဘက်မှာ ထူးချွန်သည်။

သူနာပြုတက္ကသိုလ်သာတက်ရောက်နိုင်ခဲ့တဲ့ စိမ်းကတော့ မမသိမ့်ကို အပြစ် မတင်သလို မုန်းလည်းမမုန်းခဲ့ပေ။

"ဒေါ်လေးငွေ ... မမသိမ့်ကို စောင့်ရှောက်ပေးထားပါနော်၊ စိမ်း ငွေရှာရမယ် ... မမသိမ့် လူ့လောကကြီးထဲကနေ ထွက်ခွာသွားရမယ်ဆိုရင်တောင် သက်တောင့်သက်သာလေးနဲ့ ပြည့်ပြည့်စုံစုံအေးအေးချမ်းချမ်းလေး ဖြစ်စေချင်ပါတယ်"

"စိမ်းလေးရယ် ... စိတ်သဘောထား ပြည့်ဝလိုက်တာ ... သိမ့်ကြောင့် စိမ်းလေး ပညာလည်းကောင်းကောင်းမသင်ရ၊ ဆင်းရဲနွမ်းပါးတဲ့ဘဝလေး ရောက်သွားခဲ့တာတောင် အစ်မအပေါ် မေတ္တာမပျက်ဘူး ... တာဝန်ယူရဲတယ်၊ စိတ်ချပါ ... သိမ့်ကလည်း ဒေါ်လေးတူမပါပဲ ... အလုပ်တာဝန်ကိုသာ စိတ်ဖြောင့်ဖြောင့်လေး လုပ်စမ်းပါ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးငွေက စိမ်းတို့ရဲ့အဒေါ်ဝမ်းကွဲပါ။ တစ်ကိုယ်တည်း အပျိုကြီး။

မမသိမ့်က ထောက်ပံ့ပေးကမ်းခြင်း မရှိ။

အဒေါ်ကို ကျွန်တစ်ယောက်ကဲ့သို့ ဆက်ဆံနေသူဖြစ်သည်။

"စိမ်းလေးကြောင့်ပါ ... စိတ်ထားပြည့်လွှန်းတဲ့ သမီးစိမ်းလေး စိတ်ချမ်းသာစေဖို့ပါ ... ဒေါ်လေး အစစအရာရာ တာဝန်ယူပါတယ်"

မမသိမ့်ကို ဆရာဝန်ကြီးက လူ့လောကကြီးထဲမှာ နေခွင့်ခြောက်လပဲရှိတော့သည်တဲ့။

မမသိမ့်ကို စိမ်းချစ်သည်။

အကောင်းဆုံးတွေပဲ 'မမသိမ့်အတွက် လက်ဆောင်တွေ ပေးလိုက်ချင်ခဲ့မိ၏။

မိဘစည်းစိမ်ဥစ္စာတွေ ဖြုန်းသုံးနေတုန်းကလည်း စိမ်း ကျေနပ်ကြည်ဖြူခဲ့သည်။

"စိမ်း"

"ဟင်"

"မမသိမ့် အရမ်းကြေကွဲနေတယ် အချစ်အတွက်ပေါ့ ... စိမ်းလေး မသိပါဘူး ... မမသိမ့် နှလုံးသားထဲမှာ အချစ်ဆူးတစ်ချောင်း နှစ်ဝင်နေတယ်လေ ... မမသိမ့်စိတ်တွေ အရမ်းလေနေပြီ"





မမသိမ့် ဘယ်သူ့ကြောင့် ဘာကြောင့် အသည်းတွေဟက်တက်ကွဲပြီး နာကျင်ခံစားနေရမှန်းမသိ။

အချစ်အတွက်တဲ့။

"စိမ်းလေး ဘာမှမသိချင်ပါနဲ့ကွယ် ... သိမ့်အကြောင်းလည်း သိသားနဲ့ ... ငယ်ငယ်လေးထဲက မိမနိုင် ဖမနိုင် ကောင်မလေး၊ မောက်မာတယ် ... ဘယ်ယောက်ျားလေးက သိမ့်ဒဏ်ခံနိုင်မှာလဲ၊ စိမ့်လေး ပညာရေးပဲ အာရုံစိုက်ပါ ... ဆရာဝန်ဖြစ်အောင်လုပ်"

စိမ်း ကိုးတန်းရောက်တဲ့နှစ်မှာ မမသိမ့်အရက်တွေသောက်၊ စီးကရက်တွေသောက်၊ ကလပ်တွေတက်နှင့် စည်းစိမ်ဥစ္စာ တဖြည်းဖြည်းပြုတ်သွားသည်။

ဒေါ်လေး ငွေရှိနေပေလို့ပေါ့။

စိမ်း တက္ကသိုလ်ဝင်တန်း ဖြေမယ့်နှစ်မှာတော့ ပိုက်ဆံက မရှိ။

မမသိမ့်မှာ အကြွေးတွေဝိုင်းနေလို့ မိဘတွေထားခဲ့တဲ့ ခြံနဲ့ တိုက်ကို အကြွေးရှင် လက်ထဲထိုးအပ်လိုက်ရသည်။

"စိမ်း ... ကိုယ့်အထက်ကိုမကြည့်နဲ့ အောက်ကိုပဲကြည့်၊ ဆေးကျောင်းတွေ ဘာတွေမှန်းမနေနဲ့တော့၊ ငါမထားပေးနိုင်ဘူး၊ ညည်းက လူနာတွေပြုစုတာ ဝါသနာပါတော့ သူနာပြုဆရာမပဲ လုပ်တော့"

www.burmeseclassic.com

www.burmeseclassic.com



မမသိမ့်က ရက်စက်စိမ်းကားသော စကားတွေကို သွေးအေးအေးနှင့်ပြောခဲ့သည်။

ဒေါ်လေးငွေပင် မခံမရပ်နိုင်အောင် ဒေါသထွက်ခဲ့ရပေမယ့် စိမ်းကတော့ စိတ်မဆိုးမိ။

မမသိမ့်ကို ချစ်၏။

စိမ်း ကျေနပ်လက်ခံခဲ့သည်။

"စိမ်းလေးရယ် ... အစ်မအပေါ် ဒီလောက်အထိ သံယောဇဉ်ကြီးရလား ... သနားစရာကလေးမပဲ"

"မမသိမ့်ကို စိမ်းချစ်တယ် ... အရေးကြီးတာက စိမ်းဘေးမှာ မမသိမ့် ရှိပေးနေဖို့ပဲလေ"

"အတ္တကြီးတဲ့ သိမ့်သိမ့်မေ ... ယောက်ျားတွေကို စည်းစိမ်ဥစ္စာတွေနဲ့ဖိပြီး အပျော်ရှာတယ် ... ရှက်စရာကောင်းလိုက်တာအေ၊ ရပ်ကွက်ထဲမှာ သိမ့်သတင်းတွေက မကြားချင်မှအဆုံးပဲ၊ စိမ့်လေးကိုပဲ သနားတယ်"

စိမ်း သူနာပြုတက္ကသိုလ်တက်နေတုန်း မမသိမ့် အသည်းရောဂါ ဖြစ်ခဲ့သည်။

တရှောင်ရှောင်နှင့် စိမ်းဘွဲ့ရပြီး သူနာပြု ဆရာမလေးဖြစ်ချိန်တွင် မမသိမ့် ဝေဒနာက နောက်ဆုံးအဆင့်ပင် ရောက်ရှိနေပြီ ဖြစ်၏။



ဆေးရုံတင်ရသည်။

"စိမ်း ... မမသိမ့်အတွက် ငွေကုန်ကြေးကျမခံနဲ့တော့၊ ညီမလေးစိမ်းအပေါ် မမ ဘာတာဝန်မှမကျေခဲ့ဘူး ... ရက်စက်ခဲ့တယ်၊ မမသိမ့်ကို ပြစ်ထားလိုက်ပါ ... ညီမလေးဘဝရှေ့ရေးအတွက်ပဲ လုပ်ပါတော့နော်"

မမသိမ့် အမြင်မှန်တွေရပြီး စိမ်းအပေါ် ချစ်ခင်ကြင်နာပြလာတာကိုပင် စိမ်းဝမ်းသာကျေနပ်လို့မဆုံး ဖြစ်ရကာ မမသိမ့်အတွက် ဆေးကုသစရိတ်တွေကို အပင်ပန်းခံရှာဖွေခဲ့သည်။

မမသိမ့် လူ့လောကကြီးထဲကနေ ထွက်ခွာသွားမယ်ဆိုရင်တောင် သက်တောင့်သက်သာ ဖြစ်စေချင်ခဲ့၏။

အခုလည်း စိမ်းအတွက် ငွေကြေးများများရနိုင်မယ့် အလုပ်ကို လက်ခံလိုက်ခြင်းဖြစ်သည်။

"ဟေ့ ... မင်းဘာတွေ စဉ်းစားနေတာလဲ၊ ကျုပ်ကကျောက်ရုပ်များဖြစ်သွား[illegible]းလို့ ... "

"ရှင်"

"ဘာရှင်လဲ"

"ရှင် ... "

"ပြဿနာပဲကွာ ... မင်းကိုကြည့်ရတာ အားမရှိုက်တာ၊ အေးတိအေးစက်နဲ့ ဆရာကြီးက တာဝန်ယူလွှတ်လိုက်လို့သာ လက်

www.burmeseclassic.com

www.burmeseclassic.com



ခံရမှာ ... မင်းတကယ်ရော အလုပ်တာဝန် ကျွမ်းကျင်ပါ့မလား"

"ရှင် ... အဲ ... ဟို ... ဟိုလေ ... ကျွန်မ သူနာပြုတက္ကသိုလ် ကဘွဲ့ရထားပါတယ် ... ဆေးရုံတွေမှာလည်း တာဝန်ယူဖူးပါတယ်၊ လုပ်ငန်းကျွမ်းကျင်ပါတယ်ရှင် ... "

စိမ်းပြာပြာသလဲနှင့် ရှင်းပြလိုက်မိလေသည်။

လစာငွေ တစ်နှစ်စာ ကြိုထုတ်ပေးတဲ့အပြင် မမသိမ့်ဆီ တပတ်တစ်ကြိမ် သွားရောက်တွေ့ဆုံခွင့်ပြုထား၏။

တခြားခံစားခွင့်တွေလည်း ပေးထား၍ စိမ်းအလုပ်ကို ကြိုးစားထမ်းဆောင်ဖို့ ဆုံးဖြတ်ထားသည်။

"စိမ်းလန်းမေ"

"ရှင် ... "

"မင်းကို လက်ခံလိုက်မယ် ... ဆရာကြီးက တာဝန်ယူ ထောက်ခံထားလို့ပါ ... ကျုပ်နာမည်ကို မှတ်ထားပါ နေမင်းထိန်"

ဟွန်း ... နာမည်နဲ့လူနဲ့ လိုက်ဖက်[illegible]ပါတယ်။

နေမင်းကြီးက ထိန်နေမှတော့ လူသားတွေ ပြာကျသေဆုံးဖို့ပဲ ရှိတော့တယ်။

ဒါက စိမ်းကိစ္စမဟုတ်ပါဘူးလေ။

ဆရာကြီးက မှာလိုက်သည်။

သူတို့တွေက နည်းနည်းတော့ ဇီဇာကြောင်ကြတယ်။



မာနတွေလည်း ကြီးကြတယ်တဲ့။

စိမ်းလန်းမေ သည်းခံနေနိုင်ပါ့မလားတဲ့။

ငွေ လက်ခံပြီးရင်တော့ တစ်နှစ်ပြည့်အောင်နေရမယ်နော် တဲ့။

စိမ်း လက်ခံလိုက်ပြီးပြီပဲ။

ရှင့်ဟာရှင် နေမင်းထိန်မကလို့ မွန်းတည့်နေပဲဖြစ်ဖြစ် စိမ်း တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ ဆုံးဖြတ်ထားမိသည်။

"စိမ်းလန်းမေ ... မင်းပြုစုပေးရမယ့်သူ ဘယ်သူလဲဆိုတာ သိလား ... "

"ဟင့်အင်း ... ကျွန်မ အလုပ်ကိုပဲ စိတ်ဝင်စားနေမိလို့ပါ၊ ကျွန်မက သူနာပြုဆရာမပါ ... လူနာက ဘယ်သူပဲဖြစ်ဖြစ် ပြဿနာ မရှိပါဘူးရှင်"

"အိုကေ ... ကြိုက်သွားပြီ ... မင်းပြုစုရမယ့်လူနာဆီကိုပို့ ပေးမယ် ... မင်းအဝတ်အစားအိတ်ရော ... "

"ဒီမှာပါ ... "

စိမ်းမှာ အဝတ်အစားလည်း အများကြီးမရှိဘူး။

အသုံးအဆောင်လည်း ထွေထွေထူးထူးမှမရှိတာ။

အိတ်လေးတစ်လုံးပဲ ရှိသည်။

"မညို ... "



www.burmeseclassic.com

www.burmeseclassic.com

"ရှင် အစ်ကိုကြီး ... လာပါပြီ"

"ဆရာမစိမ်းလန်းမေရဲ့အိတ်ကို မာမီအခန်းထဲ ပို့ပေးပါ"

"ဟုတ်ကဲ့ပါ"

အလုပ်သမားတွေကလည်း သူ့ကို တော်တော်လေးရိုသေကျိုးနွံကြသည်။

ချမ်းသာကြတာပဲ။

စိမ်းလည်း ချမ်းသာတဲ့ အသိုင်းအဝိုင်း မိဘတွေကနေမွေးဖွားလာပေမယ့် စိမ်းတို့အရွယ်မရောက်ခင် မိဘတွေ ကွယ်လွန်သွားကြ၏။

မမသိမ့် ထင်တိုင်းကြီးနေ၍ စည်းစိမ်ဥစ္စာတွေ ကုန်သွားခဲ့သည်။

စိမ်း တွေးမနေတော့ပါဘူးလေ။

ပြီးသွားခဲ့ပြီပဲ။

ကိုနေမင်းထိန် ခေါ်ဆောင်ရာသို့ စိမ်းလိုက်လာခဲ့ရသည်။

"တိုက်ကြီးကလည်း သုံးထပ်တောင် အကြီးကြီး ... အရမ်းချမ်းသာကြတော့လဲ မာနတွေ တံခွန်လွှင့်နေကြမှာပဲပေါ့လေ ... မမသိမ့်လိုပေါ့"

စိမ်း တွေးနေမိသည်။

လမ်းတစ်လျှောက်လုံးမှာလည်း နင်းရက်စရာမရှိအောင်





မွေးပွကော်ဇောကြီးတွေ ခင်းထားသည်။

စိမ်းတော့ နန်းတော်ကြီးတစ်ခုထဲ ရောက်နေရသလားဟု ထင်မိနေ၏။

သူမကို အပေါ်ဆုံးထပ်အထိ ခေါ်ဆောင်သွားလေသည်။

"မာမီ့အခန်းထဲမှာ မင်းကိုတွေ့ဖို့ မိသားစုဝင်တွေ စောင့်နေကြတယ် စိမ်းလန်းမေ ... "

"ဟုတ်ကဲ့"

"မင်းကို ကြိုပြောထားမယ်၊ ဒီမိသားစုဝင်တွေရဲ့ကိစ္စတွေကို မင်းစိတ်မဝင်စားပါနဲ့ ... စပ်စုဖို့လည်း မစဉ်းစားနဲ့၊ မာမီ့အခန်းထဲကလွဲပြီး အကြောင်းမရှိဘဲ အပြင်ကို ထွက်ခွင့်မရှိဘူး"

"ဟို ... တစ်ပတ်တစ်ရက် အပြင်ထွက်ခွင့်တော့ ပြုထားတယ်နော်"

"ကျုပ်ပြောတဲ့အထဲမှာ အကြောင်းမရှိဘဲဆိုတဲ့ စကားပါတယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ"

"ကျုပ်ကတော့ အကြီးဆုံးသားပဲ၊ အိမ်ထောင် မရှိဘူး၊ ကျုပ်လူပျိုကြီးဖြစ်ကြောင်း ကြော်ငြာနေတာ မဟုတ်ဘူးနော် ... စိမ်းလန်းမေသိအောင် ပြောပြထားတာ ... ကျုပ်ညီ အလတ်ကောင်ကရီးအေးတယ်၊ အိမ်ထောင်ရှိတယ် ... ကျုပ်ညီအငယ်ဆုံးက လူပျိုပဲ



www.burmeseclassic.com

www.burmeseclassic.com

ဒီကောင်က လူပွေ ရှုပ်တယ် ... မင်း အရောတဝင်မနေပါနဲ့"

"ကျွန်မနဲ့မဆိုင်တဲ့ကိစ္စတွေကို လုံးဝစိတ်မဝင်စားပါဘူး ကိုနေမင်းထိန် ... စိတ်ချပါ ... ကျွန်မ အလုပ်ကိစ္စပဲ တာဝန်ကျေပွန်အောင် ထမ်းဆောင်မှာပါ"

သူမ စိတ်ပေါက်ပေါက်ရှိသည်နှင့် ပြတ်ပြတ်သားသား မာမာတင်းတင်းလေး ပြောပြစ်လိုက်၏။

သူတို့အိမ်တွင်းရေးတွေ စိမ်း မကြားလိုပေ။

သူ့ဧည့်သည်တွေကိုလည်း စိမ်းက အရောတဝင်လုပ်နေမှာ မဟုတ်။

စိမ်းကိုလည်း လာထိလို့ရမယ် မထင်နဲ့။

"ကျုပ်ပြောသင့်တာကို ပြောပြထားတာပဲ စိမ်းလန်းမေ၊ ကျုပ်က လူတွေကို မယုံကြည်ဘူး ... သံသယစိတ်နဲ့ အမြဲတမ်းကြည့်ပြီး စီစစ်ဝေဖန်တတ်တယ် ... တစ်ယောက်အကြောင်းတစ်ယောက်မသိဘဲ မင်းကိုလက်ခံထားရတာလေ"

"ကျွန်မတို့အလုပ်က လူနာကိုပြုစုပေးဖို့ပါပဲ ... ဒီလိုပဲ လူနာတွေရှိတဲ့နေရာ လိုက်ကြရပါတယ်"

စိမ်းကတော့ သူမတာဝန်ကျေပွန်စေဖို့ပဲ အဓိကထားပြီး တခြားလူမှုရေးကိစ္စတွေ ရောထွေးမနေစေရန် ကင်းကင်းရှင်းရှင်း နေထိုင်မည်ဖြစ်သည်။





"ရှင်တို့လို လူတွေကို အထင်သေးပြီး မယုံမကြည်နဲ့ အဖွဲ့သမားတွေကိုလည်း စိမ်းက အထင်ကြီးမှာယ်ထင်မထားနဲ့နော်"

သူ့သဘောထားကို စိမ်း သိသည်။ သူ့ဧည့်သားတွေကို ဝင်ရောပြီး အပိုင်ချိုင်မည့် မိန်းကလေးအဖြစ် သံသယဝင်နေတာမဟုတ်လား။ ဝေးသေးတယ် ... စိမ်းက ဘဝတစ်ခုကို စိမ်းအစွမ်းအစနဲ့ စိမ်းပဲအောင်မြင်စေရန် တည်ဆောက်လိုသည်။ စိမ်းမာနကို ပြရမယ်။ သူနာပြုဆရာမပဲ လူနာအခန်းထဲမှာ နေရတာဆန်းလို့လား။ စိမ်းမျက်နှာထား တည်တည်တင်းတင်းထားလိုက်သည်။

★

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂ )

ကြီးကျယ်ခမ်းနားမှုတွေနှင့် ပြည့်နှက်နေသော အိပ်ခန်းကြီး ထဲမှာ စိန်ရွှေလက်ဝတ်ရတနာ အရောင်တွေ ဖိတ်ဖိတ်လင်း လက်တောက်ပနေ၏။ မိသားစုဝင်တွေ ရှိနေကြသည်။ အိပ်ရာ ထက်မှာတော့ ခန့်ညားချောမောသော အသက်ခြောက်ဆယ်အရွယ် အမျိုးသမီးကြီးတစ်ယောက် ထိုင်နေ၏။

စိမ်း ပြုစုရမည့် လူနာထင်သည်။

"သူက မာမီ့ကိုပြုစုဖို့ အန်ကယ်ကျော်စွာ လွှတ်လိုက်တာ ပါ ... သူနာပြုဆရာမ စိမ်းလန်းမေတဲ့"

"မင်းလား ... ထိုင် ... "

အမိန့်ပေးသံ ... ဩဇာအာဏာ ပြည့်ဝတဲ့ သူဌေးမကြီးတစ် ယောက်။ စိမ်းကို စူးစူးစိုက်စိုက် ကြည့်သည်။ မိသားစုဝင်တွေအား လုံး သုံးယောက်ပါ။ ကိုနေမင်းထိန်နှင့်ဆို လေးယောက်။ သူမ





ထွက်ပြေးချင်လောက်အောင် စိတ်ညစ်ညူးမှုတွေ ခံစားလိုက်ရ၏။ စိမ်းကို မတူသလို မတန်သလို သံသယမျက်ဝန်းတွေဟု ထင်မိ သည်။

"မင်းနာမည်က စိမ်းလန်းမေနော် ... ကိုကျော်စွာက ကြို တင်ဖုန်းဆက်ထားပါတယ် ... မင်းက သူနာပြုဆရာမလေးလား"

"ရှင်"

"မထင်ရဘူး ... မင်းရဲ့ဘွဲ့လက်မှတ်ကို ပြပါဦး"

"မလိုအပ်ဘူးထင်လို့ မယူလာခဲ့ပါဘူး အန်တီ ... "

"ကျုပ်ကို မာမီကြီးလို့ပဲ ခေါ်ပါ"

ဒီသူနာပြုဆရာမလေးက ငယ်ရွယ်နုပျိုချောမောနုထွတ် လွန်းသည်ဟု ထင်မိသည်။ သူနာပြုနှင့်မတူဘဲ မင်းသမီးနှင့်တူနေ ၏။ မိမိ မနှစ်သက်မိ။ ကိုကျော်စွာကတော့ အလွန်ရိုးသားဖြူစင် သူလေးပါတဲ့။

"ဆရာကြီး ဦးကျော်စွာရဲ့လက်အောက်မှာ နှစ်နှစ်လောက် ကျွန်မတာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ် မာမီကြီး ... "

"အင်း ... အစ်ကိုကျော်စွာကတော့ မင်းကိုထောက်ခံထား ပါတယ် ... ဒါပေမဲ့ ကျုပ်ကတော့ ညည်းကို မယုံကြည်ဘူး ... မင်း တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နိုင်ပါ့မလားလို့"

"ကျွန်မ အလုပ်တာဝန်ကို နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်



www.burmeseclassic.com

www.burmeseclassic.com



ကျင် ထမ်းဆောင်နိုင်ပါတယ်ရှင်"

"ကျုပ် နာမည်က ဒေါ်ထားသခင်ကြီး … ဒါက ကျုပ်သားကြီး နေမင်းထိန် … သူက သားလတ်လမင်းသာ၊ သူက သားငယ် မိုးမင်းဒေဝါ … "

အမလေး … နာမည်တွေကလည်း စိမ်းနေထိုင်ဖို့ပင် တွန့်သွားသည်။ သားလတ် လမင်းသာရဲ့ မျက်ဝန်းအကြည့်တွေပဲ အေးချမ်းဖြူစင်လျှက်။ ကြင်ကြင်နာနာရှိမည့်လူ … သားငယ် မိုးမင်းဒေဝါကတော့ သူ့အစ်ကိုကြီးပြောသလိုပဲ ပြုံးစစနှင့် ညို့ယူဖမ်းစားသော ပြိတီတီအကြည့်တွေဟု ထင်သည်။

"သူကတော့ ကျုပ်သားလတ် လမင်းသာရဲ့ဇနီး သီရိသော်တဲ့ … ကျုပ်မိသားစုပဲ"

သူမ စိတ်မဝင်စားပါဘူး။ အသိအမှတ်ပြုနေစရာလည်း မလိုအပ်ဟုထင်ထားသည်။ စိမ်း အလုပ်ပဲစိတ်ဝင်စားတယ် ငွေလိုအပ်နေလို့ပါ မမသိမ့်အတွက်။

"မင်းကတော့ ကျုပ်အခန်းထဲမှာပဲနေရမယ် စိမ်းလန်းမေ၊ အကြောင်းမရှိဘဲ အပြင်ထွက်ခွင့် မရှိဘူး"

"ဟုတ်ကဲ့"

လူတွေက ယဉ်ကျေးမှုမရှိကြဘူးဟု စိမ်း ထင်မိသည်။ စကားပြောရင်လည်း ခပ်ရင့်ရင့်ပဲ ကျုပ်တဲ့။ ဘဝင်မြင့်လွန်းနေကြ





၏။ စိမ်း အပြင်လည်း မထွက်ချင်ပါဘူး။ အမြဲတမ်းတာဝန်ကျေအောင် ထမ်းဆောင်ကတတ်၍ ဆေးရုံမှာ စိမ်း နာမည်ရသည်။

"မင်းတို့အားလုံး သွားကြတော့"

"ဟုတ်ကဲ့"

"သားကြီးနေမင်း … ကုမ္ပဏီကိစ္စတွေ မာမီလက်မှတ်ထိုးဖို့ လိုအပ်တာရှိလား"

"မရှိပါဘူး မာမီ"

"ဂရုတစိုက်လုပ်ပါ … မာမီကို ဒုက္ခသည်ဆိုပြီး မင်းတို့လုပ်ချင်တာလုပ်လို့တော့ မရဘူးနော်"

"စိတ်ချပါ မာမီ … အချိန်မရွေး စစ်ဆေးလို့ရအောင် နေလုပ်ထားပါတယ်"

"ကောင်းပြီလေ … လရော မင်းလုပ်ငန်းတွေ ဦးစီးဦးဆောင်လုပ်နိုင်ရဲ့လား … သားလတ်က မိန်းမလှမ်းမိုးမှု ခံနေရတာထင်တယ်၊ သီရိလည်း ညည်းအနေအထိုင် ဆင်ခြင်ပါ … ကျုပ်ကိုဒုက္ခိတဆိုပြီး လျော့မတွက်ထားနဲ့ … "

ဒုက္ခိတဘဝ ရောက်နေတာတောင် အမိန့်သြဇာ ပြချင်တဲ့ ယောက္ခမကြီးကို သီရိသော် အမြင်ကတ်လာသည်။ သီရိကို ချွေးမဆိုပြီး နလံမထူနိုင်အောင် နှိမ်ထားချင်တဲ့အဖွားကြီး ခုထိသားတွေကို အုပ်ချုပ်တုန်းပါ။ သီရိ နှုတ်ခမ်းလေး မသိမသာတွန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမ ချောချောလေးငှားပြီး သူ့သားတွေနဲ့ မတူဘူး မတန်ဘူးလုပ်ဦးမယ်။ သီရိကတော့ အဖွားကြီးရှေ့မှာ ခေါင်းညိတ်ပြပြီး ကွယ်ရာမှာ သူမ လုပ်ချင်တာတွေပဲ လုပ်ပြစ်သည်။

"ဒေဝါ"

"ပြောပါ မာမီ"

"မင်းလက်ထပ်တော့ ... မာမီ ရွေးချယ်ပေးတဲ့မိန်းမကိုပဲ လက်ထပ်ရမယ် ... အောက်တန်းစား အဆင့်မရှိတဲ့မိန်းမတွေရဲ့ မာယာထောင်ချောက်ထဲ မင်းမိတော့မယ် မာမီသိနေတယ်"

"ဟာ ... မာမီကလဲ ဒေဝါ့မှာ ခုထိချစ်ရမယ့်သူ လုံးဝမတွေ့သေးပါဘူး ... တွေ့ရင် မာမီအရင်ဆုံးသိစေရပါ့မယ်"

"မာမီ ပြောထားပြီးပြီနော် ... မာမီ့ချွေးမက ထိပ်ခေါင်တင်ပဲဖြစ်စေရမယ် ... သီရိသော်ကို ချွေးမမျိုးကိုတောင် အသိအမှတ်ပြုချင်တာ မဟုတ်ဘူးနော်"

ဘုရားရေ ... ခုထိသားတွေအပေါ် ဩဇာလွှမ်းမိုးထားနေသည်။ ချွေးမသီရိသော် ရှေ့ထားပြီး အားမနာပါးမနာ မညှာမတာ ပြောဆိုနေသေး၏။ စိမ်းတောင် မျက်နှာပူတယ်။ မသီရိသော်က နှုတ်ခမ်းတွေ မဲ့ရွဲ့ပြသည်။

"မာမီကို ဒုက္ခိတမကြီးဆိုပြီး လျှော့တွက်မထားကြနဲ့နော်၊ မာမီ စကားနားမထောင်ရင်တော့ မင်းတို့ မင်းတို့လျှောက်ကြတော့





မာမီ့ပိုင်ဆိုင်မှု တပြားတချပ်တောင် ရမယ်မထင်ကြနဲ့"

ဒေါ်ထားသခင်က စည်းစိမ်ဥစ္စာတွေ ပိုင်ဆိုင်မှုတွေအားလုံး မိမိနာမည်နှင့်ပဲထားသည်။ ဒုက္ခိတဘဝရောက်လည်း မာန်ချမယ် ထင်မထားနဲ့။ သားကြီးကတော့ မာနကြီးသူဖြစ်လို့ တော်ရုံတန်ရုံ မိန်းမတစ်ယောက် မြူဆွယ်ဖြားယောင်းလို့ မရနိုင်။ သားလတ်က တော့ ရိုးရိုးအေးအေးကုတ်ကုတ်နှင့် မိန်းမတစ်ယောက်ရဲ့ ပိုက်ကွန်ထဲ တိုးဝင်ငြိတွယ်ရကာ လက်ထပ်ခဲ့ရ၏။ ဒါပေမဲ့ ... သီရိသော် လည်း ချမ်းသာတဲ့မိသားစုဝင်ပေမယ့် အကျင့်စာရိတ္တကို မကြိုက် ပေ။ အပျော်အပါး မက်မောလွန်းသူ ဖြစ်၍ အထင်မကြီးမိ။ သား လတ်က အင်ဂျင်နီယာပေါက်စ။ မိန်းမကို အလိုလိုက်ထားသည်။

"အားလုံး သွားကြတော့ မာမီအနားယူမယ် ... မာမီ့အမိန့်ကို မနာခံတဲ့သူကတော့ မာမီ့အမွေကို ဆက်ခံခွင့်မရှိဘူး ... အမွေ ဖြတ်ခံရမယ်"

မိသားစုဝင်တွေအားလုံး ထွက်သွားကြသည်။ စိမ်း ရင်ထဲမှာ မဆီမဆိုင် ခံစားလိုက်ရတာက ကိုလမင်းသာကိုပင်။ အေးစက် သော မျက်ဝန်းတွေထဲမှာ သောကရိပ်တွေ လွှမ်းခြုံထားသည်ဟု ထင်သည်။ သားသုံးယောက်ထဲမှာ အခန့်ညားဆုံးပဲ။ အရပ် အမောင်းမြင့်မြင့် အသားအရည်ကအစ စိုလတ်ဖြူနုနေ၏။ ဒေါ်ထားသခင်ရဲ့သားတွေ သုံးယောက်လုံး ချောမောခန့်ညားသူ



www.burmeseclassic.com

www.burmeseclassic.com



တွေပါပဲ။ စိမ်း ပတ်ဝန်းကျင်ကို စိတ်မဝင်စားတတ်တဲ့သူတောင် ကိုလမင်းသာကို သနားကြင်နာမိနေသလိုလိုပင်။

"စိမ်းလန်းမေ"

"ရှင်"

"ညည်း ဘာတွေစဉ်းစားနေတာလဲ"

"ဟို ... ဟို ... ကျွန်မရဲ့အစ်မအကြောင်းပါ ... သူ နေမကောင်းဘူး အသည်းကင်ဆာပါ"

"ဟုတ်လား"

"ဟုတ်ပါတယ် မာမီကြီး ... ကျွန်မအစ်မနာမည်က သိမ့်သိမ့်မေပါ။ အခုရန်ကုန်ဆေးရုံကြီးမှာ တက်နေရပါတယ်၊ ကျွန်မရဲ့တစ်ဦးတည်းသော အစ်မပါ"

"ညည်းမိဘတွေကရော"

"ဆုံးပါးသွားကြပါပြီ"

"နာမည်တွေက ... "

"ဦးသော်တာမောင်နဲ့ ဒေါ်မေမေသူပါ"

"ဘာ"

စိမ်းလန်းမေရဲ့မိဘတွေ နာမည် ကြားလိုက်ရတော့ ဒေါ်ထားသခင် အထိတ်တလန့် ဖြစ်သွားရလေသည်။ စိမ်းလန်းမေက မေသူရဲ့ သမီးလား ... ကိုသော်ရဲ့ သမီး။





"စိမ်းမိဘတွေကို မာမီကြီးက သိလို့လားဟင်"

"မသိပါဘူးအေ ... နာမည်တူသွားလို့ပါ၊ ကိုသော်တာမောင်ဆိုတာလေ ... မန္တလေးကလား"

"မဟုတ်ပါဘူး ... မြစ်ကြီးနားကပါ၊ စိမ်းတို့ကို မြစ်ကြီးနားမြို့မှာ မွေးခဲ့တာပါ"

"ဟုတ်လား ... မာမီကြီးသူငယ်ချင်း သော်တာမောင်က မန္တလေးသားပါ နာမည်တူတာ ... "

မောင် ... တကယ်ပဲ ထားသခင်တို့က ရေစက်မကုန်သေးတာလားပဲ။ ငယ်စဉ်ကအကြောင်းတွေကို ထားသခင် ပြန်ပြောင်းသတိရမိလာသည်။ ကိုသော်တာမောင်ခေါ် မောင်နဲ့ထားသခင်တို့က ငယ်ချစ်တွေ။ မေသူက အထက်တန်းအောင်ပြီး တက္ကသိုလ်ရောက်မှ ခင်မင်ကြတာ။ ညည်းလေးက မေသူ့သမီးကိုး ... ထားသခင်ရော မောင်ရောက မြစ်ကြီးနားမှာ မွေးဖွားကြီးပြင်းလာသူတွေပါ။ မေသူက ရန်ကုန်သူ။ ဒါပေမဲ့ ... စိမ်းလန်းမေကို အသိမပေးလိုက် နာမည်တူတာဟုပဲ ပြောလိုက်သည်။

"အင်းလေ ... လူတွေမှာ အပူတစ်ခုခုကတော့ ရှိနေမြဲပါပဲလေ ... ညည်းက ငွေလိုနေတာကိုး၊ အလုပ်တာဝန် ကျေပွန်ပြီးကိုယ်ကျင့်တရားကောင်းမွန်ရင် ကျုပ်က အပိုငွေထပ်ဆောင်းပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မာမီကြီးရယ် ... စိတ်ချပါနော်၊ စိမ်း အလုပ်ကြိုးစားပါ့မယ် ... တာဝန်မလစ်ဟင်းစေရပါဘူး"

စိမ်းလန်းမေက မောင်နဲ့ဆင်သလိုလို မေသူနဲ့ဆင်သလိုလို ပဲ။ ညည်းလေး ကံဆိုးတာပဲ စိမ်းလန်းမေ။ ကံကြမ္မာက မေသူ့ကို လက်စားချေဖို့ သူ့သမီးလေး အပျိုနုနုထွတ်ထွတ်လေးက ထားသခင်ဆီ ရောက်လာတာပဲလေ။

"မေသူ ... ညည်းက ကျုပ်ချစ်သူကို အရယူသွားတယ်၊ အောက်တန်းစားမ ... ဆင်းဆင်းရဲရဲဘဝကနေ သူဌေးသားကို အရယူပြစ်လို့ သူဌေးဖြစ်သွားရတာပဲ၊ အချောင်နိုက်တဲ့ကောင်မ ... ညည်းကို ထားသခင် ဘယ်တော့မှ အခဲမကြေခဲ့ဘူး"

မောင်ရော ထားသခင်ရော ချမ်းသာကြတဲ့မိဘတွေကနေ မွေးဖွားကြီးပြင်းလာသူတွေ ဖြစ်ကြသည်။ ငယ်ပေါင်းတွေ အထက်တန်းအောင်ပြီး တက္ကသိုလ်လာတက်ကြတဲ့အချိန်တွင် ချစ်သူတွေ ဖြစ်ခဲ့ကြ၏။ မောင်က စက်မှုတက္ကသိုလ်ကျောင်းသားပါ။ ထားသခင်က ဝိဇ္ဇာ+သိပ္ပံ တက္ကသိုလ်ကျောင်းသူ။

"မောင့်ကို ထားစိတ်မချဘူး၊ မောင်က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် မဟုတ်လား ... ထားသခင်တို့ လက်ထပ်ကြမယ်၊ ဒါပဲ"

လူကြီးမိဘတွေကလည်း သဘောတူလက်ခံကြ၍ ထားသခင် ဆန္ဒအတိုင်းပဲ စီစဉ်နေကြစဉ် မောင်က သစ္စာမဲ့ကာ အင်ဂျင်





နီယာကျောင်းသူတစ်ယောက်ဖြစ်တဲ့ မေသူနှင့် နောက်ဆုံးနှစ် ကျောင်းမပြီးခင် လက်ထပ်လိုက်သည်။

"မောင့်ကို နားလည်ခွင့်လွှတ်ပေးပါထားရယ်၊ တကယ့်ကို မလွှဲသာ မရှောင်သာလို့ပါ ... မေသူ့ကို မောင်အရက်တွေမူးပြီး ဟိုတယ်ခေါ်သွားမိပြီး ညအိပ်ခဲ့မိတယ်လေ၊ မောင်တို့ ငြိစွန်းသွားကြတယ်၊ မေသူ့ကို လက်မထပ်ရင် မောင်ထောင်ထဲဝင်ရမှာပါ"

ထားသခင် စွဲမှတ်ထားလိုက်မိတာက မေသူရဲ့ထောင်ချောက်ထဲ မောင်တိုးဝင်မိသွားရတာဟုပင်။ မောင့်ကို ထားယုံကြည်သည်။ ထားသခင်ကလွဲပြီး ဘယ်မိန်းမကိုမှ စိတ်ဝင်စားခဲ့သူမှ မဟုတ်တာ။

"ထားဘက်ကတော့ မောင်နဲ့မေသူ့ကို ဘယ်တော့မှခွင့်လွှတ်မှာမဟုတ်ဘူး ... ထားသခင်ရဲ့စိတ်ဓာတ်တွေဘယ်လောက်အထိ မာကျောတယ်ဆိုတာ မောင်သိပါတယ်လေ၊ တစ်နေ့နေ့တော့ ထားသခင်အလှည့် ရောက်လာစေရမယ်"

"မောင် တောင်းပန်ပါတယ် ထားရယ် ... ခွင့်လွှတ်ပေးပါ၊ မေသူ ထောင်ချောက်ဆင်တာ မဟုတ်ပါဘူး၊ မောင်အပျော်လွန်တာပါ၊ သူငယ်ချင်းတွေ စနောက်ကြတာ"

"တော်ပါပြီ ကိုသော်တာမောင် ... ရှင် ဘာမှဆက်မပြောပါနဲ့တော့၊ မြစ်ကြီးနားမှာ ထားသခင်မိဘတွေရော ထားသခင်ရော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဆက်နေထိုင်ကြမလဲ ... သစ္စာမရှိတဲ့ယောက်ျားတစ်ယောက်ကိုလည်း ထားသခင်တို့က မက်မောတမ်းတလွမ်းဆွတ်မနေပါဘူး၊ ရှင့်ကိုမုန်းတယ် ... သစ္စာမဲ့တဲ့ယောက်ျားကိုလည်း အထင်မကြီးဘူး၊ အရမ်းအောက်တန်းကျတဲ့လူတွေ"

ထားသခင်တို့မိသားစု ထိုကိစ္စနှင့်ပတ်သက်ပြီး အရှက်တကွဲဖြစ်ရကာ နိုင်ငံခြားကို ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ နိုင်ငံခြားမှာပဲ ထားသခင် အိမ်ထောင်ကျ၍ သားသုံးယောက်မွေးဖွားခဲ့၏။ မိဘတွေရော ခင်ပွန်းရော ဆုံးသွားမှ ထားသခင် မြန်မာပြည်ပြန်လာကာ ရန်ကုန်မြို့မှာ စီးပွားရေးလုပ်ငန်းတွေ ဦးစီးလုပ်ကိုင်နေထိုင်ခဲ့သည်။

"စိမ်းလန်းမေ"

"ရှင် ... "

"ဟိုမှာ ညညအိပ်ရမယ့်ခုတင်ပဲ ... ကျုပ်အခန်းက အကျယ်ကြီးပဲ ပတ်ဝန်းကျင်ကိုလည်း အပေါ်စီးကနေ ကြည့်လို့ရတယ် ... အစားအသောက်တွေကတော့ အိမ်ဖော်တွေလာပို့လိုက်မယ်၊ ဟိုရေခဲသေတ္တာထဲမှာ အသီးအနှံတွေ အပြည့်ရှိတယ် ... ကျုပ် စားပြီးလို့ပိုတာတွေ ညည်းစားနိုင်တယ်၊ ကျုပ်က ကိုယ်ကျင့်တရားကို အဓိကထားတယ် စိမ်းလန်းမေ ... "

"ကျွန်မကို စိတ်ချပါ ... ဆင်းရဲပေမယ့် မာနတော့ချမ်းသာ





ပါတယ် မာမီကြီး ... ကျွန်မရဲ့ ဂုဏ်သိက္ခာကို ဘယ်လိုအရာမျိုးနဲ့မှ မလဲပါဘူး"

"ကောင်းတာပေါ့အေ ... စောင့်တော့ကြည့်ရမှာပဲ"

ညည်းအမေက ကိုယ်ကျင့်တရားမကောင်းတဲ့ မိန်းမပဲ စိမ်းလန်းမေ။ လက်ထပ်မယ့်ချစ်သူရှိနေတာ သိသိကြီးနဲ့ မောင့်ကိုမြူဆွယ်လုယူသွားတာလေ။ အရက်မူးနေတဲ့ ယောက်ျားတစ်ယောက်ခေါ်တဲ့ဟိုတယ်အခန်းထဲကို လိုက်သွားစရာလားအေ။

စိတ်ဓာတ်တွေ ဘယ်လောက်အောက်တန်းကျလဲ။

စိမ်းလန်းမေကတော့ မာနတွေရှိပုံပင်။ အရမ်းချောမောလှပနေတာကတော့ မအေရော ဖရောရဲ့ အလှတွေပေါင်းစပ်ထားတာကိုး။

ဒေါ်ထားသခင် အပြုံးမဲ့မဲ့တွေက နှုတ်ခမ်းထောင့်မှာ။ စိမ်းလန်းမေ နောက်ကျောခိုင်းသွားတာကိုကြည့်လျက် တွန့်မဲ့ပြုံးပြစ်လိုက်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

"မောင်"

"ဟင်"

"ရှင့်မာမီက စကားပြောနေတာ အရမ်းရင့်တယ်နော် ... သူနာပြုဆရာမရှေ့မှာ ကိုယ့်ချွေးမကို နှိမ်ချပြောစရာလား"

"သော်ရယ် ... မာမီက ဒီအတိုင်းပြောနေကျပဲဟာ၊ စိတ်ထဲမထားပါနဲ့ ... သော် လုပ်ချင်တာလုပ်နေတာပဲမဟုတ်လား၊ အချိန်တိုင်း မာမီက စောင့်ကြည့်နေနိုင်တာမှ မဟုတ်တာ"

"သော်က ချမ်းသာပြီး အသိုင်းအဝိုင်းတောင့်တဲ့ ပညာတတ်မိဘတွေက မွေးဖွားလာတာပါနော် ... မောင့်မာမီက တမင်သက်သက် အနိုင်ယူပြီး နှိမ်ချဆက်ဆံနေတာ ကောင်းလား ... "

"မကောင်းဘူးဆိုတာတော့ မောင်သိပါတယ်သော် ... ဘယ်လိုလုပ်ရမလဲ ဒီအတိုင်းပဲနေရမှာပဲလေ ... "





"ဒီအဖွားကြီးက အတ္တကိုကြီးပါတယ်၊ အခြောက်တိုက်ဘဝင်မြင့်နေတာ ... သူ့ကိုယ်သူ မင်းမျိုးမင်းနွယ်လိုလို၊ ဟွန်း ... ဘာမှလည်းမဟုတ်ဘူး"

သော် ဘာပဲပြောပြော လမင်းသာကတော့ တုန့်ပြန်ပြောဆိုမနေတော့။ မာမီ့စကားတွေ စည်းကမ်းတွေ အမိန့်တွေကို သူတို့ညီအစ်ကိုတွေ အတိအကျလိုက်နာကြရသည်။ ငယ်ငယ်ရွယ်ရွယ်နှင့်မုဆိုးမဘဝ ခံယူလိုက်ရပေမယ့် အိမ်ထောင်လုံးဝမပြုဘဲ သူတို့ညီအစ်ကိုတွေအား ပြည့်ပြည့်စုံစုံ လိုလေသေးမရှိ နေနိုင်အောင် မာမီစွမ်းဆောင်နိုင်ခဲ့၏။ မာနကြီးသူပါ။ မကြာသေးခင်ကမှ လေဖြတ်သွားရပြီး အိပ်ရာပေါ်မှ မထနိုင်တော့။ ဝှီးချဲလ်နှင့်တော့ မာမီသွားလာလှုပ်ရှားနိုင်သည်။ မကြာခဏ လုပ်ငန်းတွေကို လိုက်လံစစ်ဆေးကြီးကြပ်နေခဲ့၏။ ချွေးမကို နဲနဲလေးမှ မျက်နှာသာမပေး။ သူက ရိုးအေးလို့ မိန်းမအနှိမ်ခံဘဝရောက်မှာ မာမီစိုးရိမ်နေသည်။

"မောင်"

"ဟင်"

"ရှင်က ရေခဲတုံးလား ဒါမှမဟုတ် ရေခဲပြင်ကြီးလား"

"သော်ရာ ... ဒီမှာ မောင်အလုပ်တွေရှုပ်နေတယ်၊ ရုံးကိစ္စတွေရှိနေတယ်လေ ... ကဲ ... မင်းဘာပြောချင်သလဲပြော ..."

"သော် ... ဈေးဝယ်ထွက်မလို့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ထွက်လေ ..."

"ပိုက်ဆံလိုတယ်"

"မနေ့ကပဲ မင်းဘဏ်စာရင်းထဲ မောင်ငွေထည့်ပေးခဲ့သေးတယ်လေ ..."

"ကုန်ပြီ"

"ဟင်"

"မောင့်ပိုက်ဆံက ဘယ်လောက်လဲ ... သိန်းငါးဆယ်ထဲပါ သော် သုံးလို့တောင် မလောက်ဘူး ..."

"သော့်မိဘတွေကလည်း ပေးနေသေးတယ်မဟုတ်လား"

"မဆိုင်ဘူး ... သူဌေးချွေးမတစ်ယောက်ဖြစ်ပြီး ဘာမဟုတ်တဲ့ပိုက်ဆံလေးပဲ သုံးနေရတယ် ... တကယ်ဆိုရင်လေ သော့်ဘဏ်စာရင်းထဲမှာ ငွေတွေသိန်းထောင်ချီပြီး ရှိနေရမယ်သိလား ... မောင်ကိုယ်တိုင်အင်ဂျင်နီယာတစ်ယောက် ... လခလေးနဲ့ပဲ ပြီးနေပြီလား"

"သော် ... ကျေးဇူးပြုပြီးရှိတာလေးနဲ့ပဲ သုံးစွဲနေထိုင်ပါကွာ၊ သိန်းငါးဆယ်တောင် ကိုကိုနေ ပေးလို့ရတာလေ ..."

"ရှင်ကျတော့ ငွေကြေးသုံးစွဲဖို့ အစ်ကိုဆီကနေ လက်ဖြန့်တောင်းနေရပြီး ... သူတို့ကျတော့ သုံးစွဲခွင့်ရှိကြတယ် ... ရှင်က တုံးကြီး ..."





"သော် ... တော်ပါတော့ကွာ၊ ဆက်မပြောပါနဲ့တော့၊ မောင့်အစွမ်းအစက ဒါပဲလေ ... မင်းလက်ထပ်ဖို့ ကြိုးစားထဲက မောင်ပြောပြထားတာပဲ"

"ဘာ ... ရှင်က ကျွန်မကပဲ ရှင့်ကိုမြူဆွယ်ဖြားယောင်းပြီး လက်ထပ်ယူခဲ့တာလို့ ပြောချင်တာလား"

"မောင် ဘာမှမပြောချင်ပါဘူး သော်ရယ် ... ခက်တာပဲကွာ၊ မင်းလိုအပ်တဲ့ငွေတွေ မောင်မပေးနိုင်ဘူး၊ အစွမ်းအစမရှိတဲ့ယောက်ျားပဲပြောပြော ... တုံးပဲပြောပြော မောင်ခံရတော့မှာပဲ သော်"

"တုံးကြီး ... တုံးကြီး ... အစွမ်းအစကိုလုံးဝမရှိဘူး၊ ဒါပဲနော် ... ကျွန်မကို ရက်ပိုင်းအတွင်း သိန်းနှစ်ရာရှာပေး ... သော့်အကြောင်း မောင် ကောင်းကောင်းသိတယ်နော် ..."

သော်က သူတို့မိသားစု အရှက်သိက္ခာကျဆင်းစေရန် လုပ်ဆောင်ဖို့အတွက် သူ့ကိုအမြဲတမ်း ခြိမ်းခြောက်နေလေသည်။ လမင်းသာ စိတ်ညစ်နေရ၏။ သော်-အသုံးအဖြုန်းကြီးလွန်းတယ်။ သူက ရှာနိုင်။ သူ့ဂုဏ်သိက္ခာ ထိခိုက်စေမည့်အလုပ်တွေကို လုံးဝမလုပ်နိုင်၊ ငွေကြေးတွေက သူ့အတွက် မလိုအပ်ဟု ထင်မှတ်ထားသည်။

"သော် ... စိန်ဘယက်တစ်ခု ဝယ်ချင်တယ်၊ သိန်းနှစ်ရာတဲ့ ပြောဆိုထားပြီးပြီလေ ... ဒေါ်ထားသခင်ရဲ့ချွေးမကို အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းအထင်ကြီးနေကြတာ၊ သော် မဝယ်နိုင်ရင် မောင့်မာမီကပ်စေးနဲ မကြီးရဲ့ လက်ဝါးကြီးအုပ်နေတာတွေကို ဖွင့်ချပြစ်မှာနော်"

"ဘယ်လိုလုပ်ရမလဲကွာ ... ဒီလောက်ငွေအများကြီး"

"ဘာ ... အများကြီး ဟုတ်လား ... ရှင့်အမေရဲ့ ပိုင်ဆိုင်မှုတွေက သိန်းနှစ်ရာလောက်ဆိုရင် သူတောင်းစားပေးသလောက်ပဲ ရှိပါတယ်၊ ဒီမှာ မောင့်မာမီဆီက အလုပ်တွေအကြောင်းပြပြီး အရင်းအနှီးတောင်းလေ ... "

"ကောင်းပါပြီ သော် ... မင်းဆန္ဒတွေအတိုင်းဖြစ်အောင် ကြိုးစားပေးပါ့မယ်ကွာ"

"ဒါမှ သော့်လင်ကွ ... အရမ်းချစ်ပြီး အားကိုးရတဲ့လင်"

သော့် အပြောအဆို အပြုအမူတွေကို လုံးဝမနှစ်သက်မိပေ။ ရိုးအေးပြီး အလုပ်တာဝန်ကိုသာ ကြိုးစားတတ်တဲ့ သူ့ကို သီရိသော်က စတင်၍ ဖြားယောင်းသွေးဆောင် အကျပ်ကိုင်လက်ထပ်ယူခဲ့သည်။ သူ့ဂုဏ်သိက္ခာအတွက်ပါ။ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီး ကျင်းပပြီး သူနှင့်သီရိသော်တို့ လက်ထပ်ခဲ့ကြသည်။ အချစ်ဆိုတာကို သူခံစားလို့မရခဲ့။ သီရိသော်က သူနှင့်လက်ထပ်ထားတာပဲ ရှိနေ၏။ မိန်းမဝတ္တရား ဘာတစ်ခုမှ မကျေပွန်ခဲ့။ အဆိုးဆုံးက ညဘက်တွေ ကလပ်တက်ခြင်းပင်။

"အရမ်းပျော်စရာကောင်းတာပဲ မောင်ရယ် ... လိုက်ခဲ့ပါ





လား၊ သော်လေ ... ယော်ကျ်ားမကြီး ဒေါ်ထားသခင်ရဲ့နှိပ်ကွပ်မှုတွေ ခံနေရတာ ... တစ်နေကုန် စိတ်ညစ်နေရတာသိလား၊ အိမ်ဖော်တွေ ငှားထားနိုင်ပါလျက်နဲ့ သော့်ကိုတမင်အကြောကြီးနဲ့ လာစီမံခန့်ခွဲနိုင်းနေတယ် ... အစိပ္ပာယ်မရှိဘူး"

သော်ပြောသမျှကို သူ လုံးဝမနှစ်သက်ပေမယ့် အသံကျယ်ကျယ်ကြီးနှင့် အော်ဟစ်ပြောဆိုတက်သဖြင့် သူကြောက်ခဲ့သည်။ အရှက်အကြောက်ကြီးတဲ့သူဖြစ်၍လည်း သော်နှင့်တုဖက်မပြောခဲ့။ ဘိုကိုနေနှင့် ညီဒေဝါတို့ကိုလည်း ရင်ဖွင့်ပြောမပြရဲ ကြိတ်မှိတ်ခံနေခြင်းဖြစ်၏။ သော် ထုံးစံအတိုင်း အပြင်ထွက်သွားသည်။

"မင်းမိန်းမ သီရိသော်ရဲ့ နေထိုင်မှုတွေကို မာမီနည်းနည်းလေးမှ သဘောမတူဘူး ဘ်သားလတ် ... သတင်းတွေအရမ်းထွက်နေတယ်နော်"

"သားဂုဏ်သိက္ခာအတွက် မိန်းမတစ်ယောက်ကို အလွယ်တကူ ကွာရှင်းပြတ်စဲလို့မရဘူး မာမီ ... ထားလိုက်ပါ သားရွေးချယ်မှုပဲ ... "

"မင်းမိန်းမ သုံးဖြုန်းနေသလောက် မာမီက ငွေကြေးထုတ်မပေးနိုင်ဘူး ... မာမီ့စည်းကမ်းအတိုင်းပဲ နေထိုင်ရမယ်"

မာမီက သော့်အကြောင်းတွေကိုသိထား၍ သော့်အား နည်းနည်းလေးမှ မျက်နှာသာမပေးပေ။ တမင်နှိပ်ကွပ်နေခဲ့တာပါ။ သော်



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်နေတဲ့ သိန်းနှစ်ရာ ဘယ်လိုရှာဖွေရမလဲ။ လမင်းသာဘဝတစ်လျှောက်လုံးမှာ တစ်ကြိမ်တစ်ခါမှ မိခင်ထံ လိမ်ညာ၍ငွေကြေးတစ်ပြားတချပ်မှ မသုံးစွဲခဲ့။ အခုတော့ မလွဲသာ မရှောင်သာသဖြင့် မာမီအိပ်ခန်းထဲ ဝင်လာခဲ့ရသည်။

"သားလတ်ပါလား ... မင်းဘာကိစ္စ မာမီ့ဆီလာခဲ့ရတာလဲလာ ... ထိုင် ... "

သားလတ်ကိုတော့ ဒေါ်ထားသခင် ချစ်သည်။ ရိုးအေးပြီးတည်ကြည်ခန့်ညားလွန်း၍ ဖြစ်၏။ သားလတ်မျက်နှာလေးက ညှိုးငယ်နွမ်းလျနေသည်။

"မာမီ"

"ပြောပါ"

"သားအလုပ်တစ်ခုလုပ်ချင်လို့ မာမီ့ဆီမှာ လာတိုင်ပင်တာပါ"

"ပြောလေ သား ... "

"ဆောက်လုပ်ရေးတစ်ခု ကန်ထရိုက်ယူချင်လို့ပါ မာမီ၊ ငွေအရင်းလိုနေပါတယ်"

သူ့အသံတွေ မတုန်ယင်စေရန် အတတ်နိုင်ဆုံးကြိုးစားထိန်းချုပ်နေရသည်။ မာ့မီ့ကို သနားတယ်။ ငယ်ငယ်ရွယ်ရွယ်မုဆိုးမဘဝမှာ မာမီဘယ်လိုရပ်တည်လာရသလဲဆိုတာ သူအသိဆုံးဖြစ်နေ၏။





လိမ်ညာတောင်းရမှာ ပို၍ပင် မလုပ်ချင်ဘဲ ဖြစ်နေလေသည်။

"သားလတ်က ငွေအရင်းအနှီး ဘယ်လောက်လိုနေတာလဲ"

"နှစ်ရာလောက်ပါ"

ဒေါ်ထားသခင်ကို ရဲရဲတင်းတင်းရင်ဆိုင်မကြည့်ရဲတဲ့ သားလတ်မျက်လုံးတွေထဲက အရိပ်တွေကိုသိနေသည်။ သိရိုသော်အကြံတွေပဲ။ မိမိသားလတ် ဆောက်လုပ်ရေးလုပ်ငန်းထူထောင်နိုင်လောက်တဲ့အထိ အစွမ်းအစမရှိတာ မိမိသိ၏။ ရိုးအေးတဲ့လိမ္မာတဲ့သားလမင်းသာပါ။

"ဆောက်လုပ်ရေးလုပ်ငန်းက ငွေသိန်းနှစ်ရာနဲ့စတင်လို့ရလား သားလတ် ... "

"ရှယ်ယာဝင်မှာပါ ... သားရဲ့သူငယ်ချင်း ငါးယောက်စုပေါင်းတည်ထောင်မှာပါ မာမီ ... "

"သားလတ်က မှင်သေသေနဲ့ မာမီ့ဆီမှာလိမ်ညာလုပ်ကြံပြီး ငွေတောင်းတတ်နေပြီပဲ"

"ဗျာ"

ဒေါ်ထားသခင်က သားလတ်ဇနီး သီရိသော်ရဲ့အသံတွေကိုဖမ်းထားတဲ့ ဖိုင်ကို ဖွင့်ပြလိုက်လေသည်။

"မာမီ ... သား ... တောင်းပန်ပါတယ်၊ သီရိသော်က သားတို့မိသားစု ဂုဏ်သိက္ခာကျဆင်းအောင်လုပ်မှာကြောက်လို့ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အလိုက်အထိုက်လုပ်ရတာပါ … သားကိုအပြစ်ပေးပါ၊ မာမီ ခွင့်လွှတ်တဲ့အထိ သားအပြစ်တွေကို ခံယူပါ့မယ်”

“မာမီ့ကို လျှော့တွက်မထားနဲ့လို့ ပြောထားတယ်လေ”

“ဟုတ်ကဲ့ပါ မာမီ … ”

“သားလတ်လိုအပ်နေတဲ့ ပိုက်ဆံ မာမီပေးမယ်”

“သား မယူချင်တော့ပါဘူး မာမီ … သားမိန်းမကြောင့် မာမီ့ငွေကြေးတွေကို အဆုံးရှုံးမခံချင်တော့ပါဘူး”

“သားမိန်းမ ဘာလုပ်ပြစ်မယ်ဆိုတာ သားသိပါတယ်နော်”

“ဟုတ်ကဲ့”

“သီရိသော် ဘယ်လောက်အထိ မာမီတို့ဂုဏ်သိက္ခာကို ထိပါးစော်ကားနိုင်မလဲ စောင့်ကြည့်ပါ”

“မာမီ … သူ … သူက”

“သားလတ်ရယ် … မင်းလုပ်စရာရှိတာသွားလုပ်ပါ … သီရိသော်ကို မာမီ့ဆီလွှတ်လိုက် … သူ့ငွေချေးမဆိုတော့ မာမီကိုယ်တိုင် စိန်ဘယက် ဝယ်ပေးလိုက်ပါ့မယ်”

“မာမီ”

“သားလတ် သွားတော့ … ”

လမင်းသာ စိတ်ထိခိုက်ကြေကွဲရသည်။ သူ့ကြောင့်ပါ။ မိန်းမ ဖြုန်းသုံးဖို့ သူနည်းမျိုးစုံ ငွေရှာခဲ့တာ မာမီသိထားပုံပင်။ မာ





အကြည့်တွေကို သူ ကြောက်သည်။

“သားလတ် ဘာမှစိတ်မပူနဲ့ … မင်းမိန်းမကိုသာ မာမီ့ဆီ လွှတ်လိုက်ပါ”

“သား မယူတော့ဘူးမာမီ … ဒီမိန်းမကိုလည်း မယူတော့ဘူးလို့ ပြောလိုက်မယ် … ကိုကိုနေနဲ့ညီဒေဝါက မာမီ့စီးပွားရေး လုပ်ငန်းတွေမှာ ဝင်လုပ်နေကြတာပါ … သူတို့တောင် ဒီလောက်မှ မသုံးတာ”

“သွားတော့”

သူနာပြုဆရာမရှေ့မှာ သူအရှက်မဲ့စွာ မိခင်ဆီမှ ပိုက်ဆံလိမ်ညာတောင်းမိတာ နောင်တရလို့ မဆုံးပေ။ အဲဒါ မာမီပေးလိုက်တဲ့ အပြစ်ဒဏ်ပဲ။ သူ့ပြစ်မှုအတွက် သူစိမ်းမိန်းကလေးရှေ့မှာ ဖွင့်ချပြစ်ခဲ့သည်။

“ငါအရမ်းမှားတယ် … ပညာတတ်တစ်ယောက်လုပ်နေပြီး ဒီလောက်အထိ မိုက်မဲရလား”

သူနာပြုဆရာမလေး စိမ်းလန်းမေရဲ့ မျက်ဝန်းလေးတွေထဲမှာ အကြင်နာရိပ်လေးတွေ လွှမ်းနေသည်။ မျက်နှာပူလိုက်တာ။ မင်း တော်တော်အသုံးမကျတဲ့ကောင်။ စိမ်းလန်းမေရှေ့မှာ မိန်းမ အတွက် မာမီ့ဆီမှ ပိုက်ဆံလိမ်ညာတောင်းမိသည့်အတွက် ရှက်မိနေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"လမင်းသာ ... နေဦး ... "

"မာမီ"

"စိမ်းလန်းမေ ... မာမီကြီး စီဒီထဲက ပိုက်ဆံသိန်းနှစ်ရာ ထုတ်ပေးလိုက်ပါ"

"ရှင် ... "

"ရှေ့ပါ ... သော့ ... မာမီကြီးက စိမ်းလန်းမေကို ယုံကြည်တယ်"

"သား မယူတော့ပါဘူး မာမီ ... "

"ယူရမယ် ... အဲဒါ မာမီက သားကိုအပြစ်ဒဏ်ပေးတာပဲ၊ မင်းမိန်းမကိစ္စ မင်းလုံးဝ မဖြေရှင်းတတ်ဘူး မဟုတ်လား လမင်းသာ"

စိမ်းလန်းမေ ကိုယ်တိုင် ယူဆောင်ပေးတာကို သူအရှက်ရဆုံးပင်။ သူ့လက်တွေ တုန်ယင်နေသည်။

☆

အခန်း ( ၄ )

"ကိုကိုနေ ... "

"ပြော ... ဒေဝါ"

"စိမ်းလန်းမေက နာမည်နဲ့လိုက်ဖက်အောင် လန်းတယ်ဗျာ"

နေ့စိတ်ထဲမှာလည်း သူနာပြုဆရာမလေး စိမ်းလန်းမေက ချောမောလှပသူလေးဟု တွေးထင်နေသည်။ မိသားစုထဲမှာ သူက အစ်ကိုအကြီးဆုံး။ မာမီ့အမိန့်ဩဇာအောက်မှာ စည်းစနစ်ကြီးကြီးနှင့် နေထိုင်လာရသူဖြစ်၍လည်း မာမီဆန္ဒအရပဲ နေထိုင်လှုပ်ရှားနေရသည်။

"ကိုကိုနေကတော့ နာမည်နဲ့ လုံးဝဆန့်ကျင်ဘက်ပဲ နေမင်းသိန်းက ရေခဲတုံးပဲ"

"ဒေဝါရာ ... ကိုကိုနေက မာမီ့ဆန္ဒနဲ့ထပ်တူထပ်မျှနေရတာဆ ... မိန်းမတွေကို လုံးဝစိတ်မဝင်စားရဘူးတဲ့၊ မိသားစု စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ဈေးကို ထိန်းသိမ်းဖို့ လူပျိုကြီးတစ်ယောက်အဖြစ် နေထိုင်သွားရမယ်တဲ့"

"ဟား ... ဟား ... ဟား ... "

"ဒေဝါ ... မင်းကတော့လေ လျှောင်နေတာလားကွ"

"ဒေဝါကတော့ ပေါ်တင်ပဲနော် ... စိမ်းလန်းမေကို ခြေတော်တင်မယ်"

"ဘာ ... ဘာပြောတယ် ဒေဝါ ... မင်းစကားက ... "

ညီမဖြစ်သူ မိုးမင်းဒေဝါရဲ့ စကားနှင့်မျက်နှာအမူအရာပေါ့ပျက်ပျက်ကြောင့် နေမင်းထိန် စိတ်ပူသွားရသည်။ ဒီကောင်က ဒီလိုပဲ။ မိန်းမချောလေးတွေကို ငွေနှင့်ပေါက်ပြီး ခြေတော်တင်ရတာဝါသနာကြီးသူပင်။ စိမ်းလန်းမေကိုတော့ မထိပါးစေချင်ပေ။

"ဒေဝါ"

"ပြော ... "

"စိမ်းလန်းမေကိုတော့ မထိနဲ့"

"ဘာဖြစ်လို့လဲ ... ကိုကိုနေ စိတ်ဝင်စားလို့လား၊ အဲဒီလိုလုပ်စမ်းပါ ... အချစ်ဆိုတာ ခံစားသင့်တယ်၊ မာမီမရှိမှဆိုရင်လည်း အိုဗာဒိတ် ဖြစ်သွားပြီ ... မိန်းမတစ်ယောက်ကို အတည်ယူရမယ်လို့ ဘယ်ဥပဒေကမှ မသတ်မှတ်ထားဘူး ... ဒေဝါကတော့ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ လုံးဝမစဉ်းစားဘူး"





နေမင်းထိန်ကတော့ မာမီရဲ့အမိန့်အရ မိန်းကလေးတွေနှင့် အဝေးဆုံးမှာနေရပြီး စီးပွားရေးလုပ်ငန်းတွေထဲမှာပဲ အာရုံအပြည့်စူးစိုက်ထားရသည်။

"သားကြီးကို မာမီက နေမင်းထိန်လို့ နာမည်ပေးထားတာ အလကားမဟုတ်ဘူးနော် ... သားကြီး နာမည်ကြားတာနဲ့ လူတွေက ရှိန်သွားစေရမယ် တွန့်သွားစေရမယ် ... စီးပွားရေးလောကရဲ့ နေမင်းတစ်ဆူဖြစ်နေစေရမယ် မမေ့နဲ့နဲ့ ... "

စီးပွားရေးလောကမှာတော့ နေမင်းထိန်ဆိုတဲ့နာမည်ကထိပ်ပဲ။ အားလုံးက နာမည်ကြားသည်နှင့် တုန်လှုပ်ခြောက်ခြားရှိသေလေးစားနေရသည်။ သူ့မျက်နှာထားက အမြဲတမ်း တည်တင်းနေ၏။ မာမီ အလေ့အကျင့်လုပ်ပေးထားခြင်း ခံရသည်။

"သားကြီးကို မာမီအရမ်းအားကိုးတယ်၊ မာမီ့သားတွေကို စည်းစိမ်ချမ်းသာတွေအပြည့်နဲ့ မာမီနေစေချင်တယ်၊ စီးပွားပျက်သွားမှာ မာမီအရမ်းကြောက်တယ် ... စိုးရိမ်တယ် ... သားကြီး တာဝန်ယူပေးပါ ... "

နေမင်းထိန်က ငယ်ငယ်လေးထဲက မာမီ့စကားကို တသွေမတိမ်း နားထောင်လိုက်နာခဲ့သည်။

မာမီ့အား ပေးထားခဲ့တဲ့ကတိ စကားကြောင့် သူတစ်သက်မှာ မိန်းကလေးတွေကို လုပ်ငန်းသဘောအရကလွဲပြီး ရင်းရင်းနှီးနှီး



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ဆက်ဆံမှု လုံးဝမရှိခဲ့ပေ။

စိမ်းလန်းမေကျတော့ စတင်မြင်တွေ့ရချိန်မှာပဲ သူ့နှလုံးသားတွေ တဒိန်းဒိန်းတုန်လှုပ်သွားတာကို သိလိုက်သည်။

"စိမ်းလန်းမေကို စိတ်ဝင်စားတာ ချစ်ခင်နှစ်သက်မိတာတော့ မဟုတ်ပါဘူး ဒေဝါ ... အန်ကယ်ဦးကျော်စွာကြောင့်ပါ။ သူကယုံကြည်လို့ လွှတ်လိုက်တာလေ၊ မင်းချစ်မြတ်နိုးတယ်၊ လက်ထပ်ယူမယ်ဆိုရင်တော့ စိတ်ဝင်စားခွင့်ရှိပါတယ် ... ခြေတော်တင်ဖို့ကတော့ မင်းမှာ ကောင်မလေးတွေအများကြီးပါ ဒေဝါ ... "

"ဟား ... ဟား ... ဟား ... ဒေဝါက နောက်တာပါ။ ကိုကိုနေ့စိတ်ကို စမ်းကြည့်တာ"

"မင်းကတော့ကွာ"

"ဟော ... ဟော ... လူပျိုကြီး မျက်နှာကြီးရဲလို့၊ အချစ်ဆိုတာ အဲဒါပဲ ... ကိုကိုနေကတော့လေ နန်းတော်ထဲမှာ မိဖုရားတွေအနား ခစားရတဲ့ ကုန်းကုန်းတွေလိုဖြစ်နေပြီ"

"တော်ပြီကွာ ဒေဝါ ... ရပ်တော့ ... ကိုကိုနေအတွက် မိန်းမတစ်ယောက်ကိုချစ်ဖို့ လက်ထပ်ယူဖို့ အိမ်ထောင့်တာဝန်တွေကို ထမ်းဆောင်ဖို့ အချိန်မပေးနိုင်ပါဘူး ... မာမီကလည်း သဘောတူလက်ခံမှာမဟုတ်ဘူး"

"သူနာပြုဆရာမလေး စိမ်းလန်းမေကိုတော့ ကိုကိုနေစိတ်





ဝင်စားစမ်းပါ ... တခြားမိန်းကလေးတွေနဲ့မတူတဲ့ မိန်းကလေးဗျ"

"အရေးကြီးတာက စိမ်းလန်းမေကို ဒေဝါမဖျက်ဆီးဖြစ်ဖို့ပဲကွ ... အန်ကယ်ကျော်စွာ သိသွားရင်လည်း စိတ်ဆိုးမှာ၊ မာမီ့ဆီမှာ ကတိတောင်းထားတယ် ... မိုးမင်းဒေဝါလာပြီး မပတ်သက်ပါစေနဲ့တဲ့ ... "

"ဟား ... ဟား ... ဟား ... ဟား"

"ဟေ့ကောင် ... "

"မိုးမင်းဒေဝါလိုကောင်က စိမ်းလန်းမေလို အဆင့်မရှိတဲ့ အတန်းအစားကိုများ စိတ်ဝင်စားမယ်ထင်နေလို့လား ... အန်ကယ်ကျော်စွာကို ကောင်းကောင်းပညာပေးမှ ဖြစ်တော့မယ်ထင်တယ်"

ညီဒေဝါကို သူတို့မိသားစု မာမီကအစ မနိုင်ပေ။ လုပ်ချင်တာလုပ်ပြီး စည်းမရှိ ကမ်းမရှိ နေချင်သလိုနေ ဖြုန်းချင်တိုင်းဖြုန်းနေတဲ့ကောင် ဖြစ်သည်။ မာမီ့စည်းကမ်းကို မလိုက်နာဆုံးပင်။

"သားငယ်လေးက မွေးကတည်းက အော်ဟစ်ငိုယိုပြီး တစ်နှစ်သားလောက်အထိ နေ့မအိပ် ညမအိပ် ငိုယိုသောင်းကျန်းဆူပူခဲ့တာ ... ဒါကြောင့် သူ့နာမည်ကို တမင်အေးချမ်းအောင် မိုးမင်းဒေဝါလို့ ပေးလိုက်တာလေ"

မာမီက သားတွေကို အတိတ်၏အကြောင်းအကျိုးတွေနှင့် နာမည်တွေပေးထားခဲ့သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မှုစားစိမ်းမဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့်လည်း မာန်အပြည့်နှင့် မာနတွေ အတ္တတွေ တမင်မွေးမြူထားကာ စီးပွားရေးကို သဲသဲမဲမဲ ရှာဖွေလုပ်ကိုင်နေခဲ့သူဖြစ်သည်။

"ကိုကိုနေ"

"ဟင်"

"အခု မာမီ့ဆီသွားမလို့ မဟုတ်လား"

"အင်း ..."

"ဒေဝါလည်းလိုက်မယ်"

"လိုက်လေ"

"အိုကေ"

ဒေဝါကတော့ မာမီ့ဆီမှာ အသုံးစရိတ်တောင်းဖို့ပဲဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သူဘယ်လောက်ပဲဆိုးဆိုးပါ မာမီက သူ့ကိုအချစ်ဆုံး အလိုအလိုက်ဆုံးပဲ။

ကိုလေးလမင်းသာကတော့ မာမီသဘောမကျတဲ့ မိန်းမကို ယူလိုက်သဖြင့် မာမီဂရုတစိုက် မရှိတာ ကြာပါပြီ။

ညီအစ်ကို နှစ်ယောက် မာမီ့အခန်းထဲ ဝင်လာခဲ့သည်။

"သားကြီးနဲ့သားငယ်လေးပါလား ... စောစောကပဲ သားလတ် ဝင်လာသေးတယ်"

သားကြီးလက်ထဲမှာ စာရွက်စာတမ်းတွေ တစ်ထပ်ကြီးပဲ။ မိမိလက်မှတ်ထိုးဖို့ပင်။ သားငယ်လေးက ပိုက်ဆံတောင်းဖို့ပဲ။





ဒေါ်ထားသခင်က သားတွေအကြောင်း အသိဆုံး။

"ဒီမှာ မာမီစစ်ဆေးရမယ့် စာရွက်စာတမ်းတွေပါ ... လက်မှတ်ထိုးဖို့လည်း လိုအပ်ပါတယ် မာမီ"

စိမ်းလန်းမေက မာမီ့ကို ထူမတ်ပေးနေသည်။

မာမီ့အိပ်ခန်း ထဲမှာ သန့်ရှင်းမွှေးကြိုင်နေ၏။ စိမ်းလန်းမေကြောင့်ထင်တယ်။ အစိမ်းရင့်ရောင် လိုက်ကာတွေက အမြင်မှာ စိမ်းတောက်နေပေမယ့် မာမီအကြိုက်ဆုံးအရောင် ဖြစ်သည်။

"သားငယ်ကိစ္စ အရင်ပြော ..."

"သား စီးပွားရေးလုပ်ငန်းတစ်ခု လုပ်မယ်မာမီ ... အရင်းအနှီးပေးပါ၊ အနည်းဆုံးတော့ သိန်းတစ်ထောင်လိုတယ်"

"ဘာလုပ်မှာလဲ"

"မော်ဒယ် အေဂျင်စီတစ်ခု ထူထောင်မလို့ပါ မာမီ"

"သားငယ့် အလုပ်ကို စိတ်ဝင်စားတာ မာမီဝမ်းသာတယ် သားနေ ... ပေးလိုက်ပါ ..."

"ဟုတ်ကဲ့"

"မနက်ဖြန် မာမီ့မိတ်ဆွေရဲ့ မြေးမလေးလာမယ် သားငယ်နဲ့ နေ့စပ်ရလိမ့်မယ်"

"ဟာ ... မာမီရာ ... ဒေဝါ မိန်းမယူဖို့ လုံးဝဆန္ဒမရှိပါဘူး။ သားငယ် စီးပွားရေးပဲလုပ်ချင်သေးတယ်၊ ကုမ္ပဏီထောင်မလို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကြည့်ရုံလေးပါ၊ မာမီစိတ်ပူတယ် ... တွေ့ကရာမိန်းမတွေနဲ့သားငယ် ငြိမယ်နော်"

"မာမီရော ... သူနာပြုဆရာမနဲ့ အဆင်ပြေရဲ့လား ... သဘောကျရဲ့လား မာမီ ... "

"မာမီ့ကိစ္စပါ ... သား စိတ်မဝင်စားပါနဲ့၊ သားငယ်အလုပ်ပဲလုပ် ... "

"မာမီ့ကို အရမ်းချစ်လို့ မာမီ့အနားမှာတော်တဲ့ သူနာပြုဆရာမ ရှိစေချင်လို့"

စိမ်းလန်းမေကတော့ မာမီကြီးလုပ်ရပ်တွေက မမှုတဟု ထင်မိသည်။

ကိုလမင်းသာကျတော့ အရှက်တကွဲဖြစ်စေခဲ့၏။ ကိုမိုးမင်းဒေဝါ တောင်းတဲ့ငွေ အလွယ်တကူ ထုတ်ပေးသည်။ ကိုနေမင်းထိန်ကတော့ နာမည်နှင့်ဆန့်ကျင်စွာ။ မာမီကြီးရှေ့မှာ ငြိမ်ဝပ်ပိပြားနေ၏။ မျက်နှာကျောတင်းတင်းတည်တည်နှင့်။

ကိုမိုးမင်းဒေဝါရဲ့ အကြည့်တွေကိုလည်း စိမ်းလန်းမေ သဘော မကျမိ။ စိမ်းအား ညုတုတု အီစီကလီကြာရုပ်နှင့် ကြည့်တတ်သည်။

စိမ်းလည်း မျက်နှာထားကို တင်းထားလိုက်၏။ စိမ်း နာမည်အပျက်မခံနိုင်။ ဆရာကြီး ဦးကျော်စွာရဲ့ ယုံကြည်ထောက်ခံ





ပေးမှုအတွက် စိမ်းမျက်နှာ ပျက်သွားမှာ ကြောက်သည်။

"ဆရာမ"

"ရှင် ... "

"မာမီ့ကို စိတ်ချမ်းသာအောင် ပြုစုပေးပါ ... "

"ကျွန်မတာဝန်ကို ကျွန်မကျေပွန်အောင် ထမ်းဆောင်ပါတယ်"

"သင့်ခ်ယူ"

စိမ်းလန်းမေ မင်းကလည်း မခေပါလား။ မျက်နှာထားကတင်းလိုက်တာ။ မာနတွေနှင့် မိုးမင်းဒေဝါကို အဖက်မတန်သလိုလိုစိတ်မဝင်စားသလိုလို လုပ်ပြလိုက်တာပေါ့ဟေ့။ ဒေဝါက မိန်းမကျွမ်းကြေသူ။ မင်းလိုသူနာပြုဆရာမတစ်ယောက်ကများ မိုးမင်းဒေဝါ တင်းသွားသည်။ ကိုကိုနေကတော့ စိမ်းလန်းမေကို စေ့စေ့ပင်ကြည့်ရဲ လူပျိုကြီး။

"သားငယ်လေး သွားတော့ ... မာမီကတော့ စီးပွားရေးမှာမင်း အောင်မြင်တာကို တွေ့ချင်တယ် ... မာမီ့လာပြီး စစ်ဆေးမှာနော် ... "

"စိတ်ချပါ မာမီကြိုက်တဲ့ အချိန်လာခဲ့ပါ ... မာမီ စိတ်ချမ်းသာစေရမယ်"

ကိုမိုးမင်းဒေဝါ ထွက်သွားမှ စိမ်း စိတ်သက်သာရာရသွားသ



www.burmeseclassic.com

www.burmeseclassic.com



လိုပင်။ ဘယ်လိုလူလဲ ... မိန်းကလေးတွေကို အထင်မကြီးတဲ့ပုံပါ။ ကိုနေမင်းထိန်က သတိပေးထားသည်။ ရှင့်ကို လုံးဝပဲ။ စိမ်း မှုန်းတီးနေမိလေသည်။

"နေ ထပ်ပြီးလုပ်နင်းတိုးချဲ့မယ့် စီမံကိန်းတွေပါ မာမီ"

"ဟုတ်ပြီ ... မာမီ လက်မှတ်ထိုးပေးမယ်"

ဒေါ်ထားသခင် အကြည့်တွေက သားကြီးနေမင်းထိန်ရဲ့ ရှိုးကျိုးသေဝပ်မှုဆီ စူးစိုက်နေသည်။

စိမ်းလန်းမေနဲ့ သားကြီးကို လက်ထပ်ပေးရမယ်။ ပြီးတော့ မိမိအနားမှာ တစ်သက်လုံးကျွန် သဘောလိုထားမယ်။ သားကြီးနေမင်းက မိမိစကားတွေအားလုံး နားထောင်တတ်အောင် လေ့ကျင့်ပေးထားသည်။

သားလတ်က ရိုးအေးသူ။ ချွေးမသီရိသော်ရဲ့ အကျင့်စရိုက်ကို မကြိုက်။ သားလတ်အား ဘယ်လိုမြှူဆွယ်ဖြားယောင်း လက်ထပ်ယူသွားလဲဆိုတာ မိမိသိနေ၏။

လုပ်ငန်းကိစ္စတွေနှင့်ပတ်သက်ပြီး သားကြီးနေက အတိအကျ ရှင်းလင်းတင်ပြနေသည်။

"ကောင်းပြီ သားကြီးနေ ... မင်းကြိုးစားမှုအောင်မြင်တယ်။ သားငယ်လေး လိုအပ်နေတဲ့ငွေ အရင်းအနှီးထုတ်ပေးလိုက်ပါ။ ကုန်သွားလည်း ပြဿနာမရှိဘူး ... သူစီးပွားရေးလုပ်ငန်းတွေ စိတ်ဝင်





စားဖို့ပဲ လိုအပ်တယ်"

"ဟုတ်ကဲ့ ... "

"မာမီ စိတ်ပူတာက ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းမတစ်ယောက်ရဲ့ ညွှတ်ကွင်းထဲဝင်သွားမှာကိုပဲ ... "

"ဒေါ်ဒါက လည်ပါတယ် မာမီ ... စိတ်ပူစရာမရှိပါဘူး"

ဒေါ်ထားသခင် သားငယ်မိုးမင်းဒေဝါကို ချစ်သည်။ အလိုလည်းလိုက်ထား၏။ ဖတဆိုးလေးမို့ပါ။ မိမိခင်ပွန်းဆုံးတော့ သားငယ်လေးက မွေးကင်းစပဲရှိသေး၏။ ဘာပဲဖြစ်ဖြစ် သားသုံးယောက်လုံးကိုတော့ မိမိချစ်သည် အတူတူပဲ။ သားလတ်တစ်ယောက်သာ မိန်းမကြောက်ဖြစ်နေ၍ မိမိ စိတ်တိုင်းမကျ ဖြစ်ရ၏။

သားကြီးက လုပ်ငန်းကိစ္စတွေပြီးတော့ မိခင်အား အရိုအသေပေး၍ ထွက်သွားသည်။

"စိမ်းလန်းမေ"

"ရှင် ... "

"မာမီကြီး ပြန်လှဲမယ်"

"ဟုတ်ကဲ့"

စိမ်းလန်းမေက လူနာကိုပြုစုတဲ့နေရာမှာ နူးညံ့သိမ်မွေ့ပြီး စေတနာအပြည့်အဝထားသည့် သူနာပြုဆရာမလေး ဖြစ်သည်။ ဒါပေမဲ့ ... ညည်းက ကျုပ်အရမ်းမုန်းတီးနာကြည်းရတဲ့ မေသူခမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်လေ။ ညည်း ကံဆိုးတာပဲ ... ကျူပ်ရင်ထဲမှာ တစ်သက်လုံး ရူးနှစ်စိုက်ဝင်နေတဲ့ ဆူးတစ်ချောင်းကို ညည်း နုတ်ပြစ်ပေးရမယ်။ စိမ်းလန်းမေကို မိမိခြေသလုံးတွေ နှိပ်နယ်ပေးခိုင်းလိုက်သည်။

☆

## အခန်း ( ၅ )

"စိမ်းလန်းမေ"

"ရှင် ... မာမီကြီး"

"ညည်းအစ်မ ကျန်းမာရေးမကောင်းလို့ ဆေးရုံတင်ထားရတယ်ဆို"

"ဟုတ်ကဲ့"

"ဘာရောဂါလဲ"

"အသည်းရောဂါပါ ... အသည်းအစားထိုးလို့ရပေမယ့် စိမ်းမှာ ငွေလိုနေသေးလို့ပါ"

စိမ်းလန်းမေကို ဒေါ်ထားသခင် သေသေချာချာ စူးစူးစိုက်စိုက်ကြည့်မိသည်။ မောင်နှင့်ရော မေသူနှင့်ရော ချောတာလှတာတွေ စုပေါင်းစပ်မွှေးထားသလိုပင်။ မေသူလည်း မိမိထက်ပင် ချောမောလှပသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရင်ထဲမှာ စူးနစ်နေတဲ့ မေသူ့ကို လက်တုန့်ပြန်ချင်တဲ့ ဘယ်လိုအကြောင်းနဲ့မှ ဖြေဖျောက်ခွင့်လွှတ်လို့မရတဲ့ အချစ်ဆူးတစ်ချောင်းကိုတော့ ညည်းလေးက ကံဆိုးစွာနဲ့ပဲ နုတ်ပေးရလိမ့်မယ် စိမ်းလန်းမေ ..."

တကယ့်ကို မထင်မှတ်ခဲ့တာပါ။ မောင်တို့မိသားစုကို ထားသခင် မိုးအဆုံး မြေအဆုံး မြေလှန်ရှာခဲ့တာ အနှစ်သုံးဆယ်လောက်ရှိပါပြီ။ မောင်က မိသားစုကိုခေါ်ပြီး ခြေရာဖျောက် ပုန်းရှောင်သွားခဲ့တာပါ။ ထားသခင် ဘယ်လောက်အထိ နာကြည်းခဲ့ရလဲ။

ထားသခင်နှင့် လက်ထပ်ခဲ့တဲ့ ခင်ပွန်းဆုံးသွားပြီး တစ်နှစ်ခန့်အကြာတွင် မောင်နှင့်မထင်မှတ်ဘဲ ညည်ခံပွဲတစ်ခုမှာ ပြန်ဆုံခဲ့သည်။

"မောင်"

"ဟင် ... ထား ..."

"ထား ခင်ပွန်းဆုံးသွားတာ တစ်နှစ်ကျော်ပြီလေ"

"ကိုယ် နာရေးကြော်ငြာမှာတွေ့လိုက်တယ် ... ကိုယ်တို့ မိသားစုတောင် ဝမ်းနည်းကြောင်း ထည့်လိုက်သေးတယ် ... ထားသခင် ဖတ်ရလား ..."

"အင်း"

မောင်ဆိုတဲ့ အသုံးအနှုန်းကိုတောင် မသုံးဘဲ ကိုယ်တဲ့။





မောင် အရမ်းတည်ငြိမ်နေသည်။ စိမ်းစိမ်းပဲ ... တကယ်ဆို ထားသခင်ကို တွေ့လိုက်ကာနှင့် မောင့်မျက်ဝန်းတွေထဲမှာ ပျော်ရွှင်ကြည်နူးမှုတွေ ပြည့်နှက်ဝင်းတောက်သွားရမှာပါ။ အေးစက်လိုက်တာ။

ငယ်သူငယ်ချင်း ... ကျောင်းနေဖက်တစ်ယောက်နှင့် ရုတ်တရက် ဆုံစည်းလိုက်ရသလိုလေးတောင် ပျော်ရွှင်ဝမ်းမြောက်မှုမရှိ။ မောင့်ကိုကြည့်ရတာ ကြောက်ရွံ့ထိတ်လန့်သွားသလိုလို။

"ထားသခင်တို့အိမ်ကို လိုက်လည်ပါဦးမောင် ... မတွေ့ဖြစ်ကြတာ နှစ်တွေကြာနေပြီလေ ... ငယ်သူငယ်ချင်းတွေ ရုတ်တရက်ပြန်ဆုံကြရတာ လိုက်ခဲ့ပါ မောင်ရယ် ... ထားသခင်တို့ အေးအေးဆေးဆေး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြမယ်လေ"

"နောက်မှ ကိုယ်လာတွေ့မယ် ထားသခင် ဖုန်းနံပါတ်ပေး"

"လာပါ မောင်ရယ် ... နောက်ဆိုတာကြီးက တွေ့ချင်မှတွေ့ရတော့မှာ ... အခုပဲ လိုက်ခဲ့ ..."

ထားသခင် အတင်းအကျပ် ခေါ်လွန်းမက ခေါ်တော့မှ မောင် လိုက်လာခဲ့သည်။ ခဏပဲနော်တဲ့ ... မေသူနဲ့သွားစရာရှိလို့တဲ့။

ထားသခင် အရမ်းတင်းသွားရ၏။ ရှင့်ဘက်က ဒီလောက်အထိ စိမ်းကားရက်စက်ရလား အရမ်းလွန်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို အရက်တွေ တိုက်ပြစ်သည်။ ထားသခင်လည်း သောက်တယ်။ တစ်တိုက်လုံးကို အစောကြီးထဲက ကြိုတင်လူတွေ ရှင်းပြစ်ထားလိုက်တာပါ။ သားတွေက ကျောင်းသွားနေကြသည်။

"မောင့်ကို ထားချစ်တယ်၊ ဘယ်လိုအကြောင်းနဲ့မှ မေ့ပြစ်လို့မရဘူး မောင်ရယ် ... ကျွန်မတို့က ငယ်ချစ်တွေလေ ... ကျွန်မတို့အရမ်းချစ်ခဲ့ကြတာပါ ... အခု ကျွန်မမှာ အိမ်ထောင်မရှိတော့ဘူး၊ ကျွန်မလေ ... မောင့်ရဲ့အငယ်အနှောင်းပဲဖြစ်ဖြစ် မောင့်ရဲ့တိတ်တိတ်ပုန်းအမြှောင်မယားပဲဖြစ်ဖြစ်လေ ... ကျွန်မကို နေခွင့်ပြုပါ"

"ဖြန်း"

"ဟင် ... "

"မင်း ... တော်တော်ကိုယ်ကျင့်တရား ပျက်ပြားနေတာပါလား ထားသခင် ... မင်းနဲ့တွေ့ရမှာ ငါအရမ်းကြောက်ခဲ့တယ်၊ ငါက အိမ်ထောင်ရှင်ကွ ... "

"ကျွန်မအပေါ်ကျတော့ ရှင်က အလွယ်တကူသစ္စာမဲ့ခဲ့ပြီး လင်နိုးမကျတော့ အရမ်းသစ္စာရှိပြနေတာလား"

"တိတ်စမ်း ထားသခင် ... မင်းဆက်မပြောနဲ့တော့၊ ငါ ပြန်မယ် ... "

"ဟင့်အင်း ... မောင် မပြန်ရဘူး ... ကျွန်မပါးကို မောင်ထပ်ရိုက်ပြစ်စမ်းပါဦး ... နောက်တစ်ဖက် ကျန်သေးတယ်လေ၊ ကျွန်မ





ရင်ကိုပါခွဲပြီး ကျွန်မနှလုံးသားတွေကို ထုတ်ယူသွားစမ်းပါ၊ မောင့်အပေါ် ချစ်မြတ်နိုးနေဆဲ ဖြစ်နေသေးတဲ့ ကျွန်မနှလုံးသားတွေကို မုန်းတီးရွံရှာလွန်းလို့ပါ ... "

ထားသခင် မျက်ဝန်းတွေထဲမှ မျက်ရည်တွေ တလိမ့်လိမ့် စီးဆင်းပြုတ်ကျလာကာ မောင့်ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်မိပြီး မောင့်နှုတ်ခမ်းအား ကျွန်မမိန်းမတန်မဲ့ အရှက်မဲ့စွာ အတင်းအကျပ်နမ်းပြစ်ဖို့ ကြိုးစားမိသည်။

"ဖယ်စမ်း ထားသခင် ... ငါ့မှာ အဲဒီလောက်အောက်တန်းကျတဲ့စိတ်တွေ မရှိဘူးကွ၊ ငါ့ကိုလွှတ် ... ငါ့ဇနီးမေသူကလွဲရင် ငါ ဘယ်လိုမိန်းမမျိုးကိုမှ စိတ်မဝင်စားဘူး ... ငါက ယောကျ်ားကွ၊ ဂုဏ်သရေရှိလူကြီးလူကောင်း ... "

မောင် ဘာပဲပြောပြော ထားသခင် လက်မခံဘဲ မောင့်ရင်ခွင်ထဲ တိုးသထက်တိုးဝင်၍ အချစ်ကို မိုးကြိုးသည်းသည်းမဲမဲ ရှာသွန်းဖြိုးရန် ကြံစည်ကြိုးပမ်းနေသဖြင့် ထားသခင် ခန္ဓာကိုယ်အား အတင်းကြမ်းကြမ်းတမ်းတမ်းဆွဲဖယ်၍ ဆောင့်တွန်းပြစ်လိုက်သည်။

"မင်းလို မိန်းမမျိုးကို ငါလုံးဝ အထင်မကြီးဘူး ထားသခင်၊ ရွံတယ် မုန်းတယ် ... မင်းအပြုအမူတွေက အောက်တန်းကျလွန်းတယ်ကွ ... ဖယ်စမ်းပါ ... "



www.burmeseclassic.com

www.burmeseclassic.com



ထားသခင် အရှိန်နှင့် အိပ်ရာပေါ်ပြစ်လဲကျသွားချိန်တွင် မောင် အလျှင်အမြန် ကျောခိုင်းထွက်ခွာသွားတော့သည်။ ထားသခင် ပြန်မထနိုင်။ ဆံပင်တွေ ဖရိုဖရဲနှင့် မူးယစ်အိပ်ပျော်သွားခဲ့၏။ သားကြီး နေမင်းထိန် လာနှိုးမှ နိုးထလာခဲ့သည်။

"မာမီ ဘာဖြစ်တာလဲ အရက်တွေ အရမ်းသောက်လာတယ် ထင်တယ် ... ဟင် ... မာမီ့မျက်နှာပေါ်မှာလဲ ဒဏ်ရာတွေနဲ့"

သားနေရဲ့ စိုးရိမ်တကြီး အထိတ်တလန့် ငိုရှိုက်သံတွေ ရောစွက်ပြီး ပြောသံကြားလိုက်မှ ထားသခင် အသိတွေဝင်လာကာ အိပ်ရာပေါ်က လူးလဲထသည်။

"ဟင် ... မာမီ့ပါးပေါ်မှာ လက်ဝါးရာပဲ၊ မာမီ့ကို ဘယ်သူ ရိုက်လိုက်တာလဲ ... ပြောစမ်းပါ၊ အဲဒီလူကို နေ သွားသတ်မယ်"

မိခင်ကိုတော့ သားကြီးနေက လုံးဝအထိမခံ။ ဓါးဆွဲ တုတ်ဆွဲနှင့် ဒေါသတွေ ပေါက်ကွဲတတ်သူ ဖြစ်လေသည်။

"ဟုတ်တယ် ... မာမီ့ကို လူတစ်ယောက်က ရက်ရက်စက်စက်ရိုက်ပြီး ပြစ်ထားခဲ့တယ် ... တစ်နေ့နေ့တော့ အဲဒီလူနဲ့ သူ့ မိသားစုကို သားကြီးနေ လက်စားချေရမယ်"

"အခုပဲသွားချေမယ် မာမီ ... သတ်ကိုပြစ်မယ်၊ မာမီ့ကို ထိရဲတယ်ပေါ့လေ ... ပြောစမ်းပါ ဘယ်သူလဲ ... "

"သူနေတဲ့နေရာကို မာမီ မသိသေးဘူး စုံစမ်းရမယ် ...





သိမှာပါ ... ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပဲဟာ၊ မာမီတို့မြန်မာပြည်က ပိုပြီးတောင်ကျဉ်းသေးတယ် ... ထားသခင်ကို ဒီလိုလာလုပ်လို့ ရမလား"

သား နေမင်းထိန်က ဆယ်နှစ်သားဆိုတော့ ဒီအဖြစ်အပျက်ကို ကောင်းကောင်းကြီးမှတ်မိပြီး ဒေါ်ထားသခင်ကိုယ်တိုင်က ဓာတ်ပုံနှင့်မှတ်တမ်းတင်ထားကာ သားကြီးနေအား မကြာခဏ ပြသနှိုးဆွပေးနေခဲ့သည်။

"မာမီ့ကို ဒဏ်ရာရအောင်လုပ်တဲ့သူကို နေ လုံးဝခွင့်မလွှတ်ဘူး ... တွေ့ရာသင်္ချိုင်း ဓါးမဆိုင်းဘဲ မာမီရာ ... အခုတောင် သွားသတ်ချင်ပြီ ... တောက် ... "

မောင့်ကို ရှာခဲ့သည်။ သတင်းအစအနရပေမယ့် မောင်က အချိန်မီပင် မိသားစုကိုခေါ်ပြီး ထွက်ပြေးတိမ်းရှောင်သွားသည်။ ထားသခင်ကလည်း မြေလှန်ရှာခဲ့၏။ လုံးဝမတွေ့တော့။

နှစ်တွေ ကြာပြီ။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကပါ။ သူငယ်ချင်းဟောင်းတွေ ဆီကနေ မောင်ရော မေသူရော ဆုံးသွားသည့် သတင်း ကြားလိုက်၏။

ထားသခင် နေရပ်လိပ်စာစုံစမ်း၍ လိုက်သွားတော့ သမီးနှစ်ယောက် ကျန်ခဲ့ပြီး ရန်ကုန်သို့ ပြောင်းရွှေ့သွားကြပြီဟု သတင်းသိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သံသရာဆိုတာ တစ်ပတ်လည်တာပဲ စိမ်းလန်းမေ ... တိုက်တိုက်ဆိုင်ဆိုင်အေ ညည်းက ရောက်လာတယ် ... ပျော်လိုက်တာ ... ကျုပ်ဘဝမှာ အကျေနပ်ရဆုံးပဲ ... "

စိမ်းလန်းမေကို ဘယ်လိုချုပ်ထားရမလဲ ဒေါ်ထားသခင် စဉ်းစားနေမိလေသည်။ စိမ်းလန်းမေက ငွေလိုနေတာ အစ်မအတွက်။

"စိမ်းလန်းမေ ... "

"ရှင်"

"မာမီကြီး မင်းကိုကူညီမယ် ... ညည်းအစ်မအတွက်လေ"

"ရှင် ... "

"ပိုက်ဆံထပ်ပေးမယ် ... ဒါပေမဲ့ မာမီကြီးခိုင်းစေသမျှ မညည်းမညူ လုပ်ပေးရမယ်၊ ပြုစုပေးရမယ် ... ဘယ်လိုလဲ"

"လုပ်ပေးပါ့မယ် မာမီကြီးရယ် ... စိမ်း ဘာပဲလုပ်ရလုပ်ရပါ။ မာမီကြီး ခွင့်ပြုချက် မရဘဲ အလုပ်ကလည်း မထွက်ပါဘူး"

"စာချုပ် ချုပ်ရမယ်လေ"

"ဟုတ် ... ဟုတ်ကဲ့ပါ ... မမသိမ့်အတွက် ဆေးကုသစရိတ်သာရမယ်ဆိုရင်လေ မာမီကြီးသဘောဆန္ဒအတိုင်း ပြုစုပေးပါ့မယ်"

"ကောင်းပြီလေ ... မင်းလိုသလောက်ငွေ ငါထပ်ပေးမယ်"

စိမ်းလန်းမေကို ငွေနဲ့ပဲ ချုပ်ရမည်ဖြစ်သည်။





"ကျေးဇူးအများကြီးတင်ပါတယ် မာမီကြီးရယ် ... မမသိမ့်ကို အသက်ရှင်စေချင်ပါတယ် ... စိမ်းမှာလေ သံယောဇဉ်တွယ်စရာ ဒီအစ်မပဲ ရှိတာပါ"

"ဟုတ်ပါပြီ ... ကျုပ်အကူအညီပေးပါ့မယ် ... ကျုပ်က သားသမီးတောင် စည်းကမ်းတိကျမှ သဘောကျတာနော်"

"စိမ်း သိပါတယ်ရှင်"

မမသိမ့် အသည်းအစားထိုး ကုသချင်သည်။ ဆရာဝန်ကြီးက မျှော်လင့်ချက် သိပ်မရှိဘူးဆိုပေမယ့် စိမ်းကတော့ ကုသချင်နေခဲ့၏။ ငွေမရှိလို့ပါ။ မာမီကြီးက ကူညီမည်ဆိုတော့လည်း စိမ်းပျော်ရွှင်သွားရသည်။

"မနက်ဖြန် ညည်းလိုအပ်တဲ့ ငွေပေးမယ်၊ စာချုပ်မှာလည်း လက်မှတ်ထိုးရမယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ မာမီကြီး"

စိမ်းလန်းမေ ပျော်ရွှင်သွားသည်။ ညည်းလေး မကြာခင် ငိုကြွေးရတော့မှာပါ စိမ်းလန်းမေ။ ညည်းလေးက မေသူ့ရဲ့သမီးဖြစ်နေတာကိုး။ ဒေါ်ထားသခင် စာချုပ်ကို ရှေ့နေနှင့်အတိအကျချုပ်လိုက်၏။ စိမ်းလန်းမေအား အပိုင်ချုပ်ကိုင်ထားလိုက်နိုင်ပြီ ဖြစ်သည်။

"မာမီကြီးကို စိမ်း ပင်ပန်းတယ်လို့ သဘောမထားဘဲ ပြုစု



www.burmeseclassic.com

www.burmeseclassic.com



ပေးပါရစေ … ငွေကြေးနဲ့မဆိုင်ပါဘူး စိမ်းမှာ အမေမရှိဘူး မာမီကြီးကို အမေလိုပဲ စိမ်းသဘောထားချင်ပါတယ်”

“ဒါကတော့ ညည်းသဘောပဲ စိမ်းလန်းမေ … ကျုပ်ကတော့ အလုပ်ကအလုပ်ပဲ သဘောထားမယ်”

ညည်းက ထားသခင်ရဲ့ ငွေဝယ်ကျွန်ဖြစ်သွားပြီဆိုတာ သိရဲ့လား စိမ်းလန်းမေ။ ညည်းက ဦးသော်တာမောင်နဲ့ ဒေါ်မေသူတို့ရဲ့ သမီးလေးအဖြစ် ကျုပ်ဆီကို ကံဆိုးမိုးမှောင်ကျစွာ ရောက်လာတာပဲလေ။

“မာမီကြီး ပင်ပန်းသွားပြီ စိမ်းလန်းမေ … အနားယူချင်တယ်၊ မနက်ဖြန်လည်း သားကြီးနေ ကုမ္ပဏီကိုသွားစစ်ဆေးမယ်၊ ညည်း လိုက်ခဲ့ရမယ် … ”

“ဟုတ်ကဲ့ … ”

ဒေါ်ထားသခင်ကို ပွေ့ဖက်၍ အိပ်ရာပေါ်လှဲချပေးသည်။ ပြီးတော့ စောင်ခြုံပေးပြီး ညင်သာစွာ နှိပ်နယ်ပေးနေသည်။

“ကျုပ်က အကြင်နာတရား ခေါင်းပါးကင်းမဲ့လွန်းတာတော့ မဟုတ်ပါဘူး စိမ်းလန်းမေ … ကျုပ်ကို ရက်ရက်စက်စက် ပါးရိုက်ပြီး တွန်းထိုးပြစ်ပြီး တစ်စက်လေးမှ လှည့်မကြည့်ဘဲ ထွက်သွားတဲ့ ညည်းအဖေ သော်တာမောင်ကို မဖြစ်မနေ လက်တုန့်ပြန်ရမှ ကျုပ်စိတ်တွေ ကျေနပ်ပျော်ရွှင်နိုင်မှာမို့ပါ … ”





သော်တာမောင်လို့ခေါ်တဲ့ ထားသခင် ချစ်သူမောင်ကမှ ထားသခင်အပေါ် ရက်စက်စိမ်းကားလွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"ဒေါ်လေးငွေ ... ကျွန်မပါ စိမ်း ... "

"ဟယ် ... စိမ်းလေး အဆင်ပြေရဲ့လားလို့ ဒေါ်လေးငွေ စိတ်ပူနေတာ"

"စိမ်းကတော့ အရမ်းအဆင်ပြေပါတယ် ... မာမီကြီးက စိမ်းကိုချစ်တယ်၊ အားလည်းကိုးမိတယ်၊ အရေးကြီးတာက မမသိမ့်ပဲ"

"သိမ့်ကတော့ ထုံးစံအတိုင်းပဲလေ ... မောမောနေတယ်၊ အောက်စီဂျင်က အမြဲတမ်းပေးထားရတာ အခုပဲ အိပ်ပျော်သွားတယ်"

"မမသိမ့် နိုးလာရင် ပြောပေးပါနော် ... မမသိမ့်ကို အသည်းအစားထိုးဖို့ စရိတ်ရပြီလို့ ... "

"စိမ်းလေးရယ် ... ဖြစ်နိုင်ချေ သိပ်မရှိတာကို သိသိကြီးနဲ့လေ ... ဒီငွေကို စိမ်းလေး ဘယ်လိုရှာရမယ်ဆိုတာ ဒေါ်လေးငွေ





သိပါတယ်"

ဒေါ်ငွေငွေ သိတာပေါ့။ စိမ်းလေးဘဝ နှစ်သထက်နှစ်ရတော့မည်။ တူမ အလိမ်မာလေးပါ။ မိသိမ့် ဘယ်လောက်ရက်စက်ခဲ့လဲ။ ညီမမျက်နှာကိုတောင် မထောက်မထားဘဲ မိဘအမွေတွေကို သုံးဖြုန်းပြစ်ခဲ့သူ။

"ဖြစ်နိုင်တာတွေ မဖြစ်နိုင်တာတွေ အရေးမကြီးပါဘူး ... မမသိမ့် အသက်ရှင်ဖို့ပဲ ဒေါ်လေးငွေ ပြောပေးပါနော် ... မမသိမ့် အရမ်းဝမ်းသာသွားမှာပါ၊ စိမ်းကို စိတ်ချမ်းသာစေချင်ရင် ပြောပေးနော် ... စားဆီးတာတွေလည်း မလုပ်ပါနဲ့၊ စိမ်းအဆင်ပြေလို့ပါ၊ ဆင်တောင်မထင်ထားမိဘူး ... မာမီကြီးက စိတ်သဘောထားအရမ်းပြည့်ဝနေလို့လေ ... "

"ဒါဆိုလည်း စိမ်းလေးသဘောပါပဲကွယ် ... သိမ့် နိုးလာရင် ပြောပြပေးပါ့မယ် ... တနင်္ဂနွေနေ့ စိမ်းလေးလည်း ဆေးရုံကို လာမယ်မဟုတ်လား"

"ဟုတ်ကဲ့ လာခဲ့မယ် ... မမသိမ့်ကိုတော့ အထူးဂရုစိုက်ပေးပါနော် ... စိမ်း စိတ်ပူလို့ပါ"

"တူမလေးရယ် ... အလုပ်ကိုပဲ ဖြောင့်ဖြောင့်လုပ်ပါ၊ သိမ့်အတွက် ဒေါ်လေးငွေ တာဝန်ယူပါတယ် စိတ်ချနော် ကလေး"

"ကျေးဇူးပါပဲ ဒေါ်လေးငွေရယ် ဒါပဲနော် ... "



www.burmeseclassic.com

www.burmeseclassic.com



မမသိမ့်ကို ဂရုစိုက်ဖို့ ဒေါ်လေးငွေအား အထပ်ထပ်မှာ၍ ဖုန်းပိတ်ပြစ်လိုက်သည်။

"စိမ်းလန်းမေ"

"အမလေး ... ဟင် ... ရှင် ရှင် ... ကိုမိုးမင်းဒေဝါ ... "

"ဒေဝါလို့ပဲ ခေါ်ပါနော် ... ကိုယ်နဲ့စိမ်းလန်းမေက အသက်ရွယ်တူပဲထင်ပါတယ်"

ကိုမိုးမင်းဒေဝါက အရက်တွေအရမ်းမူးနေသည်။ စိမ်း ခဏလေး မာမီကြီးထံတွင် ကတိတောင်းပြီး လသာဆောင်ထွက်၍ မမသိမ့်ဆီ ဖုန်းထွက်ဆက်ခြင်းဖြစ်၏။ ကိုမိုးမင်းဒေဝါကို ရှောင်ကွင်းလျှက် စိမ်း အထဲပြန်ဝင်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"ခဏ ... ခဏလေးပါ ... "

"ဟို ... ဟိုလေ ... မာမီကြီးက သူ့အနားကနေ အကြာကြီး ထွက်သွားတာမျိုး မကြိုက်လို့ပါရှင် ... တောင်းပန်ပါတယ်နော်"

"မာမီက ကိုယ်ပြောပေးလိုက်ရင် ဘာမဆို ပြီးတာပါစိမ်းလန်းမေ ... ရင်းရင်းနှီးနှီး စိမ်းလို့ပဲခေါ်တော့မယ်နော်"

"ကျွန်မနဲ့ ကိုမိုးမင်းဒေဝါတို့ကြားမှာ ဘာအကြောင်းမှ ခေါ်ပြောနှုတ်ဆက်စရာမလိုဘူး ထင်ပါတယ် ... ခွင့်ပြုပါဦး"

"မင်း စကားတွေက အရမ်းကြီးကျယ်ခမ်းနားလွန်းနေတာပါလား စိမ်း ... မင်း ခြေလှမ်းဆက်လှမ်းတာနဲ့ ဒေဝါ့အကြောင်း





ကောင်းကောင်းသိသွားရမှာနော် ... "

မိုးမင်းဒေဝါလိုကောင်မျိုးကို အထာမကိုင်ချင်စမ်းပါနဲ့ စိမ်းလန်းမေ။ လောကကြီးတစ်ခုလုံးမှာရှိတဲ့ မိန်းမချောလေးတွေကို ချုပ်ကိုင်ထားတာကွ။ ဒေဝါ ဒေါသတွေပေါက်ကွဲထွက်ချင်နေသည်။ ဘာမဟုတ်တဲ့ စိမ်းလန်းမေလို မိန်းမမျိုးက သူ့ကိုမပတ်သက်ဆက်ဆံချင်သလိုလို အချိုးမျိုးပြနေ၍ဖြစ်၏။ စိမ်းလန်းမေရှေ့မှာ ရပ်ပြစ်လိုက်သည်။

"ဖယ်ပါ"

"မင်း ခြေလှမ်းစလှမ်းလေ ... "

"ကိုမိုးမင်းဒေဝါ ... ကျွန်မ တောင်းပန်ပါတယ်နော်၊ ကျွန်မ တာဝန်နဲ့ နေထိုင်ရတာပါ ... "

"ငါနဲ့စကားပြောရတာ နင်အရမ်းကြောက်နေတဲ့ပုံပဲ"

ဒေဝါ အရမ်းမူးနေသည်။ မိန်းမတိုင်းက မိုးမင်းဒေဝါဆိုလျှင် မြာယာခတ်သွားအောင် ပြုံတီတီ ညုတုတု အရောတဝင် လုပ်ချင်နေကြလေသည်။ ဒေဝါက မော်ဒယ် အေဂျင်စီထောင်ဖို့ လုပ်နေသူ။

"ငါ ... နင့်ကိုနမ်းမယ် စိမ်းလန်းမေ ... နင်အော်လေ၊ တောင်းပြင်းဆန်လို့ရတယ် ... ဒါပေမဲ့ နင်ပဲအရှက်ကွဲမှာနော်"

"ကျွန်မ တောင်းပန်ပါတယ်ရှင် ... ရှိခိုးပြီး တောင်းပန်ပါတယ်နော် ... မာမီကြီးက စည်းကမ်းအရမ်းကြီးပါတယ်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အစ်မက ရောဂါသည်ပါ … ကျွန်မအလုပ်ထုတ်ခံရလို့ မဖြစ်လို့ပါရှင်”

စိမ်း ကြောက်ရွံ့တုန်လှုပ်စွာဖြင့် လက်အုပ်လေးမိုး၍ တောင်းပန်မိနေသည်။ မိုးမင်းဒေဝါကို မာမီကြီးတောင် မနိုင်တာ စိမ်းသိထား၏။ ဘုရားရေ … စိမ်း ဘယ်လိုရှောင်ရမလဲ။ မာမီကြီး သိသွားရင် စိမ်းကိုပဲ အပြစ်တင်မှာပါ။

“နင် ပိုက်ဆံလိုအပ်နေတယ် မဟုတ်လား … စိမ်းလန်းမေ ငါပေးမယ် … ဘယ်လောက်လိုလဲပြော … ”

“ဟင့်အင်း … ဟင့်အင်း … ကျွန်မမှာ ငွေမလိုတော့ပါဘူး ရှင်၊ တောင်းပန်ပါတယ်နော် … ကိုမိုးမင်းဒေဝါမှာ ကျွန်မထက် ချောမောလှပပြီး ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေကြတဲ့ မိန်းကလေးတွေ အများကြီးပါနော် … ကျွန်မကို သွားခွင့်ပြုပါ … ”

“နှုတ်ခမ်းလေးကို နမ်းရုံလေးပါ စိမ်းလန်းမေရယ်၊ ဘာတွေ အထာကိုင်နေရတာလဲ … ကြီးကျယ်ခမ်းနားပြမနေစမ်းပါနဲ့၊ ဘာလဲ နင်က တန်ဖိုးကိုမြှင့်နေတာလား … ”

“ကျွန်မ အဲဒီလိုမဟုတ်ပါဘူး၊ ဒါပေမဲ့ … ကိုမိုးမင်းဒေဝါတို့ လို သူဌေးသားတွေနဲ့ မပတ်သက်ချင်ပါဘူး၊ ကျွန်မက တန်ဖိုးမဲ့သူပါ။ အောက်တန်းစားပါ … ကိုမိုးမင်းဒေဝါနဲ့ မတန်လို့ပါနော်”

“ဘာပြောတယ်”

စိမ်းလန်းမေက ခေသူတော့မဟုတ်ပေ။ မာနရှိနေသည်။





…ါ သဘောကျသွားမိသလိုပင်။ ဒေဝါဆိုလျှင် နန့်နန့်တက် ပတ် …တ်ဆက်ဆံလိုတဲ့ ဒေဝါ့အလိုကျ တစ်ကိုယ်လုံးပုံအပ်နေကြတဲ့ …န်းခတွေပဲ တွေ့နေခဲ့ရသည်။ ဖူးငုံထူအမ်းအမ်း နှုတ်ခမ်းရဲရဲလေး …ို စတွေ့မြင်ခဲ့ရတဲ့အချိန်လေးထဲက ဒေဝါ နမ်းချင်နေခဲ့၏။ ဒေဝါ …ာ လုပ်ချင်တဲ့ဆန္ဒတွေကို ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ အကောင် အထည်ဖော်တတ်သူ ဖြစ်သည်။

“မင်းအော်ရင် ငါ့ကိုချိန်းလို့ လသာဆောင်ကို ရောက်လာ …တာပါလို့ပြောမယ် … ငါ ဘယ်သူ့ကိုမှ မကြောက်ဘူးဆိုတာ မင်း သိတယ်နော် စိမ်းလန်းမေ … ”

သူ့ခြေလှမ်းတွေက စိမ်းလန်းမေအနား တဖြည်းဖြည်းတိုး …ပ်လာသည်။ အရသာရှိလိုက်တာ … ကောင်မလေးတစ်ယောက် ရဲ့ နှုတ်ခမ်းသားလေးကို နမ်းဖို့ ငြင်းဆန်ခြင်းခံနရတာရော ကြောက်ရွံ့ထိတ်လန့်နေတဲ့ မာနခဲမလေးရဲ့ နှုတ်ခမ်းလေးကို အတင်းအကျပ် နမ်းရမှာရော … မိုးမင်းဒေဝါ ပထမဆုံးအကြိမ် ရင်ခုန်သံတွေ တဒိန်းဒိန်း မြည်ဟီးနေခဲ့သည်။

“စိမ်းလန်းမေ … နင့်နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန် ယင်နေတာ နမ်းပြစ်ချင်စရာလေးပဲ … ”

“တောင်းပန်ပါတယ်ရှင် … ကျွန်မကို သနားပါ၊ မလုပ်ပါနဲ့ နော် … ”



www.burmeseclassic.com

www.burmeseclassic.com



"နမ်းရုံလေးပဲ ... ခဏလေး ငြိမ်ငြိမ်နေပေးနော်၊ ဇါက နင့်ကို အကြမ်းပတမ်း မလုပ်ချင်ပါဘူး၊ နူးနူးညံ့ညံ့ ဖွဖွလေးပဲ နမ်းမယ်"

"အမေ့ ... "

ကိုမိုးမင်းဒေဝါရဲ့လက်တွေက စိမ်းမျက်နှာပြင်လေးအား ထိန်းချုပ်ကိုင်လိုက်သဖြင့် အထိတ်တလန့်လည်း ဖြစ်ရ၊ ဒေါသတွေလည်း ပေါက်ကွဲလာလျှက် ... မျက်ဝန်းလေးတွေ ပြာဝေသွားကာ သူ့လက်တွေကို ဆွဲဖယ်ပြီး သူ့ပါးပြင်ကို ဖြန်းခနဲ ရိုက်ချပြစ်လိုက်သည်။

"ဖြန်း ... "

"ဖြန်း ... "

"ဟာ ... "

ကိုမိုးမင်းဒေဝါအား ဆောင့်တွန်းပြစ်လိုက်ကာ စိမ်း ထွက်ပြေးလာခဲ့သည်။

"အင့်"

"အမေ့ ... "

"အို ... "

လမ်းကွေ့ချိုးတစ်ခုတွင် လူတစ်ယောက်နှင့်တိုက်မိပြီး ဇ... လူရဲ့ရင်ခွင်ထဲသို့ စိမ်းခန္ဓာကိုယ်လေး တုန်တုန်ယင်ယင်နှင့် ပြို... ကျသွားသည်။





"ဟင် ... သူနာပြုဆရာမလေးပါလား ... ဘာတွေဖြစ်လာရတာလဲ ကိုယ်က လမင်းသာပါ ... "

"ဟို ... ဟိုမှာ"

လသာဆောင်ဘက်သို့ သူမက လက်ညှိုးလေးထိုးပြပြီး သူ့ရင်ခွင်ထဲမှာ အတင်းရုန်းထွက်ကာ ပြေးထွက်သွားသည်။ သူလှမ်းကြည့်လိုက်တော့ ညီမလေးဒေဝါက လဲကျနေရာမှ ကုန်းရုန်းထနေ၏။ စိမ်းလန်းမေကရော ဘာဖြစ်လို့ လသာဆောင်ဆီ ရောက်နေရတာလဲ။ ဒေဝါ့ထံ လမင်းသာ ရောက်သွားလေသည်။

"ညီ ... "

"ဟာ ... ကိုလတ် ... အား ကျွတ် ကျွတ် ... ထူပေးပါဦး၊ နာလိုက်တာဗျာ ... အား ... "

လမင်းသာ ထူပေးလိုက်သည်။ ညီလေးဒေဝါ ထလာတော့ သူ သေသေချာချာကြည့်လိုက်ရာ ဖြူဖြူဖွေးဖွေး ပါးပြင်ပေါ်မှာ လက်ဝါးရာက နှစ်ဖက်စလုံး ထင်းနေ၏။ စိမ်းလန်းမေ ရိုက်သွားပုံဝင်။ ညီဒေဝါ အရမ်းမှူးယစ်နေသည်။

"ဘယ်လိုဖြစ်ရတာလဲ ဒေဝါ"

"ဟိုကောင်မလေး နှာ့စ်မက ဒေဝါကိုချိန်းပြီး အီစီကလီလာရိုက်တယ် ... သူတောင်းတဲ့ငွေ မပေးလို့ ဒေဝါ့ကိုရိုက်သွားတယ်၊ တွန်းလည်းတွန်းပြစ်သွားတယ် ... အား ... "



www.burmeseclassic.com

www.burmeseclassic.com

လမင်းသာကတော့ မယုံကြည်ပေ။ စိမ်းလန်းမေက ရိုးသားလွန်းတဲ့မိန်းကလေးဆိုတာ လမင်းသာ သိနေသည်။ ဒေဝါ ခေါ်လိုက်တာပဲဖြစ်ရမယ်။ စိမ်းလန်းမေမျက်နှာပြင်လေးပေါ်မှာ ဖြူရော်ရော်လေး သွေးမရှိတော့သလို မျက်ဝန်းလေးကလည်း ကြောက်ရွံ့ထိတ်လန့်နေပုံပင်။

"ညီ"

"ဘာလဲ ကိုလတ် ... ဆုံးမသွန်သင်စကားတွေ ပြောဦးမလို့လား ... ဒီလိုအောက်တန်းစားကောင်မက ဒေဝါ့ကို ကလန်ကဆန်လုပ်ပြီး ရိုက်နှက်သွားတာဗျ ... "

"တောက် ... "

ဒေဝါ မခံစားနိုင်။ ဒီလိုကောင်မစားမျိုးကများ ခံပြင်းနေသည်။

"ကိုလတ်ကတော့ မိန်းမကို အလျှော့ပေးတတ်ပြီး ခွင့်လွှတ်နေတဲ့သူဆိုတော့ ... "

"တော်ပါတော့ ဒေဝါ ... ဘာမှဆက်မပြောနဲ့၊ မင်းကိစ္စမှာ ကိုလတ် ဝင်မစွက်ဖက်ဘူး၊ ဒါပေမဲ့ ... မာမီ့အတွက် လိုအပ်လို့ပါကွာ၊ ညီ့မှာအများကြီးပါ ... အန်ကယ်ကျော်စွာကို မျက်နှာမပျက်စေချင်ဘူးလေ"

"အန်ကယ်ကျော်စွာရဲ့ သူနာပြုဆရာမက ဒေဝါ့ကိုချိန်းတာ





လေ ... ဒွေညှစ်ချင်လို့ထင်တယ်၊ အကျင့်မကောင်းတဲ့မိန်းမ"

မိုးမင်းဒေဝါလိုကောင်ကို ပြင်းဆန်လိုက်သဖြင့် သူတော်တော်လေး ရှက်သွားသည်။ ကိုလတ်နဲ့မှ လာတိုးရတယ်လို့ပဲ။ လသာဆောင်မှာ ကိုလတ် လာရောက်ထိုင်နေကျ။

"ကိုလတ်"

"ပြော ... "

"မမသီရိသော် ပြန်မလာသေးဘူး မဟုတ်လား"

"အင်း"

"ကလဲ့တက်နေတာကို ခွင့်လွှတ်ထားနိုင်တဲ့ ကိုလတ်စိတ်ကို နားမလည်ဘူးဗျာ"

"ဟေ့ကောင် ညီဒေဝါ ... မင်းပါးစပ်ကိုပိတ်ထားနော်၊ မာမီ့ကိုတော့ သွားမပြောပါနဲ့ကွာ ... သီရိကို မနိုင်ဘူး၊ မာမီ့ကိုလည်း စိတ်ဆင်းရဲမှာကြောက်တယ်"

ကိုလတ်က လူပျော့လူညံ့။ မိန်းမ ပြဿနာရှာမှာကိုလည်း အရှက်အကြောက်ကြီးသူ ဖြစ်သည်။ ဒေဝါတို့ညီအစ်ကိုသုံးယောက်မှာ ကိုလတ်က အချောဆုံး အခန့်ညားဆုံးပါ။ မမသီရိသော်က အမိဖမ်းလိုက်တာပဲဖြစ်သည်။

"သူနာပြုဆရာမကိစ္စလည်း မာမီမသိပါစေနဲ့ကွာ၊ ညီမျက်နှာပေါ်က ဒဏ်ရာပျောက်မှ မာမီရှေ့သွားပါ၊ ကိုလတ်အနူး


www.burmeseclassic.com

www.burmeseclassic.com



အညွှတ်တောင်းပန်ပါတယ်နော်"

"အိုကေ ... သွားတော့မယ်၊ အရမ်းမူးနေပြီဗျာ ... စိမ်းလန်းမေ နင့်ကိုတော့ ဒေဝါတို့က အလွှတ်ပေးမယ် ထင်မနေနဲ့ ... တစ်နေ့နေ့တော့ ဒေဝါ ညွှတ်ကွင်းထဲ သက်ဆင်းရမှာပါ"

"ညီ"

"ကိုလတ်နဲ့ဘာမှမဆိုင်ဘူး ... ကိုလတ်မိန်းမအကြောင်းတွေ မာမီသိအောင် ပြောပြလိုက်ရမလား"

"ညီဒေဝါရယ် ... မင်းသဘောပါပဲ၊ အင်းလေ ... သူနာပြုဆရာမကိစ္စက ကိုလတ်နဲ့မှမဆိုင်တာပဲ၊ ကိုလတ်တို့ အိမ်ထောင်ရေးကြားမှာတော့ ဝင်မစွက်ဖက်ပါနဲ့ကွာ နော် ... "

"ဒေဝါ့ကိစ္စလည်း ဝင်မပါနဲ့နော်၊ ဒါပဲ ... "

လမင်းသာ ကျန်ခဲ့သည်။ ဒေဝါက ဘာကိုမှ ဂရုစိုက်တတ်သူလည်းမဟုတ် လုပ်ချင်တာလုပ်နေ၏။ မဆီမဆိုင် သူ့ရင်ထဲမှာ သူနာပြုဆရာမလေးကို သနားကြင်နာမိသွားရ၏။ သူ့ရင်ခွင်ထဲ ပြုံလဲကျလာတဲ့ 'အိစက်စက် နူးညံ့အေးစက်နေတဲ့ကိုယ်လုံးလေး။ သူ့လက်တွေနှင့် ထွေးပွေ့လိုက်ရသည်။

"ဟာကွာ ... လမင်းသာ မင်းဘာတွေစဉ်းစားနေတာလဲ၊ မင်းက အိမ်ထောင်ရှင်လေ ... သီရိသော်ရဲ့အကြောင်းကိုလည်း မင်းအသိဆုံးပဲ ... "





သီရိသော်က သူ့ကို အရှက်ထကွဲဖြစ်အောင်လုပ်၍ လျှော်ကြေးတွေ အများကြီးတောင်းပြီး ကွာရှင်းချင်နေသူဖြစ်သည်။ သီရိသော် ... ထင်တိုင်းကြဲကာ သွားချင်တာသွား ပျော်သလိုနေထိုင်တာကိုလည်း သူပြုသနာမရှာရဲ၊ စိမ်းလန်းမေအား အကူအညီ ပေးချင်ပေမယ့်လည်း သူနှင့်မဆိုင်သလိုပဲ နေထိုင်သွားရမှာပဲဖြစ်သည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

စိမ်းလန်းမေရဲ့ ခြေလှမ်းတွေက အမောတကော ပြုံပျက်နှမ်းလျှနေတဲ့ မျက်နှာထားနှင့် ဖရိုဖရဲ ဝင်သွားရ၍မဖြစ်ပေ။ ကိုမိုးမင်းဒေဝါရဲ့ ယုတ်မာကောက်ကျစ်မှုကိုလည်း စိမ်း တိုင်မပြောရဲပါဘူး။ မိုးမင်းဒေဝါဆိုတဲ့လူက မဟုတ်မဟတ်တွေပြောရင် မာမီကြီးက သူ့သားစကားကိုပဲ ယုံကြည်မှာဖြစ်သည်။

"လူယုတ်မာကောင် ... "

ကိုလမင်းသာလည်း ရောက်လာတယ်။ စိမ်းကို ဘယ်လိုထင်မလဲ။ မမသိမ့်နဲ့ဒေါ်လေးငွေဆီ ဖုန်းထွက်ဆက်တာ ရှိုးရှိုးသားသားပါ။ စိမ်းစိတ်တွေ တဒိန်းဒိန်းတုန်ခါနေဆဲပင်။ အရေးထဲကိုလမင်းသာရဲ့ ရင်ခွင်ထဲ ရောက်သွားရသေးသည်။

"စိမ်းလန်းမေရေ ... ညည်း ဓတ်တော်ကံဆိုးတာပဲ၊ မာမီကြီးက စိတ်သဘောထား ပြည့်ဝသလောက် ... "





မျက်ရည်က ပြည့်ဝိုင်းချင်လာသည်။ မိုးမင်းဒေဝါကို အရမ်းမုန်းတယ်။ စိမ်းကို ယုတ်မာစွာ ဖျက်ဆီးပြစ်ဖို့ ကြံစည်ခြင်းသာဖြစ်သည်။

"ကိုလမင်းသာရယ် ... စိမ်းကို အကာအကွယ်ပေးပါဦးနော်၊ ရှင့်ညီကို ပြောပေးပါ ... တားဆီးပေးပါ ... "

ကိုနေမင်းထိန်ကိုလည်း မတိုင်ရဲ၊ မျက်နှာကျောကြီးတင်းပြီး မာန်မာနတွေထောင်လွှားမောက်မားနေသူ ဖြစ်လေသည်။

"စိမ်းကိုကူညီနိုင်တာ ကိုလမင်းသာပဲရှိပါတော့တယ် ... မိုးဒေဝါကို တားဆီးပေးပါ"

အခန်းဝတွင် အကြာကြီးရပ်နေပြီးမှ ဆံပင်တွေ အဝတ်အစားတွေကို သပ်သပ်ရပ်ရပ်ပြုပြင်ပြီး အခန်းထဲဝင်လာခဲ့သည်။

"အဆင်ပြေရဲ့လား စိမ်းလန်းမေ"

"ရှင်"

ရုတ်တရက် မာမီကြီး အသံကြားလိုက်သဖြင့် စိမ်း ထိတ်လန့်သွားရလေသည်။ စိတ်တွေ မလုံမလဲနှင့် မာမီကြီးနှင့်မျက်နှာချင်းဆိုင်ရမှာကိုပင် ပူထူရှိန်းဖိန်းနေရ၏။ မာမီကြီးက ဒုက္ခတလမ်းလျှောက်နိုင်တာမှ မဟုတ်တာဘဲ။

"မင်းအစ်မ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေလို့လား စိမ်းလန်းမေ ... ညည်းကိုကြည့်ရတာ ဖြူဖတ်ဖြူရော်နဲ့ ဘာတွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာတာလဲ"

"ဟို ... ဟို ... ဘာမှတော့ မဖြစ်ပါဘူး မာမီကြီး၊ မမသိမ့် အခြေအနေ ပိုဆိုးလာတယ်လို့ ဒေါ်လေးငွေက ပြောလို့ပါ ... အမြဲတမ်း ငိုနေတယ်တဲ့"

"မနက်ဖြန် ညည်းသွားမယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ ..."

စိမ်းလန်းမေ ညည်းဘာတွေဖြစ်လာလဲဆိုတာ ကျုပ်မသိဘူး ထင်နေလို့လား။ တစ်တိုက်လုံးမှာ အသံဖမ်းစက်တွေ CCTV တွေ တပ်ထား၍ စိမ်းလန်းမေ လသာဆောင်ကိုထွက်သွားထဲက ဒေါ်ထားသခင် ကြည့်ပြီးသားပါ။ သားငယ် မိုးမင်းဒေဝါ ပါးရိုက်ခံလိုက်ရတာလဲ မိမိသိထားသည်။ မိန်းကလေးတွေမြောက်များစွာနဲ့ တွဲ၍ မိန်းမကြမ်းကြေနေတဲ့သားငယ်။ ခံလိုက်ရတာ ... စိမ်းလန်းမေရဲ့ ကိုယ်ကျင့်တရားနဲ့ မာနကိုတော့ နှစ်သက်သွားရလေသည်။

"ကျုပ်သားတွေအားလုံး ညည်းကိုစော်ကားဖျက်စီးခွင့်ကို ကျုပ်ခွင့်ပြုရလိမ့်မယ် စိမ်းလန်းမေ ..."

ဒေါ်ထားသခင် စိတ်ထဲကနေ ပြောပြစ်လိုက်မိသည်။ ကျုပ်ပါးကို ညည်းအဖေက ရိုက်တယ်။ ကျုပ်သားငယ်ပါးကို ညည်းက ရိုက်တယ်။ ညည်းဘဝလည်း အစိတ်စိတ်အမွှာမွှာ စုတ်ပြတ်သပ်အောင် လုပ်ပြစ်ရလိမ့်မယ်။





"မာမီကြီး အိပ်တော့မယ် ... ညည်းလေးလည်းအိပ် ... မနက်ဖြန် ဆေးရုံသွားရမယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ မာမီကြီး ..."

မာမီကြီး မျက်လုံးတွေမှိတ်သွားမှ စိမ်း သက်ပြင်းမောကြီးကို မသိမသာ မှုတ်ထုတ်ပြစ်ရလေသည်။ စိမ်းလည်း သူမခုတင်ဆီရောက်လာပြီး အိပ်ရာလေးပေါ် ပြစ်လှဲချလိုက်၏။ အင်အားတွေမဲ့စွာ အရုပ်လေးကြိုးပြတ်သွားသလို ပုံလျှက်ကျသွားသည်။

"ဟင် ... ဒါ ... ဒါက ဘယ်သူ့ကြယ်သီးလေးလဲ အမလေးဘုရားကယ်ပါ ... မာမီကြီး မမြင်လို့ တော်ပါသေးရဲ့"

စိမ်း ရင်ဘတ်က ကြယ်သီးမှာနောက်ထပ် ယောကျ်ားအင်္ကျီကြယ်သီးလေးတစ်လုံးက တွဲယက်ငြိနေလေသည်။

"ကိုလမင်းသာကြယ်သီးပဲ ဖြစ်မယ် ... ဟိုလူယုတ်မာက စပို့ရှပ်ဝတ်ထားတာ၊ သူနဲ့ငြိပါလာစရာအကြောင်း မရှိဘူး"

အပြာရောင် ကြယ်သီးလေးတစ်လုံးပါ။ အရွယ်အစားကသေးနေ၍ မာမီကြီး မမြင်တာဖြစ်နိုင်သည်။

"အမှတ်တရလေးပါ ... တကယ့်ကို အမှတ်တရပဲ၊ ရှင့်ရဲ့နှလုံးသားနဲ့အနီးဆုံးက အရာလေးလေ ..."

စိမ်း မြတ်နိုးမိသလိုလို ကြယ်သီးအပြာရောင်လေးအား ကြည့်ရင်း သူမမျက်ဝန်းတွေအောက်ကနေ ပျောက်သွားမှာစည်း



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်မိနေသလိုလို။ ပြန်ပေးလိုက်ရင် ကောင်းမလားဟုတွေးမိပြီး အမှတ်တရလေးပဲ သိမ်းထားပြစ်ချင်နေသည်။

"စိမ်း ... နင်ဘာတွေ ခံစားရင်ခုန်နေရတာလဲဟယ် ... ကိုလမင်းသာက အိမ်ထောင်ရှင်လေ ... အမိပွာယ်မရှိလိုက်တာ၊ မေ့ပြစ်လိုက် ... မိန်းကလေးတစ်ယောက်အတွက် ကိုယ်ကျင့်တရားနဲ့ဂုဏ်သိက္ခာ မာနတွေ အဓိကပဲ ..."

ကြယ်သီး အပြာရောင်လေးကို ပြန်ပေးလိုက်ဖို့ပဲ ဆုံးဖြတ်သည်။

"ပြန်မပေးပါဘူး ... သူလည်းသိမှာမှမဟုတ်တာ၊ စိမ်းအတွက် တန်ဖိုးကြီးတဲ့အမှတ်တရလေးပဲ သိမ်းထားမယ် ..."

စိမ်း ရိုးရိုးသားသားပဲ အမှတ်တရလေးအဖြစ် သိမ်းထားမည်ဖြစ်သည်။

"သူသာ အိမ်ထောင်မရှိသူဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ ... အို ... စိမ်း ဘာတွေစဉ်းစားနေရတာလဲ အရူးမ"

သူမကိုယ်သူမ ဆုံးမစကားတွေပြောနေရသေးသည်။ စိမ်းအိပ်ရမယ် ... မနက်ဖြန် မမသိမ့်ကိုတွေ့ပြီး ဆေးကုသစရိတ်တွေရပြီလို့ အားပေးရမယ်။ စိမ်းဘဝကို ဘယ်လောက်ပဲ အနစ်မွန်းခံအဖျက်ဆီးခံရပါစေ မမသိမ့်ကိုတော့ အသက်ရှင်စေချင်သည်။

"စိမ်းအတွက် မမသိမ့်အသက်ရှင်ပေးပါ ... စိမ်းတစ်





ယောက်ထဲတော့ မထားခဲ့ပါနဲ့နော် ..."

မမသိမ့် ဘယ်လောက်အထိ စိမ်းအပေါ် အကြင်နာကင်းမဲ့ခဲ့ပါစေ မမသိမ့်ကို စိမ်းချစ်သည်။ ကြီးမားတဲ့ သံယောဇဉ်တွေ တွယ်ငြိနေခဲ့၏။ စိမ်းနဲ့ သွေးရင်းသားရင်း မမပါ။ သူမအိမ်ပျော်အောင် ကြိုးစားအိပ်ပြစ်ခဲ့သည်။ အိပ်စက်ခြင်းတွေက စိမ်းမျက်တောင်ဖျားတွေပေါ်မှာ ပျောက်ဆုံးနေသလိုပင် အိပ်မရ။ စိတ်ခြောက်ခြားတုန်လှုပ်စရာတွေရော ကိုလမင်းသာ ရင်ခွင်ထဲဝင်သွားခဲ့ရတာရော စိမ်းရဲ့ အိပ်စက်ခြင်းကို ယူဆောင်သွားကြတာပဲ ဖြစ်နိုင်လေသည်။

"စိမ်းလန်းမေ ... စိမ်းလန်းမေ ထပါဦး ... မာမိကြီးဆီးသွားချင်လို့"

စိမ်း မှေးခနဲအိပ်ပျော်သွားတော့မလို ဖြစ်သွားချိန်တွင် မာမီကြီး အသံကြောင့် မျက်ခွံလေးတွေ ဖျတ်ခနဲ ပွင့်သွားရကာ လူးလဲထပြစ်လိုက်ရသည်။

"လာပါပြီ မာမိကြီး ..."

မာမိကြီးဆီ ပြေးထလာပြီး ဆီးအိုးထိုးပေးရသည်။

"ညည်း အိပ်မပျော်ဘူး မဟုတ်လား စိမ်းလန်းမေ ..."

"ရှင် ..."

"ညည်းအစ်မဆီသွားရမှာမို့ထင်တယ် ... မိုးတောင်လင်းတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မယ်ထင်ပါတယ် မာမီကြီး … အိပ်လို့မပျော်ဘူး၊ စိမ်းမအိပ်တော့ပါဘူး၊ မမသိမ့်ဆီ စောစောပဲသွားလိုက်ပါတော့မယ် … မာမီကြီးကို မနက်စာကျွေးပြီးမှပါ … "

"မလိုဘူး … ညည်းကိစ္စ ညည်းသွားပါ၊ ကျုပ်လည်း လူမမာလေ ကိုယ်ချင်းစာပါတယ် … ညည်းကိုယ်တိုင် ဆေးကုသစရိတ်တွေရပြီဆိုတဲ့အကြောင်း စောစောပြောပြချင်နေမှာ"

"မာမီကြီးရယ် … ကျေးဇူးအများကြီးတင်ပါတယ်နော်၊ မာမီကြီး ကျေးဇူးတွေကို စိမ်း ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူး၊ စိမ်းအတွက် မိခင်တစ်ယောက်ရဲ့ ချစ်ခင်ကြင်နာနွေးထွေးမှုတွေပေးနေခဲ့လို့ပါ … "

ဒေါ်ထားသခင် ရင်ထဲကနေ ကြိတ်ပြုံးမိနေလေသည်။ ကျုပ်က ညည်းအပေါ် သဘောကောင်းခြင်းယောင်ဆောင်ပြနေတာပါ စိမ်းလန်းမေ။ ညည်းအတွက် မိခင်မေတ္တာပေးနေတာ ဟုတ်လား။ ညည်းက ကျုပ်ထောင်ချောက်ထဲ လာမိတဲ့သားကောင်ပဲလေ။ ညည်း တစ်စစီဖြစ်သွားစေရမယ်။ ဒေါ်ထားသခင်ရဲ့ အမုန်းတွေက စိမ်းလန်းမေထံတွင် စုပြုံရောက်ရှိ စူးနစ်နေသည်။

"ညည်း ပြင်ဆင်တော့ … "

"ဟုတ်ကဲ့ … "

"နောက်ဆံမတင်းပါနဲ့အေ … ကျုပ်ချွေးမအလှည့်ပဲ၊ အလုပ်





သမားတွေလည်း ရှိပါတယ်"

"ဟုတ်ကဲ့ … စိမ်းမသွားခင် သောက်ရမယ့်ဆေးတွေကိုလည်း စနစ်တကျ ပြင်ပေးထားခဲ့ပါ့မယ် မာမီကြီး … "

မာမီကြီးအတွက် ပြင်ဆင်စရာရှိတာတွေအားလုံး ပြင်ဆင်ပေးထားခဲ့သည်။ စိမ်း ရေချိုးခန်းထဲဝင်၍ ရေချိုး အဝတ်အစားလဲပြီး သွားခါနီးတွင် မာမီကြီးအား ကြုံ့ကြုံ့လေးထိုင်၍ ရှိခိုးသည်။

"မာမီကြီးက စိမ်းတို့ရဲ့ကျေးဇူးကြီးမားတဲ့ မိခင်ပါ … မမသိမ့်ကိုလည်း စိမ်း ပြောပြပေးပါ့မယ်၊ ပြီးတော့ … စိမ်းအမြန်ဆုံးသည်း ပြန်လာခဲ့ပါ့မယ်နော်"

"ရပါတယ် … ညည်းနားရက်ပဲ အေးအေးဆေးဆေးအစ်မနဲ့တွေ့ကြပါ … ကျုပ် ခွင့်ပြုတယ် … "

စိမ်း ကြုံ့ကြုံ့လေးထိုင်ရှိခိုးပြီးမှ မာမီကြီးအခန်းထဲကနေ ထွက်လာခဲ့သည်။ ခြံထဲရောက်တော့ ကိုနေမင်းထိန်က ကားနှင့်စောင့်နေ၏။ စိမ်းလန်းမေကို လိုက်ပို့ပေးဖို့ မာမီကြီးက တာဝန်ပေးထားလို့ပါတဲ့။

"ကျွန်မ အငှားကားနဲ့ပဲသွားပါ့မယ်ရှင် … ရပါတယ်"

"တက်ပါ စိမ်းလန်းမေ … ကိုယ်တို့က မာမီ့အမိန့်ကို ဆန့်ကျင်ခွင့်မရှိဘူး၊ ကိုယ်လည်း ကုမ္ပဏီသွားမှာပါ … "

စိမ်း ဘာမှဆက်မပြောတော့ဘဲ ကိုနေမင်းထိန်ရဲ့ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်သည်။ အစောကြီး အားနာလိုက်တာ။ မာမီကြီးက လည်းလေ စိမ်းအပေါ် ဂရုစိုက်လွန်း၏။ စိမ်းရင်ထဲမှာ ကျေးဇူးတွေ ကတင်ပြီးရင်း အထပ်ထပ်တင်နေမိသည်။

"စိမ်းလန်းမေ ... "

"ရှင် ... "

"အပြန်ကျရင်လည်း ကျုပ်ဆီဖုန်းဆက်လိုက်ပါ၊ မာမီအမိန့် ပဲ ... "

"အဲဒါကလေ ... မလိုတော့ပါဘူး၊ စိမ်း ပြန်လာပါ့မယ်"

"မာမို့အမိန့်လို့ ပြောပြီးပြီလေ"

"ဟုတ် ... ဟုတ်ကဲ့ ... "

မျက်နှာကျောကြီးကတင်းပြီး လေသံက မာကျောခက်ထန် ထန်ကြီး။ စိမ်းပင် ကြောက်လာသည်။ ကိုလမင်းသာဆိုရင် ဘယ် လောက်ကောင်းလိုက်မလဲ။ စိမ်း မဆီမဆိုင် တွေးမိသွားပြန်၍ လွတ်ထွက်သွားတဲ့ စိမ်းစိတ်တွေကို ပြန်ထိန်းမတ်ရ၏။ သူကတော့ စိမ်းကိုမကြည့်။ ဆေးရုံကြီး ဂိတ်ဝမှာ ကားကိုရပ်ပေးသည်။

"အပြန် ဖုန်းဆက်ပါ"

"ဟုတ်"

နှုတ်ပင်ဆက်မနေတော့ဘဲ ကားကို ဝေါခနဲ ပြန်မောင်း ထွက်သွားသည်။





"အူပုတ်ကြီး ... သူဟာသူ ဘယ်လောက်ပဲ ချမ်းသာ ချမ်း သာ စိမ်းလန်းမေက အထင်မကြီးပါဘူး၊ မာမီကြီးသားတွေထဲမှာ ကိုလမင်းသာပဲ စိတ်သဘောထား ပြည့်ဝတယ် ... "

ဘယ်လိုပဲဖြစ်ဖြစ် စိမ်းကတော့ ကိုလမင်းသာကိုပဲ သတိရ နေသည်။ သူ့အကြောင်းတွေကို ဖျောက်ပြစ်ဖို့ ကြိုးစားမိတာလည်း အကြိမ်ကြိမ်။

"တော်ပြီ ... ဘယ်သူ့အကြောင်းမှ မတွေးတော့ဘူး မမသိမ့် ပျော်သွားအောင်ပဲ အရေးကြီးတယ်"

စိမ်း လှေကားထစ်တွေကို ကျော်ခွတက်ရင်း မမသိမ့်ဆီ ရောက်လာသည်။ မမသိမ့် နိုးနေ၏။ စိမ်းကိုတွေ့လိုက်တော့ အပျော်တွေနှင့် ဝင်းတောက်သွားလေသည်။

"စိမ်း ... ညီမလေး လာပြီလား ... မမသိမ့် အရမ်းမျှော်နေ တာနော်"

ဒေါ်လေးငွေကတော့ နှုတ်ခမ်းကို တွန့်မဲ့ပြသည်။ အတွာကြီး တယ်တဲ့။ စိမ်း မသိချင်ယောင်ဆောင်ပြီး မမသိမ့်အား ပွေ့ဖက် လိုက်၏။ စိမ်းအားအင်တွေ ပြန်လည်ပြည့်ဝသွားရသည်။

"ဒေါ်လေးငွေက ပြောတယ်၊ မမသိမ့် အသည်းအစားထိုး ကုသဖို့ စရိတ်ရလာပြီဆို ညီမလေး ... "

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ရလဲ ..."

"အလုံအလောက်ရှိပါတယ် မမသိမ့်ရဲ့ ... ဘာမှမပူနဲ့နော်"

"ဖြစ်နိုင်ရင် မမသိမ့်က နိုင်ငံခြားမှာ သွားကုချင်တယ်"

သိမ့် အသည်းအစားထိုးကုသလည်း အောင်မြင်ဖို့ ရာခိုင်နှုန်းနည်းသည်တဲ့။ သိမ့် အသက်ဆက်ရှင်ချင်သေးတယ်။ အခုမှ သိမ့်အသက်က သုံးဆယ်ပဲရှိသေးတာပါ။ သိမ့် မသေချင်ဘူး။ စိမ့်ကိုလည်း ပြောပြမိသည်။

"သိမ့်ရယ် ... ညီမလေး စိတ်မကောင်းအောင် မပြောပါနဲ့ကွယ် ... နိုင်ငံခြားမှာသွားပြီး ဆေးကုသဖို့စရိတ်အထိတော့ စိမ်းက ဘယ်လိုရှာနိုင်မလဲ ... အခုတောင် ဒီငွေတွေရလာတဲ့အကြောင်းရင်းကို မေးပါဦး"

"ဒေါ်လေးငွေနဲ့မဆိုင်ပါဘူး ... သိမ့်တို့ညီအစ်မကြား ဝင်မပါနဲ့ ..."

"မမသိမ့်ရယ် ... ဒေါ်လေးငွေကို ဘယ်လိုပြောလိုက်တာလဲ စေတနာနဲ့ပြောတာပါ ... ဒေါ်လေးငွေက မမသိမ့်ကို စောင့်ရှောက်နေတာလေ"

ဒေါ်လေးငွေကို တောင်းပန်တဲ့ မျက်ဝန်းအရိပ်တွေနှင့် စိမ်းကြည့်ပြီး မမသိမ့်စကားတွေကို ဗွေမယူဖို့ အမူအယာနှင့်ပြောရသေးသည်။ မမသိမ့်က ခုထိမောက်မာတုန်းပဲ။ တစ်ခါတလေ စိမ်းကို





သနားသလိုပြောပေမယ့် တကယ်တမ်းကျတော့ ဆေးကုသစရိတ်ရှာစေချင်သည်။

"စိမ်း"

"ရှင် ပြောလေ မမသိမ့် ..."

"ဟဲ့ ... ညီမလေးပြုစုရတဲ့ လူနာအဖွားကြီးက သဘောထားပြည့်ဝသားပဲ ... ဒါနဲ့ သူ့မှာသားသုံးယောက်တောင် ရှိတယ်ဆို"

"အင်းလေ"

"စိမ်း ညီမလေး မအနဲ့နော် ... တစ်ကောင်လောက်ကို ဖမ်း ... ဘယ်သူက ပိုပြီးဩဇာအာဏာရှိလဲ၊ စိမ်း ရုပ်ရည်နဲ့သူ့ရွေး သားကိုချိုင်လို့ရတယ်"

"ဟာ ... မမသိမ့်ကလဲ ဘာတွေလျှောက်ပြောနေတာလဲ၊ မာမီကြီးက အရမ်းစည်းစနစ်ကြီးတယ်၊ သူ့သားတွေကလည်း သူ့ကိုအရမ်းကြောက်ကြရတယ် ... စိမ်းလို သူနာပြုဆရာမလေး မိမရှိဖမရှိ မိန်းကလေးမျိုးကို ရွေးမတော်မလား၊ စိမ်းလည်း မာမီကြီးကျေးဇူးတွေကြီးမားလွန်းလို့ မလုပ်ရက်ပါဘူးနော် ... အမေလိုပဲသဘောထားတယ်"

"ခက်တာပဲ စိမ်းရယ် ... မမသိမ့်ကလေ ညီမလေးဘဝတက်လမ်းအတွက် နည်းလမ်းကောင်းပြပေးတာပါ ... မမသိမ့်က



www.burmeseclassic.com

www.burmeseclassic.com



သေလူပါ”

“မမသိမ့်ရယ် … ဘာတွေပြောနေတာလဲ၊ စိမ်းတစ်ယောက်ထဲတော့ လူ့လောကကြီးထဲမှာ မထားခဲ့ပါနဲ့နော်၊ အသက်ရှင်နေပေးပါ”

“စိမ်း … ”

“ရှင်”

“မမသိမ့်လေ နိုင်ငံခြားမှာပဲ အသည်းအစားထိုးချင်တယ်၊ စိတ်ချရအောင်ပါ စိမ်းရယ်နော် … ညီမလေးကို အပူကပ်တာ မဟုတ်ပါဘူး … ဖြစ်နိုင်ရင်ပြောတာပါဟယ် … မမသိမ့်အတွက်နဲ့တော့ စိမ်း အရမ်းကြီးသောကမထားပါနဲ့ … ”

စိမ်းက ရိုးအသူပါ။ သိမ့်လုပ်သမျှလည်း သည်းခံနိုင်သည်။ ဒီလောက် ချမ်းသာတဲ့ သူဌေးမကြီးမှာ သားသုံးယောက်ရှိတာကိုး။ သိမ့်ပဲ မြင်လိုက်ချင်၏။ စိမ်းက အရမ်းလှတယ်။ အိအိစက်စက် နုနုထွတ်ထွတ်လေး အစ်မကြောင့်ပါ။ သိမ်း သုံးချင်တိုင်းသုံး ဖြုန်းချင်တိုင်းဖြုန်းဖြစ်လိုက်သည်။

“ကဲပါလေ … မမသိမ့် အရမ်းကြီးမတောင်းဆိုတော့ပါဘူး၊ ဖြစ်နိုင်ရင် ပြောတာပါ … အား … ကျွတ် … ကျွတ် … ကိုက်ခဲနေတာပဲ … မောလိုက်တာနော်” -

“မမသိမ့် … မမသိမ့် သတိထားပါနော်၊ ဒေါ်လေးငွေလုပ်ပါ





ဦး … ဆရာဝန်သွားခေါ်ပါ”

မမသိမ့် အရမ်းမောဟိုက်လျက် အသက်ရှူကျပ်နေတာကို စိမ်း မကြည့်ရက်။ ဒေါ်လေးငွေက ဆရာဝန်ပြေးခေါ်နေသည်။

“အရမ်းကြီး မစိုးရိမ်ပါနဲ့ စိမ်း … ညည်းလေး ကျန်းမာရေးထိခိုက်သွားလိမ့်မယ် … ငွေကိုလည်း သဲကြီးမဲကြီး မရှာပါနဲ့အေ၊ ညည်းဘဝ လုံခြုံမှုရော ရှိရဲ့လား … ဒေါ်လေးငွေ အရမ်းစိတ်ပူနေတယ်”

“စိမ်း အဆင်ပြေပါတယ် … မာမီကြီးက အရမ်းချစ်တယ်၊ မိခင်တစ်ယောက်လို စောင့်ရှောက်ထားပေးတယ်၊ စိမ်းအတွက် မပူနဲ့ … မမသိမ့်ကိုပဲ ဂရုစိုက်ပေးပါ … မမသိမ့် ဘာပဲပြောပြော သည်းခံလိုက်ပါ … စိမ်းကို သနားတယ် မဟုတ်လားဟင်”

“စိမ်းလေး မျက်နှာကြောင့်ပါကွယ် … သိမ့်လဲ ဒေါ်လေးငွေတူမပဲ … ညည်းလေး အလုပ်သာ ဖြောင့်ဖြောင့်လုပ်စမ်းပါ”

မမသိမ့် သတိပြန်ရပြီး အခြေအနေကောင်းသွားမှ ကိုနေမင်းထံဆီ ဖုန်းဆက်လိုက်လေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

"သားကြီးနေကို မာမီ အထူးအရေးကြီးတဲ့စကားတွေ ပြောပြဖို့ရှိတယ်"

"ပြောပါ မာမီ ... "

"နေက မာမီ့စည်းစနစ်တွေအတိုင်း မာမီ့ဆန္ဒတွေနဲ့တစ်ထပ်ထဲကျအောင် နေနိုင်တယ်"

"မာမီဆီက ဒီလိုစကားမျိုးကြားရတာ နေအရမ်းဝမ်းသာတယ်၊ နေ့ဘဝမှာ မာမီက အရေးအကြီးဆုံး အမိကပဲ"

"ဟုတ်ရဲ့လား သားကြီးနေရယ် ... မိန်းမရသွားရင် အဲဒီလို လူတွေက အရမ်းကြောက်စရာကောင်းတယ်၊ မိန်းမကို မဆန့်ကျင်ရဲကြတော့ဘူး"

"နေက မိန်းမတွေကို လုံးဝစိတ်မဝင်စားပါဘူး မာမီ၊ စိတ်ချ နေ အချစ်ကို မခံစားတတ်အောင် လေ့ကျင့်ထားပြီးသားပါဗျာ"





မာမီ့ဆန္ဒတွေ တထပ်ထဲကျစေရန် နေမင်းထိန် အချစ်ကို မခံစားတတ်စေရန် သူ့နှလုံးသားတွေကို ကျောက်တုံးလို မာကျောအောင် လေ့ကျင့်ထားခဲ့သည်။ နေ ဘယ်လိုမိန်းမမျိုးကိုမှ စိတ်မဝင်စားခဲ့။ ဒါပေမဲ့ စိမ်းလန်းမေကိုတော့ ချွင်းချက်ထားရမလားဘဲ။ နေ့ နှလုံးသားထဲကို တိုးဝင်လှုပ်ခတ်နိုင်စွမ်းရှိနေသလိုလိုပဲ။ စိမ်းလန်းမေကို သတိတရရှိလာ၏။ ဒေဝါနှင့်စိတ်မချ။ နေ ကာကွယ်စောင့်ရှောက်ပေးလိုသည်။

"နေ"

"ဗျာ ... မာမီ"

"သားကြီးနေ ငိုင်တွေသွားတယ်၊ မာမီက လူတွေရဲ့မျက်နှာကကို အရမ်းခတ်တတ်တယ်နော် ... သားနေ တစ်ခုခုအလေးအနက် စဉ်းစားနေတယ် ... မိန်းမတစ်ယောက်အကြောင်းလား"

"ဗျာ"

မာမီကို လိမ်ညာဖို့ ခက်ခဲမှန်းတော့ သူငယ်စဉ်လေးထဲက သိထားသည်။ မာမီ့ရှေ့မှာ လိမ်ညာလှည့်ဖြားဖို့ နေအလွန်အမင်း ကြောက်ရွံ့ခဲ့၏။ မာမီ့မျက်ဝန်းအကြည့်တွေအောက်မှာ သူ့ခန္ဓာကိုယ်လေး သိမ်ငယ်သေးနုတ်နေသည်။

"သားကြီးနေမှာချစ်ရတဲ့ မိန်းကလေးတစ်ယောက်များတွေ့နေပြီလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားသခင် သိတာပေါ့။ ကိုယ်မွေးထားတဲ့သားတွေပဲ။ သားနေစိတ်ကို လွှမ်းမိုးနိုင်တာ စိမ်းလန်းမေ တစ်ယောက်ပဲဖြစ်နိုင်သည်။

“သား ... သားနေမှာ ဘယ်မိန်းကလေးမှ မရှိပါဘူး ... တကယ်ပါ မာမီ ယုံကြည်ပေးပါ ... မာမီက နေ့ကို မိန်းကလေးတွေကို စိတ်မဝင်စားစေချင်ဘူးလေ ... မာမီ လူ့လောကကြီးထဲမှာ မရှိရင်တောင် နေလူပျိုကြီးပဲလုပ်မှာ ... ကတိ ...”

“ကောင်းပါပြီကွယ် ... သားကြီးနေကို မာမီအယုံကြည်ဆုံးပါနော်”

ဒေါ်ထားသခင်က မိမိနံရံမှာကပ်ထားတဲ့ ပရိဂျက်တာကို ကြည့်ဖို့ပြောလိုက်သည်။

“သားနေ ဟိုမှာကြည့် ... မာမီပြမယ်နော်”

“ဟုတ်ကဲ့”

“ကြည့်”

မိမိ ပရိဂျက်တာမှာ ထိုးပြလိုက်တဲ့ ပုံရိပ်တွေကိုကြည့်ပြီး သားနေမင်းထိန် အထိတ်တလန့် ပြန်ကြည့်သည်။ အိပ်ရာပေါ်မှာ မိမိဖရိုဖရဲနှင့် ပါးပြင်ပေါ်မှာ လက်ဝါးရာထင်းနေ၏။ သားကြီးနေက ဆယ်နှစ်ကျော်အရွယ်။ မာမီ့ကို ဘယ်သူရိုက်တာလဲ ပြောပြပါ သားသွားသတ်မယ်ဟု ဒေါ်သတကြီး လက်သီးလက်မောင်းတန်း





လျှက် အော်ဟစ်ပြောနေလေသည်။

“မာမီ ... ဒါ ... ဒါကို ခုချိန်မှ သားကို ဘာဖြစ်လို့ပြရတာလဲ”

“အခုအရွယ်မှ တိုက်တိုက်ဆိုင်ဆိုင် သားကိုပြဖို့ အခြေအနေ တစ်ခု ဖန်တီးလာလို့ပါ”

“ဘာအကြောင်းလဲဗျာ”

“မာမီ့ပါးကိုရိုက်ပြီး မာမီ့ကို အိပ်ရာပေါ်ဆောင့်တွန်းပြစ်ထားခဲ့တဲ့လူကို သားသိချင်တယ် မဟုတ်လား”

“သိချင်ပါတယ် မာမီ ... ပြောပြပါ။ သား ဘယ်လိုနည်းနဲ့မဆို ဒီလူကို မာမီလုပ်စေချင်တဲ့ဆန္ဒအတိုင်း လက်တုန့်ပြန်ပြစ်မယ်”

“ဟုတ်တယ် ... သားနေက မာမီ့ဆန္ဒနဲ့ တစ်ထပ်ထဲကျတဲ့ သားကြီးပါကွယ် ... မာမီအသိဆုံးပေါ့။ အဲဒီလူက ဘယ်သူလဲသိလား သူနာပြုဆရာမ စိမ်းလန်းမေရဲ့အဖေ ဦးသော်တာမောင်ပဲ”

“ဗျာ”

ဒေါ်ထားသခင်ရဲ့ နှုတ်ခမ်းတွေထဲမှာ နာကြည်းမုန်းတီးမှု ဝေဒနာတွေ ပြည့်နှက်နေလေသည်။ မဲ့ပြုံးတွေ ထင်းနေ၏။ တကယ့်ကို မထင်မှတ်ဘဲ ဆုံတွေ့ခဲ့ကြတာပါ။ သံသရာက တစ်ပတ်ပြန်လည်တတ်တာပဲလေ။ မတတ်နိုင်ဘူး ... မိမိ ငယ်စဉ်ကလေးဘဝ တစပြီး အတိတ်က အဖြစ်အပျက်တွေ အပြည့်အစုံ အတိအကျ သားကြီးနေ နားထဲသို့ စိမ့်ဝင်သွားစေရန် ဖြည်းဖြည်းချင်းပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"မေသူဆိုတာက စိမ်းလန်းမေရဲ့အမေပဲ၊ မာမီ့အသည်းနှလုံးတွေကို ဟက်တက်ကွဲအက်သွားစေသူလေ ... မောင့်ကို ဖြားယောင်းသွေးဆောင်လုယူသွားတာပါ ... မောင့်သူငယ်ချင်းတွေက မာမီ့ကို အားလုံးပြောပြခဲ့ကြတယ်"

ထိုအချိန်က မာမီ့ကို ပါးရိုက်သွားတဲ့သူကို ဓါးဆွဲ၍ပြေးခုတ်ချင်လောက်အောင် သူ ဒေါသထွက်ခဲ့ရသည်။ သူ့မာမီက သူ့ဘဝပဲ သူ့ဘဝတစ်လျှောက်လုံး သူ့ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဆိုတာ တစ်ခုတလေတောင် မရှိစေရ။ မာမီ့ဆန္ဒတွေနှင့် သွန်းလောင်းထားတဲ့ ပုံစံခွက်ထဲက ဖယောင်းတုံးတစ်တုံးပဲဖြစ်ခဲ့၏။ သူ မာမီ့ကိုချစ်သည်။

"သော်တာမောင်နဲ့ မေသူကို မိုးအဆုံးမြေအဆုံး လွန်လျှောမွှေနှောက်ရှာခဲ့တာ ... ဒင်းက မိသားစုနဲ့အတူတူပျောက်ဆုံးသွားခဲ့တယ် ... သံသရာဆိုတာ လည်ပတ်နေတဲ့ သဘာဝတရားကြီးတစ်ခုပဲလေ"

နေ ဘယ်လိုလုပ်ရမလဲ။ နေ့ဒေါသတွေ ချုးကလီးယားမိုးတစ်လုံးကဲ့သို့ ပြင်းထန်စွာပေါက်ကွဲရမည့်အစား သကြီန်မှာကလေးတွေ ရေပက်ကစားစရာ ပလပ်စတစ်ပုံးအဖြစ် ထူးဆန်းစွာပြောင်းလဲသွားသည်။ နေ ဘယ်လိုလုပ်ရမလဲ။ မာမီ့အကြည့်တွေအောက်မှ ထွက်ပြေးတိမ်းရှောင်ထသွားလိုနေခဲ့၏။ ထိုအကြောင်းတွေကို နေ





သိစေရန် မာမီ ဘာကြောင့်ပြောပြနေတာလဲဆိုတာ မာမီ့ဆန္ဒကို နေ သိနေလေသည်။

"စိမ်းလန်းမေရဲ့ မိဘတွေကတော့ သေဆုံးသွားကြပြီနေ၊ သူ့သမီးက ကံဆိုးမိုးမှောင်ကျပြီး မာမီ့ဆီရောက်လာတာပဲ ... မာမီရင်ထဲက ဆူးကို သူနုတ်ပေးရမယ်လေ"

"နေ ဘာလုပ်ပေးရမလဲဆိုတာသာပြောပါမာမီ ... တာဝန်ပေးပါ ... မာမီ့အမိန့်အတိုင်း နေလုပ်ဆောင်ပါ့မယ် ... နေကတော့ မာမီ့ကို ထိပါးတဲ့သူဆိုရင် ဘယ်သူ့ကိုမှ ခွင့်မလွှတ်နိုင်ဘူး"

မာမီ ကျေနပ်စေရန် မျက်နှာထားခက်ထန်တင်းမာစွာဖြင့် နေပြောလိုက်သည်။

နေကတော့ မာမီ့ရှေ့ကပဲ မားမားမတ်မတ် ကာကွယ်ပေးရည်ဖြစ်၏။ သူ့ရင်က နာကျင်ကျင်စူးရှရှ။ မာမီ့ရှေ့မှာ ငယ်စဉ်ကလောက် ဒေါသက ပေါက်ကွဲလွင့်စင်မနေခဲ့။ စိမ်းလန်းမေအပေါ် မာမီဘယ်လိုလက်တုန့်ပြန်မလဲဆိုတာ သူနားထောင်ဖို့ သတ္တိတွေလျော့ရဲကင်းမဲ့နေချင်သည်။

"စိမ်းလန်းမေကို သားဟန်ဆောင်ချစ်ရမယ် ... စိမ်းလန်းမေ ဘဝတစ်ခုလုံးကို စုတ်ပြတ်သွားအောင်လုပ် ... "

နေ လုံးဝခေါင်းခါငြင်းဆန်ပြစ်ချင်တဲ့ ဆန္ဒတွေ ပြင်းပြစွာဖြစ်ပေါ်လာလေသည်။ မာမီ့မျက်ဝန်းတွေကလည်း ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလောက်အောင် ခက်ထန်မာကျောလျှက်။

"မင်းမှာ ဘယ်လိုမိန်းကလေးမျိုးကိုမှ လက်ထပ်ခွင့်မပြုဘူး နော် ... သားကြီးနေက မိသားစုစီးပွားရေးကို ထိန်းသိမ်းဖို့ လူပျိုကြီး ဖြစ်ရမယ် အနှောင်အဖွဲ့ မရှိစေရဘူး ... "

"ဟုတ်ကဲ့ပါ မာမီ"

"ရင်းနှီးအောင်လုပ် ... စိမ်းလန်းမေအပေါ် အချစ်ဆိုတာ တွေ ကြင်နာသနားတာတွေ ... ကိုယ်ချင်းစာနာတာတွေ လုံးဝမရှိ စေနဲ့ အပြစ်ကင်းမဲ့တဲ့ ရွှေသမင်ငယ်လေးတစ်ကောင်ပဲ ဖြစ်နေပါ စေ ... တောနက်ထဲ မျှားခေါ်ပြီး၊ မာမီတို့ မိသားစုတွေ အမဲဖျက်ရ အောင်ပါ"

"မာမီ ... "

"သားနေပဲ မာမီ့ကိုထိရင် ခါးကြည့်ဆို"

သားကြီးအား ခေါ်ထားသခင် အားကိုးရှိရနိုင်ရန် နာမည်ကို ပင် မာမာကျောကျော နေမင်းထိန်ဟု မှည့်ခေါ်ထားခဲ့သည်။

"မာမီ ဒေါက်တာဦးကျော်စွာကို ဖုန်းဆက်မေးပြီးပြီ ... သိမ့်သိမ့်သူက အသည်းအစားထိုးလည်း သေမှာတဲ့၊ သော်တာ မောင်နဲ့မေသူတို့ရဲ့ သမီးနှစ်ယောက်ရဲ့နောက်ဆုံးနိဂုံးကို မာမီ ကြည့် လိုက်ရတာ စိတ်ချမ်းသာလိုက်တာ သားနေရယ် ... "

မာမီရယ်မောနေသည်။





တကယ်တော့ မာမီ့အတွင်းစိတ်က ဒီလောက်ကြီး ယုတ်မာ ကောက်ကျစ်တာ မဟုတ်။ အချစ်အတွက်ပဲ ဖြစ်နေသည်။

ငယ်ရွယ်စဉ်မှာ မုဆိုးမဖြစ်ခဲ့ရ၍လည်း မာမီမာနတွေ အတ္တ တွေနှင့် သားသုံးယောက်အတွက်ကို စိတ်မာကျောစွာ နေထိုင် ရှင်သန်ဖြတ်သန်းလာခဲ့၏။

စိမ်းလန်းမေ ရောက်လာတာလည်း ကံဆိုးမိုးမှောင်ကျစွာ ပေးဆပ်ဖို့ပဲ ဖြစ်နိုင်သည်။

"စိမ်းလန်းမေက ရိုးတယ်၊ သားနေ ထောင်ထဲအသားလေး ခင်လာနိုင်တယ်၊ သားငယ်ဒေဝါကတော့ အကြမ်းပတမ်းပဲ၊ ပြဿနာ တက်နိုင်တယ်လေ ... "

နေမင်းထိန်ကတော့ မာမီ့စကားကို တသွေမတိမ်း နား ထောင်တတ်တာ အကျင့်ပါနေပြီ ဖြစ်သည်။

"ဟုတ်ကဲ့ပါ မာမီ ... နေ အစွမ်းကုန် မာမီ့ဆန္ဒကို ဖြည့်စွမ်း ပေးပါ့မယ်"

ထိုအချိန်တွင် စိမ်းလန်းမေထံမှ ဖုန်းလာသည်။

"ကိုနေမင်းထိန် လာကြိုဖို့အဆင်ပြေရဲ့လား ... ကျွန်မ ပြန် လာခဲ့ပါ့မယ် ... အားနာလို့ပါ ... "

"ရတယ် ... စိမ်းလန်းမေ ကိုယ်လာခဲ့မယ်၊ မင်းဆေးရုံရှေ့ မှာပဲ ရပ်စောင့်နေပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"စိမ်းလန်းမေကို သွားကြိုလိုက်ဦးမယ် မာမီ ..."

"ကောင်းလိုက်တာ ... မာမီ့စကားတွေကို အကောင်အထည်ဖော်ဖို့ ကြိုးစားတော့နော် သားနေ ..."

"စိတ်ချ ..."

"သွားတော့ ..."

မာမီ့ပါးပြင်ကို ဖက်ရမ်းနမ်းရှိုက် နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ သူနှင့်မာမီတို့ရဲ့ သံယောဇဉ်ကြိုး ခိုင်မြဲမှုရဲ့ သင်္ကေတပါ။

နေ အပြင်ထွက်တိုင်း နေ့စဉ်မပျက် ယနေ့အထိပင် မာမီ့ကို နမ်း၍ နှုတ်ဆက်ရသည်။

"ကိုယ်က မိန်းကလေးတွေနဲ့ ကင်းရှင်းအောင် တမင်နေထိုင်ခဲ့တယ် စိမ်းလန်းမေ ... ဘာဖြစ်လို့လည်း သိလား၊ ကိုယ့်မှာ ဘယ်လိုမိန်းမမျိုးကိုမှ လက်ထပ်ခွင့် မရှိလို့ပါ"

စိမ်းလန်းမေကိုတော့ နေ ရက်စက်ဖို့ ခက်ခဲနေလေသည်။

မာမီဆန္ဒကြောင့်ပါ။ သူငယ်စဉ်က မာမီ့ပါးပေါ်မှာ လက်ချောင်းရာတွေ ထင်းနေအောင် ရိုက်သွားတဲ့သူကို မုန်းတီးမိကာ အသေသတ်ပြစ်ချင်နေခဲ့၏။

စိမ်းလန်းမေကိုတော့ မဆိုင်ဘူးဟု ထင်နေလေသည်။

"ကိုနေမင်းထိန်ရယ် ... အားနာလိုက်တာ စိမ်းကရပါတယ်၊





တနင်္ဂနွေနေ့တိုင်း အပြင်ထွက်မှာမို့ နောက်တစ်ခါ လာကြိုစရာမလိုပါဘူး ... မာမီကြီးကိုလည်း ပြောပေးပါ့မယ်"

"စိမ်း ..."

"ဟင်"

"စိမ်းက မာမီ့ကို စေတနာနဲ့ ပြုစုပေးနေတာပါ၊ ကိုယ်သိပါတယ် ... ကိုယ်တို့အိမ်နဲ့ပတ်သက်ပြီး စိမ်း ဘာကိုမှ အားနာစရာမလိုပါဘူး ... ဒီလောက်လေးတော့ လုပ်ပေးရမှာပေါ့"

စိမ်း အရမ်းကိုပဲ အံ့သြသွားရသည်။

ဘယ်တုန်းကများ ကိုနေမင်းထိန် နောင်တတွေရပြီး ယဉ်ဆွေးပျူငှာသွားရတာလဲ။ အမြဲတမ်း ရုပ်တည်ကြီးနှင့် စကားကို ယဉ်မကျေး ခက်ထန်စွာ ပြောဆိုခဲ့သူဖြစ်၏။

စိမ်းကို စတွေ့တွေ့ချင်းပဲ စိမ်းစိမ်းပြတ်ပြတ် ဆက်ဆံခဲ့သူပဲဖြစ်သည်။

"ကိုယ်အလုပ်တွေများနေလို့ ဘာမှစားမလာခဲ့ရဘူး စိမ်းရယ် ... ကိုယ့်မာမီချစ်တဲ့ သူနာပြုဆရာမလေးကို ကိုယ်က ကြွမ်းကြွမ်းတမ်းတမ်း မာမာထန်ထန် ဆက်ဆံနေလို့ ဘယ်ဖြစ်မလဲ ... ကိုယ်တို့ တစ်ခုခုသွားစားကြရအောင်"

"ရှင်"

"စိမ်းလည်း လူနာကြည့်ရတာ စိတ်သောကရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ... ကိုယ့်ကို စိမ်း မိသားစုဝင်တစ်ယောက်လိုပဲ သဘောထားပါ ကွာနော် ... စိမ်း"

"ဟုတ် ... ဟုတ်ကဲ့"

စိမ်းလန်းမေရဲ့ ဖြူစင်ရိုးသားမှုက သူမမျက်ဝန်းလေးတွေ ထဲမှာ ပြည့်နှက်နေလေသည်။ နေ့ တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးတဲ့ ပကတိရိုးသားမှုတွေ မျက်နှာပြင်လေးက ပန်းသွေးရောင်ထနေ၏။ စိမ်းလန်းမေ ရှက်နေသည်။

"ကိုယ်တို့အရမ်းကို လှပအေးချမ်းတဲ့နေရာလေးတစ်ခုကို သွားကြမယ် ... ကိုယ်ရော စိမ်းရောက တာဝန်တွေပိပြီး စိတ်ပင်ပန်း နွမ်းနယ်ကြသူတွေပဲလေ ..."

အမလေးနော် ... စိမ်း အိပ်မက်မက်နေတာလား။ ကိုနေမင်းထိန် အပြောင်းလဲကြီး ပြောင်းလဲသွားပုံက မယုံနိုင်စရာပါပဲ။

ဒါပေမဲ့ ... စိမ်းလည်း မမသိမ့်ကြောင့် လူပန်း စိတ်ပန်းနှင့် နွမ်းလျှ ညှိုးရော်နေ၍ ကိုနေမင်းထိန် ခေါ်ဆောင်ရာနောက်သို့ လိုက်လာခဲ့မိလေသည်။

☆



အခန်း ( ၉ )

"စိမ်း"

"ရှင်"

"ဒီနေရာလေးကို စိမ်း သဘောကျရဲ့လား"

"ကောင်းလိုက်တာ ... ကိုနေမင်းထိန်ရယ် အရမ်းသာယာ တာပဲ ... စိမ်းတို့လို ဆင်းရဲသားတွေအတွက် တကယ့်ကိုအိပ်မက် ကမ္ဘာလေးတစ်ခုပဲ"

"စိမ်း ... ဘာစားမလဲ"

"ဟို ... ဟို ... ကိုနေမင်းထိန် စားချင်တာပဲ မှာပါနော်၊ စိမ်းက ဘာမဆိုရပါတယ်၊ စိမ်းက ထမင်းနဲ့ဟင်းပဲ စားဖူးတာပါ၊ ဒါတောင် ... ဟင်းက ကောင်းကောင်းမဟုတ်ဘူးလေ"

"ငပိရည်နဲ့ တို့စရာလား"

"အဟက်"



www.burmeseclassic.com

www.burmeseclassic.com



စိမ်း ပြီးလိုက်တာ အရမ်းကိုချစ်စရာကောင်းသည်ဟု သူ ထင်မိသွားသည်။

မဖြစ်သင့်ဘူး ... စိမ်းနဲ့ပတ်သက်ပြီး မင်းမှာအချစ်ဆိုတာ ခံစားခွင့်မရှိဘူး။

စိမ်းလန်းမေကို နေ သေသေချာချာကြည့်မိနေ၏။ ပန်းသွေးရောင် မျက်နှာလေးပေါ်မှ မျက်တောင်ကော့ကော့လေးတွေက ဖျတ်ခနဲ ပင့်တက်လာပြီး ရှတ်ချည်းပဲ ပြန်လည် ညွတ်ကျသွားလေသည်။

"စိမ်း"

"ရှင်"

"အားမနာပါနဲ့ ... ကိုယ့်ကို ရင်းရင်းနှီးနှီး ရဲရဲတင်းတင်း ဆက်ဆံပါ ... ဆောရီးပဲကွာ၊ စိမ်းနဲ့စတွေ့စဉ်က မာမာထန်ထန် တည်တည်တင်းတင်း ပြောဆိုဆက်ဆံမိသွားတယ် ... တောင်းပန် ပါတယ်နော် စိမ်း ... "

"ရပါတယ် ကိုနေမင်းထိန် ... တွေ့ကာစမှာတော့ ဒီလိုပါပဲ လေ ... တစ်ယောက်အကြောင်းမှ တစ်ယောက်မသိသေးကြတာ"

ဒါပေမဲ့ ...

ကိုနေမင်းထိန်ရဲ့မျက်ဝန်းအရိပ်တွေ ပျော့ပြောင်းနူးညံ့သွား လိုက်တာ မာကျောခက်ထန်တဲ့ အရိပ်တွေပြောင်းလဲသွားလိုက်နှင့်





စိမ်း မယုံမရဲဖြစ်လာရသည်။ စိမ်း ကြောက်နေမိ၏။

သူ ... သူ ဘာသဘောနဲ့ စိမ်းအပေါ် ဒီလောက်အထိ သဘောကောင်းပြနေရတာလဲ။ ဒေါ်ထားသခင်ရဲ့အမိန့်ကို စိမ်း သိထား၏။ သူ့သားတွေ အောက်တန်းစား မိန်းကလေးတွေနှင့် လက်ထပ်ခွင့် မရှိပေ။ မသိရိုးသော်လို မိန်းမမျိုးကိုတောင် မလွှဲသာ မရှောင်သာ ချွေးမအဖြစ် လက်ခံထားနေရသည်။

"ကျွန်မ ... ကျွန်မလေ အပြန်အရမ်းနောက်ကျနေရင် မာမီ ကြီးတစ်မျိုး ထင်မလားဘဲ ... မြန်မြန်စားပြီး ပြန်ကြရအောင်ပါ နော်"

"ရပါတယ်စိမ်းရယ် ... ကိုယ် ပြောခဲ့ပါတယ်၊ မာမီ့ဆီခွင့် တောင်းပြီးပါပြီ"

"ဟင်"

"မင်း ဘာတွေအံ့ဩထိတ်လန့်နေရတာလဲ စိမ်းလန်းမေ"

"စိမ်းကလေ ... ကျွန်မက ဟို ... တာဝန်ကလွဲပြီးအပိုတွေ မလုပ်ချင်ပါဘူး၊ စိတ်လည်း မလုံဘူး ... ပြန်ချင်ပါတယ်ရှင်"

စိမ်းလန်းမေကို သူ တစိမ့်စိမ့်ကြည့်မိနေယင်း မုန်းတီးနာကြည်းခြင်းတွေထက် အချစ်တွေပဲ ယိုစိမ့်စီးဆင်းလာသည်။

သူ့ရှေ့မှာရှိနေတဲ့ ယုန်သူငယ်လေးတကောင်ကို ဆွဲယူကိုက်သတ် အမဲဖျက်ဖို့ဆိုတာ သူ့နှလုံးသားတွေက လက်မခံနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com

မာမီ့ကို နေ လုံးဝမရက်စက်နိုင်ဘူးဟုလည်း မပြောရဲ။ စိမ်းလန်းမေက ကံဆိုးစွာ မာမီ့ရန်သူတွေရဲ့သမီး ဖြစ်နေ၏။

ပျော့ညံ့သွားတဲ့သူ့စိတ်ကို ပြန်တင်းပြစ်ရသည်။

"စိမ်း စားပါ ... ကိုယ်ပြန်ပို့ပေးပါ့မယ် ... စိတ်ချလက်ချ စားနော်"

"ဟုတ်ကဲ့"

စိမ်းလန်းမေက နေမင်းထိန်ရဲ့ ပိုက်ကွန်ထဲကို တိုးဝင်လာတဲ့ ယုန်ဖြူလေးတကောင်လား။ သူ ကြင်နာပြသလိုနှင့် စားစရာတွေကို စိမ်းလန်းမေ ပန်းကန်ထဲ တယုတယ ထည့်ပေးနေသည်။

"စိမ်း"

"ရှင်"

"လိုအပ်တဲ့အကူအညီရှိနေရင် ကိုယ့်ကိုပြောပါ ... တကယ်လို့ပေါ့ စိမ်းအစ်မ သိမ့်သိမ့်မေ နိုင်ငံခြားမှာ ဆေးသွားကုသပေးချင်လား"

"ရှင်"

မမသိမ့်က နိုင်ငံခြားမှာ ဆေးကုသချင်တဲ့ဆန္ဒတွေ ရှိနေသည်။ နဂိုထဲကပဲ မမသိမ့်က အတ္တကြီးသူပါ။

စိမ်းကိုပင် သူဌေးသားတစ်ယောက်ယောက်က လာစချင်အောင် ရေလာမြောင်းပေးလုပ်တဲ့ အမိအရ ဖမ်းလိုက်တဲ့။ စိမ်းမလုပ်ရဲပါဘူး။ အချောင်ချမ်းသာတဲ့ အလုပ်တွေကို စိမ်း မုန်းတီးတယ်။ ကိုယ်နဲ့တန်ရာတန်ရာပဲ စိမ်း မှန်းတတ်သည်။

ကိုနေမင်းထိန်ကတော့ စိမ်းကို ရုတ်တရက်ကြီး အရောတဝင် လုပ်လာတာ မရိုးသားဘူးဟု စိမ်း ထင်နေမိသည်။

"စိမ်းတို့ ပြန်ကြရအောင်ပါနော် ... နည်းနည်းတောင် နောက်ကျနေပြီ"

"စိမ်း"

"ရှင်"

"စားလို့ကောင်းလား"

"ဟုတ်ကဲ့ ကောင်းပါတယ် ... အရမ်းကို အရသာရှိပါတယ်"

စိမ်း အရသာ ဘယ်လိုနေမှန်းပင် မစဉ်းစားနိုင်။ စိမ်းရင်တွေ မှုလောင်နေသည်။ စိမ်း အိမ်ရှင်မိသားစုဝင်တွေနှင့် အရောတဝင် မှုပ်ရှပ်ယှက်ယှက် မလုပ်လိုပေ။ အကင်းရှင်းဆုံးနေလိုခဲ့၏။ မမသိမ့်လို စိတ်မျိုးလည်း စိမ်း မထားနိုင်။ ရှက်လွန်း၍ စိမ်း ခန္ဓာကိုယ်လေးတစ်ခုလုံး ထူပူနေမိသည်။

ရှင့်ကို ကျွန်မ အထင်ကြီးသွားမယ် မထင်နဲ့နော်။

"စိမ်း"

"ရှင်"

"စိမ်း ... ကြောက်နေတာလား"





www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"စိမ်းက အရှက်အကြောက်ကြီးလွန်းတဲ့ မိန်းကလေးပဲ"

သူ ရယ်ပြစ်သည်။ စိမ်းက ရိုးသားဖြူစင်သူလေးပါ။ မင်းကံဆိုးတာပဲ စိမ်းလန်းမေ။ တစ်ချိန်က မာမီ့ပါးပြင်ပေါ်က ဒဏ်ရာတွေကိုကြည့်ပြီး နေမင်းထိန် ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲခဲ့ရသည်။ စိမ်း အပြစ်မရှိသူပါ။ မာမီ့အမိန့်က သူ လုံးဝမလွှဲမသွေ နာခံရမည်ဖြစ်၏။

အချစ်ဆိုတာကို သားကြီးနဲ့မှာ စဉ်းစားခံစားပိုင်ခွင့် လုံးဝမရှိဘူးနော်ဟု သူ့ကိုရိုက်သွင်းထားခဲ့တဲ့ မာမီ့ဝါဒပဲ နာခံရမည်ဖြစ်သည်။

"ကျွန်မ ပြန်ချင်ပါပြီ ကိုနေမင်းထိန် ... မာမီ့ကိုလည်း စိတ်မချလို့ပါနော်၊ ကျွန်မအပေါ် မာမီက တစ်မျိုးထင်သွားမှာကြောက်လို့ပါတယ်ရှင်"

စိမ်းလန်းမေရဲ့ မျက်နှာလေးပေါ်မှာ ပန်းသွေးရောင်ထနေသည်။ ညရဲ့ မီးရောင်အောက်မှာပင် ပါးပြင်လေးတွေ ရဲရဲထနေတော့ နှလုံးသားမရှိတဲ့ နေမင်းထိန်လိုကောင်ရှေ့မှာ ရောက်နေတဲ့ သိုးငယ်လေးတစ်ယောက်ပဲ။

"မာမီ့ကို ကိုယ်ပြောထားပါတယ် စိမ်းရယ် ... မစိုးရိမ်ပါနဲ့ စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေရတဲ့ စိမ်းကို မာမီကလည်း အပန်းဖြေ





စေချင်တဲ့ဆန္ဒ ရှိပါတယ်"

"ရှင်"

မာမီကြီးက စိမ်းအား သမီးလေးတစ်ယောက်ကဲ့သို့ ချစ်ခင်အားကိုးတာတော့ စိမ်းသိသည်။ စိမ်းကို ယုံကြည်လို့ပဲလား။ မာမီကြီး ဘယ်လောက်ပဲ ယုံကြည်နေပါစေ စိမ်း မနေချင်ပေ။ တော်ပါပြီ ... စိမ်း နောက်အပြင်မထွက်တော့ဘူး။ မာမီကြီးကို ပြောရမယ်။ တကယ်ပင် စိမ်းလက်ဖျားလေးတွေ အေးစက်ပြီး ရင်တွေရော ခန္ဓာကိုယ်ကရော ပူထူနေသည်။

"စိမ်း"

"အမေ့"

စိမ်းလက်ကို သူက ရုတ်တရက် ဆုပ်ကိုင်လိုက်၍ အလန့်တကြားနှင့် အတင်းရုန်းဖြစ်သည်။

"စိမ်းလက်တွေ ရေခဲတုံးလေး ဖြစ်နေပြီပဲ ... ကြည့်စမ်းပါဦး ... မျက်နှာဖြူဖြူလေးက ပန်းသီးနှစ်လုံး တင်ထားသလိုပဲ"

"ကိုနေမင်းထိန် ကျေးဇူးပြုပြီး ကျွန်မ ပြန်ပါရစေ ... တောင်းပန်ပါတယ်"

အချိုးပြောင်းလာတဲ့ ကိုနေမင်းထိန်ကို စိမ်း အယုံအကြည်မရှိတော့။

စတွေ့ကာစက စိမ်းအား တင်းတည်စွာ ဆက်ဆံခဲ့သူ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီလူ ဘာဖြစ်လို့များ ဒီလောက်အထိ နူးညံ့နေရတာလဲ။ စိမ်းကြောက်ပါတယ် ... စိမ်းကဲ့သို့ အောက်တန်းစား မိန်းကလေး တစ်ယောက်နှင့် သူ့သားကြီးအား လွှတ်ပေးထားတာတော့ လုံးဝ မဖြစ်နိုင်ပေ။

ကိုနေမင်းထိန်က စားနေကျ ကြောင်ဖားကြီးလား။ သူ့ညီမိုးဒေဝါကလည်း လူယုတ်မာ။

စိမ်းသတိရနေတာက ကိုလမင်းသာပါ။ မဆီမဆိုင် ဖနီးမယားရှိနေတဲ့ အိမ်ထောင်ရှင်ကို စိမ်းလုံးဝသတိရဖို့ သင့်ပါဘူး။ သူမ ထပြန်ဖို့ ကြိုးစားသည်။

"ထိုင်ပါဦး စိမ်းရယ် ... စိမ်း ဘာမှလည်းမစားရသေးဘူး ဘာကိုမှကြောက်နေစရာမရှိဘူး ... မယုံရင် မာမီဆီဖုန်းဆက်ကြည့်လိုက်"

"ဟာ ... မဆက်ပါဘူး ... ကျွန်မ စိတ်ကိုက နေလို့မရတော့ဘူး၊ တောင်းပန်ပါတယ် ... အစားအစာတွေလည်း ကျွန်မမျိုချလို့မရတော့ဘူး ... ပြန်မယ်"

သူမ ထသည်။ ဆက်ထိုင်နေလျှင် စိမ်း သေမလားဘဲ။ ရင်တွေက တဒိန်းဒိန်းခုန်နေသည်။ မတ်တပ်ရပ်ဖို့ပင် အတော်လေး အားယူနေရ၏။ သူက ရယ်နေသေးသည်။ ဘာဖြစ်လို့မှန်းမသိဘူး။ စိမ်းစိတ်ထဲမှာ ကိုနေမင်းထိန်အပေါ် ရက်စက်သူတစ်ယောက်ဟုခဲ





ထင်မှတ်နေခဲ့သည်။

"စိမ်း ပြန်မယ်"

"စိမ်း ... "

"ဆက်ထိုင်နေလို့ မဖြစ်တော့ဘူး ... ကျွန်မလဲပြို့ကျတော့မတတ်ဘဲ ... တောင်းပန်ပါတယ်ရှင် ... ပြန်ပါရစေ"

"အိုကေ ... ပြန်ပို့ပေးပါ့မယ်၊ ဆောရီးနော် စိမ်း ... ကိုယ် ဒီလောက်အထိ မရည်ရွယ်ပါဘူး ... တောင်းပန်ပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးအများကြီးတင်ပါတယ်ရှင်"

သိုးဖြူလေးက ကျားရှေ့မှာမှ မှောက်လျက်လဲနေသည်။ ခါမီကိုလည်း ယုံကြည်ချစ်ခင်နေတဲ့ စိမ်းလန်းမေ။ မင်းက တကယ့်ကိုက်ဆိုးမိုးမှောင်ကျတဲ့ ကောင်မလေးတစ်ယောက်ပဲ။ မိန်းမတစ်ယောက်ကို မချစ်တတ်တဲ့ကောင်တောင် သနားမိသလိုလို။ သူ့ခွေ ရှင်းလိုက်သည်။

"လာ ... "

"အို ... ဟို ... ဟို ... "

"စိမ်းလန်းမေ အရမ်းကြောက်နေလို့ ကိုယ်တမင်လက်ဆွဲခေါ်တာပါ ... မင်းလမ်းလျှောက်ဖို့တောင် ခက်ခဲနေတယ်ထင်တယ်"

"ဟုတ် ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ရောက်မှ စိမ်းအသက်ကို ဖြောင့်ဖြောင့်ရှူနိုင်တော့သည်။ အမလေး ... မာမီကြီးသားတွေကို ကြောက်ပါတယ်။ စိမ်းအား ဖျက်စီးဖို့ကြံစည်နေကြ၏။ စိမ်းအပေါ် စေတနာ မေတ္တာကြီးမားသော မာမီကြီးကိုလည်း ပြောမပြချင်ပေ။ စိတ်ညစ်သည်။

"စိမ်း"

"ဟင်"

"ဘာတွေတွေးပြီး ငြိမ်သက်နေတာလဲ"

"ဘာမှမဟုတ်ပါဘူး ... ကျွန်မ ပြန်ချင်လို့ပါနော်"

"ဟား ... ဟား ... ဟား ... "

သူ ရယ်ပြစ်သည်။ မင်းမှောက်လျှက်လဲနေတာ ကျားရှေ့မှာရော ကြမ်းတမ်းခက်ထန်ရိုင်းစိုင်းတဲ့ မုဆိုးကြီးရှေ့မှာကွ။ စိမ်းလန်းမေကို သူ သနားသလိုလို။ မာမီက အချစ်တွေ အကြင်နာတွေ သနားတာတွေ လုံးဝမရှိစေရတဲ့။

"စိမ်းကို ကိုယ်အရမ်းသဘောကျသွားပြီ ... ကိုယ့်လို ကြမ်းတမ်းခက်ထန်တဲ့ လူတစ်ယောက်ရဲ့နှလုံးသားတောင် နူးညံ့လာတယ် ... မင်း အရမ်းစွဲဆောင်မှုရှိတယ်ကွာ"

"ရှင်"

"ဟား ဟား ဟား ... "

ဘုရားရေ ... ဒီလူ အလကားပဲ။ ရှင့်ကို ကျွန်မက ကြောက်





နေမယ်ထင်နေလို့လား ကိုနေမင်းထိန် ... ရင်တွေပူလာသည်။

"စိမ်းရယ် ... သူဌေးသားကို အမိအရ ချိုင်ပြစ်လိုက်ပါဟာ၊ နင့်ကို သူဌေးကတော်ဖြစ်စေချင်လို့ပါ ... ငါ့အတွက် မဟုတ်ပါဘူး၊ နင့်အနာဂတ်အတွက် အကောင်းဆုံးလမ်းညွှန်ပေးတာပါ"

မမသိမ့်စကားတွေကို စိမ်း လက်မခံနိုင်ပါဘူး။ စိမ်း ဒီလိုလဲ ချမ်းသာချင်။ မမသိမ့်ကတော့ အမြဲတမ်းမဟုတ်တာတွေပဲ လုပ်ဘတ်နေသည်။

"စိမ်း"

"ရှင်"

"ဘာရှင်လဲ"

"ဟို ... ဟို"

"အိမ်ရောက်ပြီ"

"ဟင်"

ကားက ခြံထဲရောက်နေတာပင် စိမ်း သတိမထားမိ အတွေးလွန်နေသည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

လမင်းသာ အကြည့်တွေက ခြံထဲသို့ ကားတစ်စီးဝင်လာသည်ကို စိတ်တွေလေးလေးလံလံနှင့် ရောက်သွားသည်။ ဓနီးသီရိလည်း ပြန်မလာသေး၍ မဟုတ်မဟုတ်တွေများ တွေ့ရမလားဟု မရဲတရဲ ကြည့်လိုက်၏။

ကိုကြီးနေပဲ။

ကားပေါ်က ဆင်းလာသူက သူနာပြုဆရာမလေး စိမ်းလန်းမေပဲ။ သူ စိတ်တွေက မဆီမဆိုင် ပူပင်သွားသည်။

"ဒီသူနာပြုဆရာမကို သွားကြိုခဲ့တာထင်တယ် … မိုးတောင်ချုပ်နေပြီ၊ ကိုကြီးနေ ဒီလိုအလုပ်မျိုးတွေ တစ်ခါမှ မလုပ်ဖူးပါဘူး"

သူ့စိတ်တွေ ထူးဆန်းနေသည်။ မာမီက ကိုကြီးနေအား မိန်းမယူခွင့် လုံးဝမရှိဟု အမိန့်ပေးထားခဲ့၏။ ကိုကြီးနေမှာ မိန်းကလေးတွေနှင့်ပတ်သက်ပြီး လုံးဝခံစားချက် ကင်းမဲ့နေစေရန် မာမီ





ကိုယ်တိုင် ယယ်စဉ်လေးထဲက သွန်သင်ပုံစံရိုက်သွင်းပေးထားခဲ့တာ လမင်းသာအသိဆုံးပင်။ မာမီကရော လွှတ်ပေးထားတာလား … ဖြစ်ဘူး … စိမ်းလန်းမေ … မင်း ဘုဝပျက်မယ်။ မိုးဒေဝါထက် ဆိုးတယ်ကွ။ လမင်းသာ တားဆီးချင်သည်။

"ငါနဲ့မဆိုင်ပါဘူးလေ … ငါ့ဓနီးကိုတောင် ငါတားဆီးနိုင်တာမဟုတ်တာဘဲ၊ ငါကရော ဘာအသုံးကျလို့လဲ"

သီရိ ညအချိန်မတော်ကြီး အပြင်မှပြန်ပြန်လာတတ်တာကို အမေပိုင် ယောက်ျားတစ်ယောက်အနေနှင့် ဟန့်တားနိုင်တဲ့ပါဝါမရှိ။ သီရိက အရမ်းကြောက်စရာကောင်းတဲ့ မိန်းမပဲ။ အရှက်လည်းမရှိ။ လမင်းသာ ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမဲ့ရမှာ ကြောက်လွန်း၍ သည်းခံနေမိခြင်း ဖြစ်သည်။

"တော်ပြီ … သီရိလည်း စောင့်မနေတော့ဘူး ပြန်မယ် … အိပ်ဖြစ်တော့မယ်"

သီရိကို ထွက်ကြိုနေတာက မာမီနှင့်ပတ်ဝန်းကျင်ကြောင့်။ သီရိကိုယ်တိုင် လမင်းသာကို နည်းနည်းလေးမှ ဂရုစိုက်တတ်သူမျိုးမဟုတ်ခဲ့။ သူ့အခန်းကိုပြန်ဖို့အလာတွင် လှေကားထိပ်မှာ ဆန်ခုံတစ်ယောက်နှင့် ဝင်တိုးမိသွားသည်။ အိစက်စက် ကိုယ်လုံးလေးက သူ့ရင်ခွင်ထဲရောက်လာကာ လှေကားပေါ် ပြုတ်မကျစေရန် သူ့ခန္ဓာကိုယ်နှင့် ထိန်းမတ်ပွေ့ဖက်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ..."

"ဟာ ..."

"အင့် ..."

"မင်း ... မင်း ..."

"အမလေး"

သေသေချာချာကြည့်လိုက်တော့ စိမ်းလန်းမေ ဖြစ်နေသည်။ ဘာဖြစ်လို့များ အပြေးအလွှား အမောတကော ပြေးတက်လာခဲ့ရတာလဲ။

"ရှင် ... ရှင် ..."

"မင်း ဘာဖြစ်လာရတာလဲ စိမ်းလန်းမေ"

"ဟို ... ဟို ... ဟိုလူ ..."

"ကိုကြီးနေလား"

"အင်း ... သူ ... သူလိုက်လာလားလို့ပါ"

"မလိုက်ပါဘူး ... မင်းကို ဘာလုပ်လို့လဲ ... မင်းနောက်မှာ ဘယ်သူမှလိုက်မလာပါဘူး၊ စိတ်ကို ငြိမ်ငြိမ်ထားစမ်းပါ စိမ်းလန်းမေ"

"ရှင် ..."

"မင်းလေ့ကားပေါ်က ပြုတ်ကျသွားတော့မလို့"

"အမလေး ... ဘုရား ကယ်ပါ ... ကျွန်မ ... ကျွန်မ အရမ်း





အကြောက်လွန်သွားတယ်"

သူမ ခန္ဓာကိုယ်လေးအား ကိုလမင်းသာရဲ့ရင်ခွင်ထဲမှ ရုန်းထွက်ဖို့ပင် အင်အားတွေကုန်ခမ်းနေသည်။ အားကိုးတကြီး ဖက်တွယ်ထားချင်သေးနေ၏။ ဒါပေမဲ့ ... မဖြစ်သင့်ပေ။ သူ့မှာ ဇနီးရှိတယ်။ မာန်မာနကြီးပြီး ခက်ထန်မာကျောသူပါ။ သူမ အတင်းရုန်းထွက်လိုက်သည်။

"ဆောရီးနော် ... ကျွန်မ အလောတကြီးပြေးလာမိလို့ တောင်းပန်ပါတယ်ရှင်"

"စိမ်းလန်းမေ ..."

"ရှင် ..."

"မင်းကိုယ်မင်း ထိန်းသိမ်းပြီး သတိထားနေထိုင်ဖို့ ကိုယ်သတိပေးချင်တယ်"

"ဟုတ် ... ဟုတ်ကဲ့ပါရှင်"

"သွားတော့"

"ဟုတ်ကဲ့"

လမင်းသာ အနေနှင့် ထိုစကားထက်ပို၍ ပြောဆိုအသိပေးခွင့်မရှိခဲ့။ သိရိုတွေ့သွားလျှင် ပြဿနာက မိုးမီးလောင်သွားနိုင်သည်။ ကိုယ့်မိသားစုတွေရဲ့အကျင့်စရိုက်တွေကိုလည်း မပြောချင်။

စိမ်းလန်းမေအား ကာကွယ်နိုင်ခွင့်လည်း မရှိခဲ့။ သနားမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

“မင်းက အရမ်းဖြူစင်ပါတယ်၊ အပြစ်ကင်းလိုက်တာ … ကိုယ်တို့မိသားစုထဲ ရောက်လာတာ မင်းကံဆိုးမိုးမှောင်ကျမှုပဲလေ”

စိမ်းလန်းမေ ရုတ်တရက် ခြေလှမ်းပင်စတင်မလှမ်းနိုင်သေးပဲ ရင်ဘတ်လေးကို ဖိ၍ ခဏရပ်နေသေးသည်။

မာမီရှေ့မှာ နေထိုင်ဖို့က ခက်ခဲ၏။ လမင်းသာတို့လို သားတွေပင်မလွယ်ခဲ့။ ခန္ဓာကိုယ်လေး ဒယိမ်းဒယိုင်ရှိနေဆဲပင်။

ကိုနေ ဘာလုပ်လိုက်လို့လဲ။ တစ်စုံ တခု မလုပ်ဘဲနှင့်တော့ စိမ်းလန်းမေ ဒီလောက်အထိ ကြောက်ရွံ့ထိတ်လန့်နေမှာမဟုတ်။

လမင်းသာကိုယ်တိုင် ဝင်ရောက်စွက်ဖက် ပြောဆိုနိုင်ခြင်း မရှိပေ။

“စိမ်းလန်းမေ … မင်း မသွားနိုင်သေးဘူးလား၊ ဟုတ်တယ် ခဏလောက်နားလိုက် … မာမီရှေ့မှာ ဒီလောက်တုန်လှုပ်နေရင် မင်းကို မေးခွန်းတွေ မေးခံရလိမ့်မယ် … ကိုယ်လည်း ခံစားဖူးလို့ ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ … မင်းအမြန်ဆုံးဝင်ပါ”

“ဟုတ် … ဟုတ်ကဲ့ပါ”

“ကိုယ်သွားတော့မယ်”

“ဟုတ် … ”

အမလေး … စိမ်းသေတော့မလားဘဲ။ ရင်တွေ တဆတ်





ဆတ်တုန်နေသည်။ မာမီ့အခန်းထဲဝင်ဖို့ထက် သူ့ရှေ့မှာရပ်နေရတာပင် ရှက်ရွံ့ထူပူပြီး ဒူးတွေခွေညွတ်ကျမတတ်ဘဲ။ သူထွက်သွား၏။ ဟုတ်တယ် … စိမ်း အမြန်ဝင်မှဖြစ်မယ်။ ကိုနေမင်းထိန် တက်လာတော့မည်ဖြစ်သည်။

“မင်းက အရမ်းချစ်စရာကောင်းတယ်စိမ်း … ကိုယ်ချစ်မိသွားပြီကွာ”

သူမအား မထင်မှတ်ဘဲနှင့် ပွေ့ဖက်လိုက်ကာ သူမနှုတ်ခမ်းလေးအား နမ်းပြစ်လိုက်သဖြင့် အတင်းရုန်းဖယ်၍ အပေါ်ထပ်ပြေးတက်လာခဲ့ခြင်းဖြစ်သည်။

“ဒီလူ ယုတ်မာတာပဲ … အလကားပါ ဘာချစ်တာလဲ၊ ရှင်တို့လိုသူဋ္ဌေးသားတွေကို ကျွန်မက အထင်ကြီးမယ်ထင်နေလားမေးသေးတယ် … နောက်တစ်ခါ ကျွန်မအနားတောင် ကပ်ခွင့်ရမယ်မထင်နဲ့ … ”

စိမ်း စိတ်တွေကိုတင်းပြီး မာန်တွေထည့်ကာ မာမီကြီး အိပ်ခန်းထဲ ဝင်လာခဲ့သည်။

“သြော် … စိမ်းလန်းမေ ပြန်လာပြီလား၊ မာမီကြီးက သမီးကို အနားယူစေချင်လို့ သားကြီးကိုမှာလိုက်တာပါ … ညစာရော စားခဲ့ကြပြီးပြီလား”

“ဟုတ် … ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားသခင် သဘောကျစွာဖြင့် စိတ်ထဲကနေ သားကြီး နေတော့ ဒီဟာမလေးအား ပုံစံပေးလိုက်ပြီထင်တယ်ဟု တွေးမိ၍ သဘောကျသွားသည်။ ကောင်မလေး နှုတ်ခမ်းလေး နီရဲစွေနေ၏ မျက်နှာလေးပေါ်မှာ သွေးမရှိတော့သလို ဖြူဆုတ်နေသည်။

"ဒီနေ့တော့ မင်းအနားယူနိုင်တယ် စိမ်းလန်းမေ ... မာမီ ကြီး ကိုယ်ချင်းစာတတ်ပါတယ် ... မင်းအစ်မရော သက်သာရဲ့ လား"

"ဒီလိုပါပဲ မာမီကြီးရယ်"

"လိုအပ်တာပြောနော် ... မာမီကြီး အစွမ်းကုန်ကူညီမယ်"

"ကျေးဇူးတင်ပါတယ် မာမီကြီးရယ်"

မာမီကြီးက စိမ်းအပေါ်သဘောကောင်းပြီး စောင့်ရှောက် ပေးလေ စိမ်းကျော့ထဲကနေ စိမ့်ကာ ကြောက်လာလေပဲ။ မာမီကြီး သားတွေအကြောင်း တိုင်တောရမှာတွန့်နေသည်။ စိမ်း ဆက်မ ချင်ပေမယ့် ငွေတွေက ကျွံနေခဲ့ပြီဖြစ်၏။ ဝမ်းနည်းကြေကွဲစွာ ငို ချင်သည်။

"စိမ်းလန်းမေ"

"ရှင်"

"ကဲပါ ... မာမီကြီးကိုတော့ ဒိုးချပေါ်တင်ပေးဦး ... သားကြီးနေအခန်းထဲသွားမယ် ... "





"ရှင်"

"ဒီကလေးမလေး ဘာဖြစ်နေတာလဲ ... အစ်မကြောင့် စိတ် ထိခိုက်ကြေကွဲစရာတွေ ရှိလာတာလားကွယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ ... ဟိုလေ မမသိမ့်အခြေအနေ ကြောင့်ပါ ... စိမ်း ဝမ်းနည်းလာပါတယ် ... "

"အေးကွယ် ... မာမီကြီး ကိုယ်ချင်းစာပါတယ်၊ ရောဂါသည် အချင်းချင်းလေ ... စိတ်ကိုထိန်းပါ ... ညည်းလေးက ငွေရှာရဦးမယ်၊ အစ်မအပေါ် တာဝန်ကြေခဲ့တာပဲ ... ကံပဲလေ ... "

"အခုလို အားပေးနှစ်သိမ့်ပေးတာ ကျေးဇူးအများကြီးတင်ပါ တယ် မာမီကြီးရယ် ... "

"စိမ်းလန်းမေလေးက တကယ့်ကိုဖြူစင်ပြီး သနားစရာ လေးပါ ... စိတ်ကိုထိန်းနော် ... လိုအပ်တာပြောပြပါ။ အားမနာနဲ့ လေ ... မာမီကြီး အတတ်နိုင်ဆုံး ကူညီမယ်လို့ ပြောထားပြီးပြီပဲ"

"ဟုတ်ကဲ့ ... အခုတော့ ဘာမှမလိုအပ်သေးပါဘူးနော်"

ရှင့်သမီးနှစ်ယောက်ရဲ့ အခက်အခဲဒုက္ခတွေက ထားသခင်ရဲ့ နှလုံးသားတွေကို အရမ်းချိုမြိန်စေတယ် ကိုသော်တာမောင်။ ဒါက ထားသခင်အတွက် ရှင့်ရဲ့သစ္စာမဲ့မှုတွေကြောင့် လာပြီးပေးဆပ်လိုက် တာလေ။

ကျွန်မ ကျေနပ်တယ် ... မောင့်ကို ထားသခင် တယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်အထိ ချစ်မြတ်နိုးခဲ့ရလဲ။ အချစ်တွေပုံအပ်ထားခဲ့ရလဲ။ ရှင်က ကျွန်မပါးကို ရိုက်ခဲ့တယ်။ ကျွန်မကို နှစ်ပြားမတန်အောင် ပြောဆိုသွားခဲ့တယ်။ ကျွန်မ ရင်ကွဲအောင်လုပ်ခဲ့တဲ့သူက စိမ်းလန်းမေရဲ့ အမေပဲလေ။

အခုတော့ ... ဘာတတ်နိုင်သေးလဲ ကိုသော်တာ မောင်နှင့် မေသူ။

“စိမ်းလန်းမေ အနားယူနေ ... မာမီကြီးပြန်လာမှ လုပ်စရာရှိတာ လုပ်ပေးပါ ... အထွေအထူး လုပ်ပေးစရာမလိုပါဘူးကွယ်”

ဒေါ်ထားသခင် ဝိုးချယ်အား ဘီးလှိမ့်၍ သားကြီးအိပ်ခန်းထဲ ဝင်လာခဲ့သည်။

“ဘယ်လိုလဲနေ ... အောင်မြင်ခဲ့တယ် မဟုတ်လား”

“အရမ်းအောင်မြင်တယ် မာမီ ... စိမ်းလန်းမေက ကြောက်နေတယ် ... သားကို ငြင်းဆန်နေခဲ့တယ်၊ မထူးတော့ဘူးဆိုပြီး သား နမ်းပြစ်လိုက်တယ်”

“ကောင်းတယ် ... အရမ်းကောင်းတယ်၊ ဒီဟာမလေး မျက်နှာအပြိုပြိုအပျက်ပျက်နဲ့ သွေးဆုတ်ဖြူရော်နေတာပဲ”

နေမင်းထိန် ... ခြံထဲမှာ ထိုင်နေခဲ့ပြီး အခုမှအပေါ်တက်လာခဲ့တာပါ။ မာမီရောက်လာမယ်ဆိုတာ သူသိသည်။ ဒါကြောင့်လည်း တည်တည်ငြိမ်ငြိမ်နှင့် မာမီ့အား ရင်ဆိုင်နိုင်ရန် ကြိုးစားထားရသည်။





“နေ”

“ဗျာ ... မာမီ”

“သားကြီးကို မာမီယုံတယ် ... အားလည်းကိုးတယ်၊ မာမီ ငယ်ငယ်လေးထဲက လေ့ကျင့်ပုံသွင်းထားတဲ့ သားကြီးပဲ၊ ဒီကောင်မလေးက မာမီရဲ့ အကြီးမားဆုံး အမုန်းတီး အရွံ့ရှာဆုံး လူနှစ်ယောက်ရဲ့ သမီးနော် ... ”

“သားသိပါတယ် မာမီ ... စိတ်ချပါ ... စိမ်းလန်းမေ မပြောနဲ့ ဘယ်လိုမိန်းကလေးမှ သားနှလုံးသားကို မထိခိုက်နိုင်ပါဘူး ... စိတ်လည်း မဝင်စားဘူး၊ မာမီက အဓိကပါ”

“အမလေး ... မာမီစိတ်ချမ်းသာလိုက်တာ သားရယ် ... ဒီလိုမှပေါ့၊ မာမီ အသက်ကြီးပြီ၊ ဒုက္ခိတလည်း ဖြစ်နေတယ် ... သားကြီးနေပဲ အားကိုးစရာရှိတာပါ ... မာမီ အယုံကြည်ဆုံး စိတ်အချရဆုံး သားကြီးပဲ ... ဒါကြောင့်လည်း မာမီ့လုပ်ငန်းတွေအားလုံး ပုံအပ်ထားခဲ့တာပဲလေ”

သားကြီးနေအား ဒေါ်ထားသခင် ရင်ခွင်ထဲဆွဲယူ၍ ပွေ့ဖက်ထားသည်။

ကံကောင်းလို့ မာမီအခွင့်အရေးကို ရခဲ့တာပါ သားကြီးရယ် နှစ်ပေါင်းများစွာ မာမီ့ရင်ကို မီးလောင်တိုက်အသွင်းခံလာခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သားကြီးခေါင်းပေါ်မှ ဆံနွယ်တွေကို ထိုးဖွသပ်တင်ပေးနေရင်း မိမိဘက် ရပ်တည်ပေးနေစေရန် ကျုံးသွင်းနေခဲ့၏။ မိမိရင်ထဲက အပူမီးတောက်တွေကို သားကြီးနေ အသိဆုံးပါ။ သားကြီးနေအား မိမိကိုယ်ပွား ဖြစ်စေခဲ့သည်။

"သားကြီးနေရယ် ... မာမီ ရတောင့်ရခဲ အခွင့်အရေးပါ ... ဘယ်လိုပဲဖြစ်ဖြစ် မာမီလက်စားချေရမှ အသေဖြောင့်မယ် ... သားကြီးနေ အသိဆုံးပဲ မဟုတ်လား ... မာမီ ခံခဲ့ရတာတွေလေ"

"သိပါတယ် မာမီ ... အေးအေးဆေးဆေးနဲ့ စိတ်ချနေပါ။ မာမီဆန္ဒနဲ့ နေ့ဆန္ဒက အမြဲတမ်း တစ်ထပ်ထဲပါပဲဗျာ ... မာမီ ဘာတွေစိတ်ပူနေတာလဲ ... သားငယ်ငယ်လေးထဲက မာမီနဲ့အတူ တူ အမဲလိုက်နေကျပါ ... ဝါသနာလည်း အတူတူပဲလေ"

"ဟုတ်လိုက်လေ သားကြီးရယ် ... ဒါမှ မာမီ့သွေးစစ်စစ်။ တခြားသားတွေကို မာမီလုံးဝမယုံကြည်ဘူး ... အားလည်းမကိုးဘူး။ သူတို့က ဖအေတူတွေ ... အိုကွယ် ... မာမီစိတ်ချမ်းသာလိုက်တာ။ မိုးဒေဝါကို မာမီမယုံဘူး၊ သားကြီးနေ့ပဲ အားကိုးပါတယ်ကွယ်"

မာမီ မျက်နှာပေါ်မှာ အပြုံးတွေဝေဆာပြီး ပြန်ထွက်သွားသည်။ မာမီပျော်နေလျှင် သူလည်း ပျော်ရွှင်ကျေနပ်ခဲ့ရတာ ငယ်စဉ်လေးကပင် ဖြစ်ခဲ့၏။ သူက မာမီ့ကိုယ်ပွားတစ်ယောက်ပဲ။ ဒါပေမဲ့ သူ့နှလုံးသားတွေ တုန်လှုပ်ချောက်ချားသွားတာ သူပင် အထိတ်





တလန့်ဖြစ်နေရ၏။ မာမီ ကျေနပ်ပျော်ရွှင်စေရန် သူပြောလိုက်ပေမယ့် အားအင်တွေ ကင်းမဲ့ညှိုးနွမ်းနေသလိုလို။ မဖြစ်သေးပါဘူး။ သူ့ဘဝမှာ မာမီဆန္ဒက အမိကာပဲ။ စိမ်းလန်းမေကို မာမီ့ဆန္ဒအရ လက်စားချေနိုင်ဖို့ပဲ ဆုံးဖြတ်ပြစ်လိုက်သည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"သီရိကို မောင်က ဘာဖြစ်လို့ ထွက်မကြို့ရတာလဲ ... ဖြစ်ချင်ရာဖြစ် သေချင်သေ ယောကျ်ားတွေနဲ့ ဖောက်ပြန်ချင်လည်း ဖောက်ပြန်ဆိုပြီး ဖြစ်ထားတဲ့သဘောလားဟင်"

သီရိ ညဥ့်နက်မှ ပြန်ရောက်လာသည်။ အရက်တွေမူးယစ်ရီဝေနေ၏။ သူ စိတ်ပျက်နေသည်။

"မောင်"

"သီရိ အိပ်ပါတော့ကွာ ... မင်းဘာတွေလုပ်နေလဲဆိုတာ မာမီသိနေတယ်နော် ... ပြဿနာတက်မယ်"

"သိပါစေလေ ... ကျွန်မကို ရှင့်အမေက အသိအမှတ်ပြုနေလို့လား ... ကျွန်မကို အဖက်မတန်သလို လုပ်နေတာလေ"

သီရိနှင့် ဖက်ပြိုင်ပြီးပြောနေလျှင် သူပဲစိတ်ထိခိုက်နာကျင်ရမည်ဖြစ်သည်။ မပြောလျှင်လည်း သူမအား ဂရုမစိုက်ဘူးဟု ရန်





ထုပ်ပြောဆိုဦးမည် ဖြစ်၏။ လမင်းသာလည်း သူ့ဂုဏ်သိက္ခာအတွက် သီရိအား သည်းခံနေရတဲ့ အခြေအနေ ဖြစ်နေရသည်။

"ရှင့်အမေက ငွေတွေကို ထိန်းချုပ်ထားတယ် ... အစ်ကိုကြီးနဲ့အငယ်ကိုတော့ လိုသလောက်ငွေအရင်းအနှီးထုတ်ပေးနေတယ် ရှင် တော်တော်အသုံးမကျတဲ့ယောကျ်ားပဲ ... "

"တော်ပါတော့ကွာ ... အိပ်လိုက်တာအကောင်းဆုံးပဲ"

"မအိပ်ပါဘူး ... ဘာဖြစ်လို့အိပ်ရမှာလဲ၊ သီရိ ကဦးမယ် ... မောင်လည်း ကပါ"

"ကိုယ် အဲဒါတွေ ဝါသနာမပါဘူးသီရိ ... ကလည်း မကတတ်ဘူး"

လမင်းသာ ဒေါသတွေ ပေါက်ကွဲပြီး သည်းခံနိုင်တဲ့အတိုင်းအတာ ကုန်ဆုံးချင်နေပြီဖြစ်သည်။ သီရိ အရမ်းလွန်တယ်။ အိမ်ထောင့်တာဝန်တွေလည်း တစ်ခုတလေမှ မကျေပွန်ပေ။ အပြင်မှာ နေထိုင်တာများ၏။ သီရိသော်နှင့်သူက အချစ်တွေ ဆိတ်သုန်းနေတဲ့ ဇနီးမောင်နှံဘဝပါ။

"ရှင့်လို အစွမ်းအစမရှိတဲ့ ယောကျ်ားတစ်ယောက်ကို အထင်ကြီးပြီးယူမိတာ နောင်တရတယ် ... ရုပ်ကလေး ချောတာပဲရှိတယ်၊ ဘာအစွမ်းအစမှ မရှိဘူး"

"သီရိ ... ကိုယ် တောင်းပန်ပါတယ်ကွာ ... တော်ပါတော့



www.burmeseclassic.com

www.burmeseclassic.com



အိပ်ကြရအောင်ပါ”

“ဘာလဲ ... ရှင့်မာမီက CCTV ကနေကြည့်ပြီး ရှင့်ကို အထင်သေး အမြင်သေး စကားတွေပြောမှာ ကြောက်လို့လား”

“ဒုက္ခပါပဲကွာ ...”

သူသတိရနေတာက မဆီမဆိုင် ဆရာမလေးစိမ်းလန်းမေကို ပင် ရိုးသားမှုအပြည့်ရှိနေတဲ့ မျက်ဝန်းလေးတွေက သူမေ့ပြစ်လို့ မရနိုင်တဲ့ အခြေအနေဖြစ်နေလေသည်။ စိမ်းလန်းမေကိုသာ သူ လက်ထပ်ခွင့်ရခဲ့လျှင် သူတည်ဆောက်လိုတဲ့ ပျော်ရွှင်ချမ်းမြေ့ဖွယ် အိမ်ထောင်ရေးလေး ဖြစ်နိုင်မလားဘဲ။ သီရိက သူ့ရုပ်ရည် သူ့ပညာ သူ့မိဘရဲ့ ကြွယ်ဝမှုအတွက် အတင်းအကျပ်လက်ထပ်ယူခဲ့ခြင်း ဖြစ်သည်။

“သီချင်းဖွင့်မယ် ... ကဦးမယ် ... ကျွန်မစိတ်တွေ အရမ်း မွန်းကျပ်လွန်းလို့ပါ ... အပျော်ဆိုတာ လုံးဝမရှိဘူး ... မောင့်လို ခပ်တုံးတုံးယောက်ျားတစ်ယောက်ကိုမှ ကျွန်မလက်ထပ်မိခဲ့တာပဲ သူမွေးသားဆိုပြီး အနိုမ်ခံသားပဲ ...”

သီရိ ပြောချင်တာပြော လုပ်ချင်တာလုပ် သူ့မျက်လုံးတွေကို မှိတ်ပြစ်လိုက်သည်။ သီချင်းသံက ဆူဆူညံညံ ထွက်ပေါ်နေ၏။ တော်သေးတာက အသံလုံခန်းတွေ ဖြစ်နေ၍ ဖြစ်သည်။

“မောင် ... ထလေ ... ဘာဖြစ်နေတာလဲ ... အပျော်ဆိုတာ





လူတိုင်းမှာ လိုအပ်တယ်သိလား”

“အား ... မူးလိုက်တာ မောင်ရယ် ... ရင်ခွင်လေးနဲ့လာပြီး ဖေးမပေးပါ”

တောက်ဟု သူ့စိတ်ထဲကနေ ခေါက်ပြစ်လိုက်မိသည်။ သီရိ အရမ်းလွန်နေပြီ။ ယောက်ျားတကာရဲ့ ရင်ခွင်ထဲမှာ ညစဉ်မှိတ်တွယ် ခိုဝင်နေတတ်တဲ့ မိန်းမကများ။ ဒါပေမဲ့ ... သူ တုတ်တုတ်မျှမလှုပ်ရဲ။ မာမီနှင့်ထိပ်တိုက်တိုးမှာလည်း စိတ်ပူရသည်။

“ငတုံး ... အသုံးမကျတဲ့လူ အစွမ်းအစကို မရှိဘူး”

“မင်းပြောချင်တာပြောတော့ သီရိ ... ငါလည်း မတတ်နိုင်တော့ဘူးကွာ”

လမင်းသာ စိတ်ထဲကနေပြောပြီး အိပ်ပြစ်လိုက်သည်။ စိမ်းလန်းမေရယ် ... ကိုယ် အရမ်းကံဆိုးတယ်။ မာမီ့သားတွေထဲမှာ ကိုယ်ကရိုးအေးပြီး ပညာတတ်တစ်ယောက်။ ကုမ္ပဏီမှာအရာရှိကြီး သီရိသော်ရဲ့တန်ဖိုးမထားခြင်း ခံနေရတဲ့ဘဝ။

“မင်းမိန်းမက ပိုက်ဆံရှိ သားသမီးဖြစ်ပေမယ့် ကိုယ်ပိုင် အစွမ်းအစတွေမရှိဘူး”

မာမီက သီရိသော်ရဲ့ အကျင့်စရိုက်တွေကို မကြိုက်ပေ။ သူလည်း အရင်းအနှီးတွေ မတောင်းချင်။ လုပ်ငန်းမလုပ်ချင်သေး၍ ဖြစ်သည်။ သီရိသော်ကြောင့်လည်း ပါ၏။ သူနားနှစ်ဖက်ကို ပိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပြစ်သည်။

"ကလင့် ... ကလင် ..."

"ကလင် ..."

"ကလင် ..."

သူ့အခန်းထဲမှာ တပ်ထားတဲ့အရေးပေါ် ဘဲလ်သံကြောင့် လမင်းသာ လူးလဲထပြစ်လိုက်သည်။

"မာမီ ခေါ်တာပဲ ... ဟုတ်တယ် မာမီဘာဖြစ်လို့လဲ မသိဘူး"

သီရိသော်ကတော့ ကြမ်းပြင်မှာ ဖရိုဖရဲနှင့် လဲကျအိပ်ပျော်နေသည်။ လုံး၀ မနိုးပေ။ မာမီဆူမှာ သေချာ၏။ လမင်းသာ လူးလဲထပြီး ရေချိုးခန်းထဲဝင်သန့်ရှင်းရေးလုပ်ပြီး ထွက်လာခဲ့သည်။

"သီရိ ... သီရိ ... ထတော့လေ၊ မာမီ ခေါ်နေပြီ ... မင်းအမြန်ဆုံးပြင်ဆင်ပြီးလိုက်ခဲ့"

"အား ... မလိုက်နိုင်ဘူး ... ဒီမှာအိပ်ရေးပျက်နေပါတယ်ဆိုမှကွာ ..."

"ထပါ သီရိရာ"

"မထဘူး"

နေတော့ကွာဆိုပြီး သူတစ်ယောက်ထဲ မာမှီအိပ်ခန်းထဲ ဝင်လာခဲ့သည်။





"လမင်းသာ ... မင်းဘာယ်လိုဖြစ်နေရတာလဲ ... မာမီကို ဘောင် ဂရုမစိုက်တော့ဘူးဆိုတဲ့ သဘောလား"

"မဟုတ်ပါဘူး မာမီ ... သားလည်း ညကအိပ်ပျော်သွားလို့ ါ"

"ဒီမှာကြည့်ပါဦး"

"ဗျာ"

မာမှီအခန်းထဲမှာ စိမ်းလန်းမေ တစ်ယောက်ထဲရှိနေသည်။

"တခြားသားတွေအသီးသီး မာမှီကို ဂါရ၀ပြုသွားကြတယ်၊ င်းတို့လင်မယားပဲ ကျန်နေတာ"

ဒီမှာကြည့်ဆိုပြီး မာမီက သီရိသော် အော်ဟာစ်မူးရူး ကနေ ာကို ပြလေသည်။ စိမ်းလန်းမေရှေ့မှာ သူ့မျက်နှာတွေပူပြီး ွက်ကြီးရှက်ရ၏။ သီရိ လွန်သည်။

"အခုလည်း မင်းမိန်းမ အိပ်နေဆဲပါ ... ယောက္ခမကို လေးမစားနဲ့"

"တောင်းပန်ပါတယ် မာမီ ... သားကို အပြစ်ပေးပါ"

"ဒူးထောက်"

"ဟုတ်ကဲ့"

"မင်းက မိန်းမတစ်ယောက်ကို မကိုင်တွယ်နိုင်ဘူး၊ အဆင့် ာန်းမရှိတဲ့ မိန်းမကိုမှ ရွေးယူခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



မာမီ ဘယ်လိုပဲ ပြောနေပါစေ လမင်းသာ တုန့်ပြန်ပြောဆိုနိုင်ခြင်းမရှိ။ ရှက်တယ် ... သူ တော်တော်အသုံးမကျတာပဲ။ ဒူးထောက်ထားရ၍ ခန္ဓာကိုယ်က နာကျင်လာသည်။

"မင်းတို့လင်မယားအတွက် စရိတ်မထောက်နိုင်တော့ဘူး လမင်းသာ ... မင်းမိန်းမ ဒီလိုပဲ ဖြုန်းသုံးနေတော့မှာလား"

သားလတ်ကို ဒေါ်ထားသခင် လုံးဝအားမရပေ။ အေးစက်ကာ အရှက်လည်းကြီးသူ ဖြစ်နေသည်။ ဒေါ်ထားသခင် လက်မခံနိုင်ပေမယ့် သားလတ်က ပညာတတ်တစ်ယောက်။ ဒီကနေ မောင်းထုတ်ဖို့လည်း မလုပ်ရက်။ မိန်းမက အရှက်ခွဲမှာ ကြောက်လန့်နေသည်။

"လမင်းသာ"

"ဗျာ ... မာမီ"

"မင်းမိန်းမကို ကွာရှင်းပြတ်လိုက်တော့"

"သီရိက ... သီရိက ... "

"လျော်ကြေး ဘယ်လောက်ပေးရမလဲ"

သီရိကို ကွာရှင်းဖို့ကိစ္စက လွယ်မည်မထင်ပေ။ ပြဿနာတွေပဲ အကြီးကြီးတက်စရာ ရှိနေသည်။

"မင်း သတ္တိမရှိဘူးလား"

"သားလတ်ဆွေးနွေးပါ့မယ် ... ဒါမှမဟုတ်ရင်လည်း သားတို့





ပြင်မှာ သွားနေပါရစေ မာမီ ခွင့်ပြုပေးပါ"

"ဘာပြောတယ်"

သီရိသော်က ဒီကနေ ထွက်သွားဖို့ပင် ငြင်းဆန်မှာဖြစ်သည်။ အကြိမ်ကြိမ်နားချခဲ့ပေမယ့် လက်မခံ။ လျော်ကြေးက အဆ တန် များပြားနေလေသည်။

"မင်းကိစ္စ မင်းရှင်းပါ ... အပြင်မှာသွားနေမယ်ဆိုရင်လည်း နိုင်တယ် ... မာမီ့အကြောင်းသိတယ်နော် ... ကိုယ့်သွေးသား ယ်မွေးထားတဲ့သားဖြစ်နေပေမယ့် စည်းကမ်းက စည်းကမ်းပဲ"

"ဟုတ်ကဲ့ပါ မာမီ"

"ကြည့်စမ်း ... မိန်းမတန်မဲ့ ဖြစ်ချင်တိုင်းဖြစ်နေတယ်၊ အရှဲ့ တ်နေတာပဲ ... အကျင့်မကောင်းတဲ့မိန်းမ"

လမင်းသာ ဒူးထောက်ထားရလို့ နာကျင်ရတာထက် ပြုဆရာမလေး စိမ်းလန်းမေရှေ့မှာ အပြောခံရ၍ အရှက်ကြီး ကာ ထူပူနေမိလေသည်။

"အသုံးမကျတဲ့ကောင် ... မိန်းမတစ်ယောက်ကိုတောင် ချုယ်တတ်ဘူး ... ဒူးထောက်နေဦး ... "

ကိုလမင်းသာကိုကြည့်ပြီး စိမ်း အရမ်းကြေကွဲထိခိုက်ရသည်။ ကြီးက သားကြီးနှင့်သားငယ်ကိုပဲ အရေးတယူ တန်ဖိုးထား ဆက်ဆံနေသည်ဟု စိမ်း တွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမက ညဉ့်နက်မှပြန်လာတယ် ... နိုက်ကလပ်တွေမှာ ကတယ် ... ယောက်ျားတွေနဲ့ တတွဲတွဲ၊ မင်းကဘာလဲ ... နွားလား"

လမင်းသာက အလတ်ပဲ။ မာမီရဲ့ဂရုစိုက်မှုတွေကို ငယ်စဉ်လေးတည်းက မခံစားလာခဲ့ရသူဖြစ်သည်။ အလတ်ဆိုတဲ့အတိုင်း လတ်နေရ၏။ သူ့ဇနီးကြောင့်လည်း သူ့ဘဝက ပို၍အနှိမ်ခံလာခဲ့သည်။

"မင်း အပြင်မှာနေချင်တယ်ဆိုရင် ကြိုးစား ... မင်းအစွမ်းအစနဲ့နေ ... မာမီ့ဆီက အကူအညီမယူနဲ့ ..."

ဒေါ်ထားသခင် ချွေးမကိုလည်း အထင်သေး မုန်းတီးမိသည်။ ငွေမက်တဲ့ဟာမ ... မိဘမျိုးရိုးက ကောင်းပေမယ့် အပျော်အပါးမက်တာကို နည်းနည်းလေးမှ မနှစ်သက်မိပေ။ မိမိက စိတ်ဓာတ်မာကျောသူ ဖြစ်သည်။

"ထတော့ ... မင်းထွက်သွား ... နောက်ထပ် မင်းမိန်းမမျက်နှာကို ငါမမြင်ချင်ဘူး၊ မင်းယောက်ျား မဟုတ်ဘူးလား"

သူ ထသည်။ ဒူးတွေ တုန်ယင်နေပြီး အတော်လေး ရပ်တည်ဖို့ ကြိုးစားရ၏။ လမင်းသာ ရင်တွေနာကျင်နေလေသည်။

"အသုံးမကျတဲ့ကောင် ... မိခင်တစ်ယောက်ကို ချွေးမက မလေးမစားပြုတာ သိလျက်နဲ့ လက်ပိုက်ကြည့်နေနိုင်တယ်"





ဒေါ်ထားသခင် သိသည်။ မိမိမောင်းချလည်း ချွေးမ ဆင်းသွားမှာ မဟုတ်ပေ။ အကျောမာတဲ့ ကောင်မပဲ။ တဖြည်းဖြည်းနှင့် ယောက္ခမကို အကြင်နာတရားတွေ အရိုအသေပြုတာတွေ မရှိတော့။ မထီလေးစားနှင့် လုပ်ပြနေသည်။

"စိမ်းလန်းမေ ... အမလေး ... မာမီကြီး မူးနောက်လာသလိုပဲ မောလိုက်တာ ..."

"စိတ်ကိုထိန်းပါ မာမီကြီးရယ် ... ကိုလမင်းသာလည်း သူ့ကံကြမ္မာပဲလေ"

"ကြည့်စမ်းပါ စိမ်းလန်းမေ ... ချွေးမလုပ်ရပ်တွေကို မိန်းကလေးတဲ့ ..."

"မာမီကြီးကို စိမ်းအကြံပေးချင်တာကတော့ ကိုလမင်းသာအကြောင်း စိတ်မဝင်စားပဲနေဖို့ပါ"

ဒေါ်ထားသခင်အကွက်ထဲ စိမ်းလန်းမေက တိုးဝင်လာသည်။ သားလတ် လမင်းသာကို စိမ်းလန်းမေ သနားသွားမိစေရန်ဖြစ်၏။ စိမ်းလန်းမေကို ထောင်ချောက်ဆင်ထားတာပါ။ ချွေးမက စိတ်ဓာတ်ကြို။ လမင်းသာကို သွားပြီးပတ်သက်တာနှင့် ပါးရိုက်ခံရပြီသာမှတ်တော့။

"ထားသခင်က အမဲလိုက်ဝါသနာပါတယ် မောင် ... ဒေါသတွေကို ထိန်းချုပ်ဖို့လေ၊ မောင့်အစား သားကောင်တွေကို သွား



www.burmeseclassic.com

www.burmeseclassic.com



သတ်ပြစ်လိုက်တာပဲ”

မောင်ဆိုတဲ့ ထားသခင် ချစ်မြတ်နိုးရတဲ့ ချစ်သူသော်တာ မောင်ရဲ့ သစ္စာမဲ့မှုကို ခံရပြီးထဲက ထားသခင်စိတ်တွေ ခက်ထ မာကျောရသည်။

“ရှင့်သမီးက ကျားရေ့မှောက်လျှက်လာလဲတာ မတတ် ဘူးလေ”

သားတွေရဲ့ ဖခင်က ထားသခင် အသက်ငယ်ငယ်ရွယ်ရွ တွင် သေဆုံးသွားခဲ့တော့ မောင့်ကို ထပ်၍မျှော်လင့်နေခဲ့သေးသည် သော်တာမောင်ရဲ့ ဥပေက္ခာပြု ရက်စက်မှုတွေကို ထပ်မံကြုံတွေ သောအခါ သူမစိတ်တွေ ပို၍ပို၍ ခက်ထန်မာကျောလာရကာ မိ တန်မဲ့ အမဲလိုက်တဲ့ မုဆိုးဘဝရောက်သွားခဲ့ရ၏။ တကယ်ဒေ သော်တာမောင်တို့ မိသားစုကို သတ်ပြစ်ချင်တာ လုံးဝအစပျော သွားခဲ့၍ ဖြစ်သည်။

★

## အခန်း ( ၁၂ )

ကိုနေမင်းထိန်ရဲ့ အကြည့်တွေကို စိမ်း ကြောက်မိသည်။ ဘယ်လိုရှောင်ရှားရမလဲ။ မိုးဒေဝါက တစ်မျိုး။ မိသားစုဝင်တွေစုံတဲ့ နေ့မှာ စိမ်း တစ်နေရာရာကို ရှောင်ထွက်ပြေးချင်လာ၏။ အခုလည်း မိသားစုဝင်တွေ စုံနေသည်။ ကိုလမင်းသာတို့ ဇနီးမောင်နှံလည်း ဝင်လာသည်။

“သားကြီးနေ ... မင်းကစပြီး မာမီ့ကိုတင်ပြစရာရှိတာတွေ ပြော ... ”

“သားနေကတော့ ထူးထူးထွေထွေ မရှိပါဘူး မာမီ့လုပ်ငန်း တွေလည်း အားလုံးအောင်မြင်ပါတယ် ... စာရင်းကအစ အတိ အကျပါ”

“ကောင်းပြီ ... မိုးဒေဝါ သားငယ်ပြော ... ”

“သားငယ်လုပ်ငန်းလည်း အောင်မြင်ပါတယ် မာမီ ...



www.burmeseclassic.com

www.burmeseclassic.com



အထွေအထူး ပြောစရာမရှိပါဘူး”

မာမှီဘေးနားမှာ မာမှီခြေသလုံးကို နှိပ်နယ်ပေးနေတဲ့ သူနာပြုဆရာမ စိမ်းလန်းမေက အိစက်ဝင်းမှည့်နေတာ ဒေဝါမျက်စိကျနေသည်။ ကိုယ်လုံးလေးကလည်း တင်းတင်းရင်းရင်း ဝါးချင်စရာဒေဝါ့အနားမှာ ကောင်မလေးတွေက ပိုင်းပိုင်းလည်နေ၏။ စိမ်းလန်းမေက ပိုပိုလှတယ်။ မာမှီထံ ဒေဝါ့အတွေးတွေက မရောက်တော့အကြည့်တွေက စိမ်းလန်းမေဆီမှာ။

“ဒေဝါ”

“ဗျာ မာမိ ...”

“မင်းလုပ်ငန်းအခြေအနေ စာရင်းဖယားပြ”

“တစ်ပတ်လောက်ပဲ စောင့်ပါ မာမီကလဲ ... ဒေဝါ့ကိုမယုံလို့လား ... ဒေဝါက မပိုင်ရင် ခြင်တောင်မရိုက်ဘူး”

“မင်းလုပ်ငန်းတစ်ခုကို ပေါ့ပျက်ပျက် မလုပ်နဲ့နော်”

ဒေဝါ မိမိသားတွေထဲမှာ အဆိုးဆုံးသားတစ်ယောက်ပဲ။ စိမ်းလန်းမေဆီ အကြည့်တွေရောက်နေသည်။ ဒေဝါက ငယ်တော့ စိမ်းလန်းမေကို ဖွဲ့လမ်းသွားမှာလည်း စိတ်ပူရ၏။ ဒါပေမဲ့ ... မိမိမတားဆီးပါဘူး။ စိမ်းလန်းမေက မိမိတို့မိသားစုလိုက်ရမယ့် သားကောင်

“သားကြီးနေပဲ နေခဲ့ ... ဒေဝါ သွားတော့”

“ဟာ ... မာမီကလည်း သားငယ်နေတာ ဘာဖြစ်လို့လဲ





လျှို့ဝှက်ချက်တွေရှိလို့လား”

“မာမှီကို စောဒက တက်တဲ့နေရာမှာ မင်းကထိပ်ပဲ”

“သွားပါပြီ ... မာမှီအမိန့်ကို ဦးထိပ်မှာပန်ဆင်ပါတယ်နော်”

ဒေဝါ ထွက်သွားတော့မှ နေလည်း စိတ်သက်သာရာရသွားသည်။ စိမ်းလန်းမေ ထိုင်နေတဲ့ပုံစံလေးက ခန္ဓာကိုယ်အောက်ပိုင်းအလှအပတွေကို ပေါ်ပေါ်တင်တင် ဖော်ပြနေသလို ဖြစ်နေသည်။

“မင်း ဘာဖြစ်လို့ ဒီလောက်တောင် ချောမောအိစက်နေရတာလဲ စိမ်းလန်းမေ ... ကိုယ့်နှလုံးသားတွေထဲအထိ ဘာဖြစ်လို့များ တိုးဝင်နိုင်စွမ်းရှိနေရတာလဲ”

နေမင်းထိန်လိုကောင်ကိုတောင် ဘာဖြစ်လို့များ ညှို့ယူဖမ်းစားနိုင်စွမ်းရှိနေရတာလဲ။ မာမှီကိုလည်း ကြောက်သည်။

“နေ”

“ဗျာ ... မာမိ”

“မင်း ဘာတွေစဉ်းစားတွေဝေနေရတာလဲ”

“ဗျာ မာမိ ... ဟား ... နေက အလုပ်ကိစ္စတွေ စဉ်းစားနေတာပါ”

မာမီသိတာပေါ့ နေ ... မင်း စိမ်းလန်းမေအကြောင်း စဉ်းစားနေတာ မဟုတ်လား။ မင်း ... မာမှီကို လှျော့တွက်မထားနဲ့။ မင်းမှာ မိန်းကလေးတစ်ယောက်ကို ချစ်ခွင့်မရှိဘူး၊ အထူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စိမ်းလန်းမေကိုပဲ။

"သားကြီးနေမှာ မာမီကို တင်ပြစရာ လုံးဝမရှိဘူးမဟုတ်လား"

"ဟုတ်ကဲ့ပါ မာမီ ... "

"သွားတော့ ... သားနေဆီ မာမီလာခဲ့မယ် ... စောင့်နေ"

"ဟုတ်ကဲ့"

သားကြီးနေကို သတိပေးရဦးမယ်။ မိမိစိတ်နဲ့ တစ်ထပ်တ ကျစေရမယ်။ ဒေါ်ထားသခင်ရဲ့အကြည့်တွေက သားလတ်တို့နေ မောင်နံ့ဆီ ရောက်သွားသည်။

"လမင်းသာ"

"ပြောပါ မာမီ"

"မင်းတို့အိမ်ထောင်ရေးကို မာမီဝင်စွက်ရလိမ့်မယ်"

အကျော့မာတဲ့ ချွေးမသီရိသော်ရဲ့ မျက်နှာထားကတင်း သည်။

"ပြောပါ မာမီ ... "

"သီရိသော်"

"ပြောပါ"

"ညည်းက အဆင့်အတန်းဆိုတာကို နားလည်မယ်ထင်တ ညည်းလည်း အဆင့်ရှိတဲ့ မိသားစုက မွေးဖွားထားခဲ့တာပဲ"





ယောက္ခမကြီးရဲ့ အထက်စီးနင်းပြောဆိုမှုကို သီရိမကျေနပ်တာ။ အရွဲ့တိုက်ရင်းနှင့် ပြဿနာတွေက ပိုရှုပ်ထွေးလာခြင်းဖြစ်သည်။ အခုတော့ မရတော့ဘူး ... သီရိသော် အပြတ်သောင်းကြမ်းဖြစ်မယ်။ ရှင်ကြီးသားက တုံးပဲ။ သူ့ရွေးသားတဲ့ ဘာမှလုပ်ပိုင်ခွင့်မရှိဘူး။ အမေအမိန့်တွေကို ပြားပြားဝပ် နားခံနေတတ်၏။ သီရိသော် ဒေါသထွက်နေသည်။

"ညဥ့်နက်မှ ပြန်လာပြီး မူးရူးကစုန်နေတာ တန်ဖိုးရှိတယ်လို့ ထင်နေလား"

"ဒါက မာမီ"

"ညည်း ဘာမှထပ်မပြောနဲ့ ... ကျုပ်ပြောတဲ့စကားကိုပဲ နားထောင်ပါ"

"မာမီ ... "

"ညည်းပါးစပ်ကို ပိတ်ထားလို့ ငါပြောနေတယ်နော်"

လမင်းသာကတော့ သေပြစ်ချင်လောက်အောင် စိတ်ညစ်သည်။ သီရိက ရိုင်းတယ်။ ပတ်ဝန်းကျင်ကိုလည်း လုံးဝဂရုမစိုက်တတ်။ ရှက်၏ ... အထူးသဖြင့် သူနာပြုဆရာမလေးရှေ့မှာမို့လား မသိဘူး သူ့မျက်နှာ ပူရသည်။

"ညည်းကို ကွာရှင်းဖို့အတွက် ကျုပ်နှစ်နာကြေး ဘယ်လောက်ပေးရမလဲပြော ... "



www.burmeseclassic.com

www.burmeseclassic.com



"မာမီ့စည်းစိမ်တစ်ဝက်ပေးရမယ် ဆိုရင်ရော ... "

"ဘာအေ့"

"မာမီ့မှာ သမီးမရှိတော့ ကိုယ်ချင်းဘယ်စာတတ်ပါ့မလဲ၊ သီရိသော်ကိုတော့ လာထိဖို့ မကြိုးစားပါနဲ့ ... မိုးကို မီးနဲ့တက်ရှို့ ပြစ်မှာ"

"ဘာ ... ညည်း ... ညည်း တော်တော်ရိုင်းစိုင်းတဲ့ဟာမပဲ အဆင့်အတန်းမရှိလိုက်တာ ... ကောင်းပြီလေ၊ ညည်းပေါင်းပေါ့ ငါ့ဆီကတော့ ဘာမှအထောက်အပံ့ရမယ်မထင်နဲ့ ... ထွက်သွား ငါ့ရှေ့ကို ညည်း ဘယ်တော့မှဝင်မလာခဲ့နဲ့ ထွက်သွား ... "

ဒေါ်ထားသခင် ဒေါသတကြီးနှင့် အသံကုန်အော်ဟစ်လိုက်သဖြင့် မောပန်းနွမ်းနယ်သွားလေသည်။

"မမသီရိ တောင်းပန်ပါတယ်နော် ... မာမီကြီးက ရောဂါဝေဒနာရှင်မို့ပါ ... ထွက်သွားပေးပါရှင်"

မနေနိုင်တော့သဖြင့် မသီရိသော်ကိုဝင်၍ တောင်းပန်လိုက်ရသည်။ တကယ်တော့ သူများမိသားစုဝင်တွေကြားကို စိမ်းမဝင်ချင်ပါဘူး။ မာမီကြီးကို စိုးရိမ်တကြီး ပြုစုပေးရသည်။

"တစ်နေ့ကျရင် သီရိသော်အကြောင်း ကောင်းကောင်းသိစေရမယ် ... ဟွန်း ... "

မသီရိသော် ထွက်သွားသည်ကို လမင်းသာက ငုတ်တုတ်





လေးထိုင်နေသည်။ စိမ်းရင်တွေ နာကျင်စူးရှသွားရ၏။ သနားလိုက်တာ ... စိမ်း မကူညီနိုင်။ သူ့ကို အားပေးချင်သည်။

"လမင်းသာ"

"ဟုတ်ကဲ့ မာမီ ... "

"ဒီမိန်းမကို မပေါင်းရဘူး ... မာမီပြောတာ သဘောပေါက်သား၊ စိမ်းလန်းမေရှေ့မှာမို့ ငါ ပွင့်ပွင့်လင်းလင်းမပြောချင်ဘူး၊ မင်းတို့ သားကြီးနေက ညွန်ကြားလိမ့်မယ် ... ဒါပဲ ... "

"ဟုတ်ကဲ့ပါ မာမီ ... လမင်း တောင်းပန်ပါတယ် မာမီရယ်၊ ကျန်းမာရေးကိုပဲ ဂရုစိုက်ပါနော်"

"ငါ ဘာမှမဖြစ်ပါဘူး ... မင်းသာ မိဘကိုစိတ်သောကရောက်အောင် မလုပ်နဲ့ ... မင်းကြောင့် ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ရဲ့ အစော်ကားကိုခံရတာပဲ ... ဒီမိန်းမ ငါ့ကိုယှဉ်ပြိုင်လို့ရလား ... စောင့်ကြည့်လိုက်လေ ... "

ဒေါ်ထားသခင် မာန်နှင့်ပြောနေပေမယ့် ရင်တွေက ဆတ်ဆတ်တုန်ယင်မောဟိုက်နေလေသည်။ မခံလိုက်တာ ... တိုများ ခံပက်တဲ့ကောင်မ။ သူနာပြုဆရာမ စိမ်းလန်းမေရဲ့ရှေ့မှာ ခံပက်ခံလိုက်ရ၍ ဒေါသတွေ ပိုမိုပေါက်ကွဲသွားရသည်။

"မင်း သွားတော့ ... ဒီနေ့ကစပြီး လုံးဝအထောက်အပံ့ဖြတ်မယ်၊ မင်းရတဲ့ လစာနဲ့သုံးပါ ... မင်းမိန်းမ အသုံးလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မင်း အစွမ်းအစနဲ့ရှာပေးလိုက် ... နောက်ဆုံး ဒမြထွက်တိုက်လုယက်၊ ခိုး ... ဒါပဲ ... သွားတော့ ..."

ကိုလမင်းသာ ကုတ်ကုတ်လေးထ၍ ထွက်သွားလေသည်။ စိမ်း ရင်တွေ ဆို့နစ်ကြေကွဲလာရ၏။ ရှင့်ကို သနားတယ်။ စိမ်း တစ်ခုခုလုပ်ပေးချင်လိုက်တာ။ အနည်းဆုံး အားပေးနှစ်သိမ့်စကားတွေပြောချင်ပါတယ်။ အိမ်ထောင်ရှင်ယောက်ျား ဖြစ်နေသည်။

"စိမ်းလန်းမေ"

"ရှင်"

"မာမီကြီးကို တစ်မျိုးမမြင်နဲ့နော် ... သားလတ်က မိန်းမကိုကြောက်လွန်းတယ် ... အရှက်ကြီးတဲ့ကောင်၊ မိန်းမလုပ်ချင်တိုင်းလုပ်နေတာကို သည်းခံလွန်းတယ် ... မာမီကြီး လက်မခံနိုင်ဘူး"

"စိတ်ကိုဖြေပါ မာမီကြီးရယ် ... ကျန်းမာရေးအရရော အသက်အရွယ်အရရောပါ တစ်ခါတလေ မာမီကြီး နှလုံးက အားနည်းလာတယ် ... စိမ်း စိတ်ပူလို့ပါနော်"

စိမ်းလန်းမေက မိမိအား တယုတယ အိပ်ရာပေါ်လှဲစေကာ ခြေသလုံးတွေကို ဖွဖွလေးနှိပ်ပေးနေသည်။ ဒါပေမဲ့ ... ညည်းကိုလည်း ငါကသနားနေမယ်မထင်နဲ့။ ထားသခင်က အညှိုးကြီးတယ် လက်တုန့်ပြန်ရမှ ကျေနပ်တဲ့ကောင်မပဲ။

"မာမီကြီးကို အခုလိုအားပေးနှစ်သိမ့်ပေးတာ ကျေးဇူးတင်





ိုက်တာကွယ် ... စိမ်းလန်းမေလေး ရှိပေလို့ပေါ့ ... မာမီ စိတ်နှ်အားတွေရစေတယ်လေ"

"မာမီကြီးရယ် ... စိမ်းတို့လူမှန်းမသိတတ်ခင်ထဲက မိခင်ဆုံးရှုံးခဲ့ရတာပါ ... အမေ့ကို အရမ်းတမ်းတလွမ်းဆွတ်ခဲ့ရပါတယ်၊ မိမ်း ကြမ်းတမ်းတဲ့လောကဒဏ်တွေ ရင်ဆိုင်ခံစားလာရတိုင်း အမေ့ကို တမ်းတကြေကွဲနေခဲ့ရတယ် ... အခုလေ မာမီကြီးက မိမ်းရဲ့မိခင်အစား ရခဲ့တာပါ ... စိမ်း ပြုစုပေးချင်ပါတယ်၊ အမေတစ်ယောက်လိုပါပဲနော် ... ဟိုလေ ... စိမ်းမှာ တခြားရည်ရွယ်ချက်တွေမရှိဘူးဆိုတာ မာမီကြီး ယုံပေးပါနော်"

"ယုံပါတယ် ... ညည်းလေးသဘောထားကို မာမီကြီးသိပါတယ် ... အားကိုးပါတယ် သမီးလေးရယ်"

စိမ်းလန်းမေ ငါကနှလုံးသားမာကျောတဲ့ မိန်းမပဲ။ တမင်လေ့ကျင့်ထားခဲ့တာလေ။ ငါ့ဘဝမှာလည်း ထိနိုက်ဆုံးရှုံးရတာတွေများကြီးပဲအေ။ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဘဝရောက်ရတယ်။ ဘဝမှာ ဘယ်တော့မှပျော့ညံ့မနေစေအောင် ငါတမင်ဖန်တီးကြိုးမာလာဖို့ လေ့ကျင့်ခဲ့တာလေ။ ငါ့နှလုံးသားက သံမဏိလို ဘယ်သနားတတ်ဘူး။ ကိုယ်ချင်းလည်း မစာတတ်ဘူး။ ငါ့ရန်သူတွေကို အပြတ်သားဆုံး ချေမှုန်းပြစ်ရမယ်။ စိမ်းလန်းမေမှာ အပြစ်ကင်းသယ့် ဒင်းရဲ့မိဘတွေကိုတော့ မုန်းတီးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီကြီးကို ဆေးတိုက်မယ်နော် ... အိပ်ပြစ်လိုက်ပါဦး၊ နောက်မှလုပ်စရာရှိတာတွေကို လုပ်ပါ ... မာမာကြီး အနားယူနော်"

"မယူဘူး စိမ်းလန်းမေ ... မာမီကြီးက ဘယ်တော့မှ အလွယ်တကူ ကျဆုံးမှာမဟုတ်ဘူးနော် စိတ်မပူနဲ့ ... "

"ခဏလေးပါ မာမီကြီးရယ်"

"ကျုပ်သွားမယ် ... ဝိုးချဲလ်ပေါ်ပြန်တင်ပေးပါ ... သားကြီး နေဆီ သွားရမယ် ... ကျုပ်မှာ စီစဉ်ညွှန်ကြားစရာတွေ ရှိသေးတယ်"

ဒေါ်ထားသခင် စိတ်တွေကို တင်းပြစ်သည်။ အရှုံးပေးလို့ မဖြစ်ဘူး။ ထားသခင် ဘယ်လိုအကြောင်းနဲ့မှ မကျဆုံးစေရဘူး။ ပြန်ထလိုက်၏။ စိမ်းလန်းမေက ဂရုတစိုက်ကြင်ကြင်နာနာ ထူမပေးနေသည်။

"ငါ စိတ်လျှော့လို့မဖြစ်ဘူး ... ရတဲ့အခွင့်အရေးကိုလည်း လက်လွှတ်ခံလို့မဖြစ်ဘူး ... စိမ်းလန်းမေကိုလည်း သနားစရာ ဘာအကြောင်းမှ မရှိဘူး"

စိတ်တွေကို မာန်မာနတွေနှင့်ထိန်းချုပ်ပြီး ဝိုးချဲလ်ပေါ်ထိုင်သည်။ သားကြီးနေ့ကိုလည်း စိတ်မချ။ စိမ်းလန်းမေကို ဖွဲ့လမ်းနှစ်သက်တာတွေ မရှိစေရ။ ပြီးတော့ ... ဟိုကောင်မ သိရိသော် ညည်း





အမှုန့်ဖြစ်သွားစေရမယ်။ ငါကိုများ ယှဉ်ပြိုင်ဝံ့တယ် ... ထား ခင်အကြောင်း ညည်းကောင်းကောင်းသိစေရမယ်။ ဝိုးချဲလ်ပေါ် ကိုယ်အား တောင့်မတ်လိုက်ပြီး ထွက်လာခဲ့သည်။

★

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၃ )

"နေမင်းထိန်"

"ဗျာ မာမီ ..."

"မာမီ ဒီလိုခေါ်လိုက်ထဲက မင်းအပြစ်တွေကို မင်းသိတယ် နော်"

"မာမီ"

မာမှီကို လိမ်ညာလှည့်ဖြားလို့ မရနိုင်ဘူးဆိုတာ နေသိနေ သည်။ စိမ်းလန်းမေအား တဒင်္ဂစွဲလမ်းမိသွားတဲ့ သူ့စိတ်ကိုပင်မာမီ ဖမ်းထားနိုင်၏။ မာမီမျက်ဝန်းတွေက တင်းမာခက်ထန်ဝင် တောက်နေသည်။

"မင်းစိတ်တွေက ဘာဖြစ်လို့ မာမှီပုံစံခွက်ထဲ မဝင်ရတာလဲ နေမင်းထိန်"

"သားကြီးလေ မာမီ ..."





"ဆက်မပြောနဲ့တော့ ... စိမ်းလန်းမေက မာမှီပါးကို မညှာ တာရိုက်ပြီး မာမှီအရှက်သိက္ခာတွေကို မြောင်းထဲပြစ်ချသွားခဲ့တဲ့ မိန်းသူသမီး"

"ဟုတ်ပါတယ် မာမီ ... နေ သိပါတယ်၊ တကယ်ဆို စိမ်း လန်းမေကို သားလုံးဝစိတ်မဝင်စားပါဘူး ... မာမှီရန်သူက သား ရန်သူပဲ"

ဟုတ်တယ် ... နေမင်းထိန် လုံးဝမတွေဝေသင့်ဘူး။ မိန်းမ လှက ညှာတာထောက်ထား၍မရပေ။ ညီလတ်မိန်းမကိုပဲကြည့်။ သူ့ဘဝမှာ မာမီကသာ တွယ်တာအားကိုးရာပါ။

"မာမီဟာ ဘယ်လိုမိန်းမမျိုးလည်းဆိုတာ မင်းအသိဆုံးနော် နေမင်းထိန် ... ပြတ်သားတဲ့နေရာမှာ နှစ်ယောက်မရှိတဲ့မိန်းမမျိုး"

"ဟုတ်ပါတယ် မာမီ ... နောက်ထပ် မာမှီကို စိတ်ပျက်စေ မယ့် အပြုအမူမျိုးတွေ မဖြစ်စေရတော့ပါဘူး"

ဒေါ်ထားသခင်က မာယာများသည်။ အထူးသဖြင့် သားကြီး နေမင်းထိန်းချုပ်တဲ့နေရာတွင်ဖြစ်သည်။ မျက်လုံးတွေထဲမှာ မျက်ရည် တွေသာ ရုတ်ချည်းစို့တက်လာ၏။ သားကြီးနေလက်ကို ဆွဲယူဆုပ် ကိုင်ထားလိုက်လေသည်။

"သားကြီးနေ ... မင်းကသာ မာမှီကိုယ်ပွားတစ်ခုပါ၊ မင်းကို မာမီဘယ်လောက်အထိ အားကိုးတကြီးရှိနေရလဲဆိုတာ သားကြီး



www.burmeseclassic.com

www.burmeseclassic.com



အသိဆုံးပါကွယ်”

မိမိက မျက်ရည်နဲ့မျက်ခွက် ဖြစ်လာတော့ သားကြီးနေမင်းထိန် ပြာယာခတ်အောင် နာကျင်ခံစားသွားရကာ မိမိအားပြန်၍ သိမ်းကျုံးပွေ့ဖက်ထားသည်။

“မာမီရယ် ... စိတ်မကောင်း မဖြစ်ပါနဲ့ ... မာမီ့အမိန့်စကားတွေကို တသွေမတိမ်း နာခံပါ့မယ် ... မာမီဖြစ်စေချင်တာတွေအားလုံး သားအကောင်အထည် ဖော်ပေးပါ့မယ် ... စိမ်းလန်းမေကို အရှင်လတ်လတ် မီးလောင်တိုက်သွင်းပြစ်လိုက်ရမလား”

“အဲဒီစကားအထိ လုပ်စရာမလိုဘူး သားကြီး ... သားကို ကစားရုံလေးပဲ သားကြီးရာဇဝတ်မှု ကျူးလွန်တာမျိုးအထိ မာမီ မရက်စက်နိုင်ပါဘူး ... မာမီတို့က တောကစားထွက်တာလေ”

“စိတ်ချပါမာမီရာ ... နေမင်းထိန်ဆိုတဲ့ကောင်က မာမီ့ကိုယ်ပွားပဲ ... မာမီ့ဆန္ဒတွေက သားကြီးရဲ့ဆန္ဒနဲ့တစ်ထပ်ထဲကျပါတယ်”

“အမလေး ... မာမီစိတ်ချမ်းသာလိုက်တာ သားကြီးရယ် ကြားရတာ နားဝင်ချိုလွန်းတယ် ... သားကြီးစိတ်တွေ နည်းနည်းလေးမှ မတွေဝေ မယိမ်းယိုင်စေနဲ့”

“ဟုတ်ကဲ့ပါ ... ”

“မင်းနာမည်ကိုတောင် နေမင်းထိန်လို့ မာမီပေးထားခဲ့တာ ပျော့ညံ့သွားမှာ စိုးတ်ပူတယ်”





မာမီ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်ဝိုင်းလာသဖြင့် နေမင်းထိန် နာကျင်သောကတွေ ခံစားခဲ့ရသည်။ ဟုတ်တယ် ... နေမင်းထိန်က မာမီအားအကိုးရဆုံး ယုံကြည်စိတ်ချရဆုံးသားတစ်ယောက်ပဲ။ စိမ်းလန်းမေကို ဘာမှညာတာထောက်ထားနေစရာ မလိုဘူး။ သူ့ ပြတ်သားစွာ ဆုံးဖြတ်လိုက်၏။ မာမီ့မျက်နှာပေါ်မှာ အပြုံးတွေကို ပြန်ဝေစေခဲ့သည်။

“သားကြီးနေက မာမီတို့မိသားစုဘဝတွေကို စီမံခန့်ခွဲရဦးမယ်လေ ... မိန်းမတစ်ယောက်ကို သံယောဇဉ်တွယ်ငြိခွင့် လုံးဝမရှိစေချင်ဘူး ... ဒုက္ခိတအမေကို ညာတာထောက်ထားပါဦး သားကြီးရယ်နော်”

“မာမီရယ် ... သားကို အားကိုးလိုက်စမ်းပါ ... ယုံကြည်လိုက်စမ်းပါ”

မာမီ့အပြုံးတွေက သူ့နှလုံးသားတွေကို အမြဲတမ်းပြုံးရွှင်စေလာခဲ့တာပါ။ အခုတော့ ... နာကျင်ကျင်။ စိမ်းလန်းမေကြောင့်ပဲ ဒေါသဖြစ်ရသည်။ မင်းစွဲဆောင်မှုရှိနေလို့ မာမီက ဖြစ်ချင်တာတွေကို တစ်ခုချင်းပြောပြနေ၏။ သူ့ဘက်မှငယ်စဉ်လေးထဲကပင် မာမီအတ္တကြီးသည်ဟု နည်းနည်းလေးမှ မစဉ်းစားခဲ့။ မာမီမှန်သည် ဟုဝဲထင်ထားခဲ့၏။ ပြောင်းပြန်တွေ ဖြစ်ချင်လာသည်။

“မာမီရယ် ... အတ္တတွေကြီးမနေပါနဲ့တော့ ... ရန်ညှိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြေပါ ... မာမီ အသက်ကြီးပါပြီ"

သူ့စိတ်ထဲမှာ ပြောချင်နေတဲ့စကားလုံးတွေက ဘယ်လိုဖြ
ပေါ်နေရတာလဲ။ သူကိုယ်တိုင် မာမီနှင့်ထပ်တူ အတ္တကြီးသူပါ။ ခ
ထန်မာကျောသူပါ။ ရက်စက်စရာရှိလျှင် နှစ်ယောက်မရှိအောင် ရ
စက်သူပဲ။

"သီရိသော်ကိုလည်း မာမီကောင်းကောင်းပုံစံပေးရမယ်
ဒင်းက မာမီ့ကို ပမာမခန့်နဲ့ ခံပက်တယ် ... အကျင့်ပျက်လွန်းတယ်
သားကြီးနေ စိတ်ထဲမှာ ထည့်ထားပါ ... သားလတ်မျက်နှာ
ငဲ့ညှာထောက်ထားဖို့ မလိုတော့ဘူး"

"မာမီ ဘာဖြစ်စေချင်တာလဲ ... ညီလတ်မိန်းမလွန်
သိတယ် ... တောက် ... ငါ့အမေကိုများ မလေးမခန့်နဲ့ အမှု
ဖြစ်ချင်တယ်"

ညီလတ်မိန်းမကိုလည်း မာမီအထင်သေးပြီး ငွေမက်တဲ့မိန်
အဖြစ် မာမီနှိမ်ချဆက်ဆံနေခဲ့သည်။ မာမီ ပြန်ထွက်သွား
နေမင်းထိန် ရင်တွေနာကျင်နေရသည်။

"နေမင်းထိန် ... မင်းဘာဖြစ်နေတာလဲ ... မင်းစိတ်
ပျော့ညံ့သွားတာ စိမ်းလန်းမေကြောင့်လား"

စိမ်းလန်းမေက မာမီ့ရဲ့အမိကရန်သူတော်ကြီးရဲ့ သ
အချစ်ဆိုတာ ဘာလဲကွာ ... နေမင်းထိန် ဘယ်တုန်းကမှ မစဉ်း





ခဲ့ဘူးတဲ့အရာပါ။ စိမ်းလန်းမေအား နေမင်းထိန် မေ့ပြစ်လို့မရ။ စိမ်း
လန်းမေကဲ့သို့ အပြစ်အနာအဆာကင်းမဲ့လွန်းတဲ့ မိန်းကလေးမျိုးကို
သူ အံ့သြစွာ ဆုံခဲ့ရသည်။

"မင်းကို ကိုယ်ချစ်တယ် စိမ်းလန်းမေ ... နမ်းချင်တယ်"

"အို"

သူ အတင်းအကျပ်ဆွဲမက်၍ နမ်းပြစ်လိုက်သည်။ တကယ်ပဲ
ရည်ရွယ်ခဲ့။ ဖြူစင်ဝင်းပတဲ့ မျက်နှာလေးကို စိုက်ကြည့်မိသွားရတဲ့
အတွင်းမှာပင် နမ်းပြစ်လိုတဲ့ဆန္ဒတွေ ဖြစ်ပေါ်စေခဲ့သွားခဲ့
။ ထိုကိစ္စက သူ့နှလုံးသားတွေထဲမှာ အချစ်ဆိုတာဖြစ်တည်သွား
ခဲ့လားတောင် မသိပါဘူး။ ရင်တွေပူလာသည်။

"ကိုကြီးနေ ... ဒေဝါ ဝင်လာခဲ့မယ်"

ပါးစပ်ကသာ ခွင့်တောင်းနေတာ လူကဝင်လာပြီး ဒေဝါက
ဘာကိုမှ ဂရုစိုက်တတ်ခြင်းမရှိ။ မာမီစကားတွေ အမိန့်ကိုလည်း
နာခံချင်မှ နာခံတတ်တဲ့ကောင်။ အရက်က တမြမြ ... ကောင်
လေးက ဝိုင်းဝိုင်းလည်။ နေမင်းထိန်ပင် အားကျလာသည်။

"ကိုကြီးနေ"

"ပြော ..."

"ထိုင်မယ်"

အရက်ခွက်ကို လက်ထဲမှာကိုင်လာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်မလား"

"ဟာ ... မသောက်ပါဘူး၊ မင်း ဘာအကြောင်းရှိလို့လဲ ဒေ

ရာ"

"အစ်ကိုကြီးအခန်းထဲကို ဒေဝါက အကြောင်းရှိမှ ဝင်ရ

လားဗျာ"

ဒေဝါ နေချင်သလိုနေ သွားချင်ရာသွား လုပ်ချင်တာလုပ် တဲ့ကောင်ပါ။ သူ့ဆီ တစ်ကြိမ်တခါဝင်လာဖို့ စိတ်ကူးထဲတော တဲ့ကောင် မဟုတ်။ နေမင်းထိန်သိနေတာက စိမ်းလန်း အကြောင်း ပြောဖို့ပင် ဖြစ်နိုင်သည်။

"ကိုကြီး"

"ပြော"

"အဟဲ ... ရင်ဖွင့်စရာရှိလို့"

"ဘာလဲကွာ ပြော"

"စိမ်းလန်းမေကို ဒေဝါကြိုက်တယ်ဗျာ"

"ဘာ"

"ကိုကြီးကလဲ အလန့်တကြားနဲ့ ... ဘာလဲ ကိုကြီးလ ကြိုက်နေလို့လား ... မဖြစ်နိုင်ဘူးနော် မာမီ့အမိန့်ပဲ ..."

မိုးမင်းဒေဝါဆိုတဲ့ကောင်ကတော့ သူ့ရင်ထဲ မှုားတစ် ဖြစ်သွင်းလိုက်သည်။





"ငါ စိတ်မဝင်စားပါဘူး၊ မာမီကြောင့်ပါ ... စိမ်းလန်းမေကို မာမီက ချစ်တယ်ကွ"

"အဲဒါဆိုလည်း ချွေးမတော်ဖြစ်လိုက်လေ"

"ဟေ့ကောင် ... "

"စိမ်းလန်းမေကို ဒေဝါက ကြိုက်တာ ချစ်တာမဟုတ်ဘူး ဝါးချင်တယ် ... "

"ဒေဝါ"

"ကိုကြီးရော ကိုလတ်ရော လက်ရှောင်နေဖို့လာပြောတာပါ ဟိုတစ်ခါ ဒေဝါ ဖက်နမ်းပြစ်မလို့ဟာ ကိုလတ်ဝင်ရှုပ်တယ် ... ဟပ်ကော့ကြီး ဖြစ်သွားတယ်ဗျာ"

"မာမီ့ကျန်းမာရေးကိုလည်း ကြည့်ဦးလေကွာ ညီငယ် ... စိမ်းလန်းမေကို မာမီလိုအပ်တယ် ... ပြီးတော့လည်း မာမီ့မိတ်ဆွေ ထောက်ခံချက်နဲ့ ရောက်လာတဲ့သူနာပြုကွ"

"ဟား ... ဟား ... ဟား ... "

မိုးမင်းဒေဝါက အော်ဟစ်ရယ်မောနေလေ နေမင်းထိန် စိတ် မွလေပဲ။ ဘယ်လိုတားဆီးရမလဲ။ စိမ်းလန်းမေအား ကာကွယ်ပေး ချင်နေသည်။

"လောကကြီးထဲမှာ သူနာပြုဆရာမတွေ အများကြီးပါ မာမီ က ပိုက်ဆံရှိတာပဲ ... ကိုကြီး မပူနဲ့ ... ဒေဝါရှာပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းလန်းမေကိုတော့ ရှောင်လိုက်ပါ ညီလေးရာ ... မသင့်တော်ပါဘူး ... ရိုးသားလို့ပါ"

"ဘာလဲ ကိုကြီးခိုက်နေလို့လား ... ရှင်းရှင်းလင်းလင်းဝန်ခံနော်"

"ဒေဝါရာ ... ဘာတွေလာပြောနေတာလဲကွာ ... ကိုကြီးက မိန်းမတွေကို စိတ်လည်းမဝင်စားဘူး ... မာမီ့အတွက်ပါ ... ကပါကွာ ... မင်းသဘောပဲ ... ကိုကြီးနဲ့မဆိုင်ဘူး ကျေနပ်ပြီလား"

"ကျေနပ်တယ် ... ကိုလတ်ကိုလည်း ပြောရမယ် ... ဒေဝါ ညွှတ်ကွင်းထဲ သက်ဆင်းစေရမယ်"

နေမင်းထိန် ဆက်၍တားဆီးဆုံးမသွန်သင်မနေချင်တော့ပေ။ ဒေဝါက တားဆီးလို့ရတဲ့ ကောင် မဟုတ်။ မာမီ့ကို ပေါက်ကရတွေ မူးမူးရူးရူးနှင့်သွားပြောလျှင် ပြဿနာတက်နိုင်သည်။

"ကိုကြီးနေဘဝကတော့ လူဖြစ်ရကျိုးမနပ်ဘူးဗျာ၊ မာမီ့ရုပ်သေးရုပ်ပဲ ... လူ့လောကကြီးရဲ့ စည်းစိမ်တွေ မခံစားတတ်ဘူး"

"တော်ပါတော့ ဒေဝါ ... မင်းပဲလူ့လောကကြီးရဲ့ စည်းစိမ်တွေကို ခံစားစမ်းပါ ... သွားတော့"

"နည်းနည်းသောက်မလား"

သူ အရက်ခွက်ကို ယူပြီးတော့ သောက်ချင်တဲ့ဆန္ဒတွေပင် ပြင်းပြင်းပြပြဖြစ်လာရသည်။ စိတ်ညစ်တယ်။ မင်းပြောသလိုပဲ လူ့





လောကကြီးရဲ့ စည်းစိမ်ကို ခံစားချင်လာ၏။ ဒေဝါ ပြန်ထွက်သွားသည်။

"စိမ်းလန်းမေ ... စိမ်းလန်းမေ အိစက်မှည့်ဝင်းနေတာပဲ၊ အဖိုးဆိုလို့ ယင်ဖိုတောင် မသန်းရသေးတာ သေချာတယ်"

ဟော့ကောင် မိုးမင်းဒေဝါ ယင်ဖိုတော့သန်းပြီးပြီကွ။ ငါနမ်းဖြစ်ခဲ့တယ် မင်းသိလားဟု အော်ဟစ်ပြောပစ်ချင်သည်။

"စိမ်းလန်းမေရယ် ... မင်းကံဆိုးတာပဲ၊ ရက်စက်ကြမ်းတမ်းတဲ့ မုဆိုးတွေအလယ်ကို ရောက်လာတဲ့သားကောင်လေးပဲ"

စိမ်းလန်းမေကို မည်သူပဲဖြစ်ဖြစ် အမဲလိုက်ခွင့်ရှိနေသည်။ မာမီခွင့်ပြုထား၏။ နေမင်းထိန်လိုကောင်တောင် မရက်စက်နိုင်။ ဖြူစင်တဲ့သိုးဖြူငယ်လေး ဖြစ်နေ၏။ သူစိတ်မောပန်းနွမ်းနယ်စွာဖြင့် ပြတင်းပေါက်မှာ ရပ်၍ လိုက်ကာလေးကို ဖွင့်လိုက်သည်။

"ဟင် ... စိမ်းလန်းမေနဲ့မာမီပါလား ... မာမီ့ကို အမေအရင်းတစ်ယောက်လို ပြုစုပေးနေတာပဲ ..."

မာမီ့ကို လမ်းလျှောက်နိုင်စေရန် ကြိုးစားလုပ်ဆောင်ပေးနေသည်။

"မင်းကို ကိုယ်ကာကွယ်ပေးချင်ပါတယ် စိမ်းလန်းမေ ... အမှန်အတိုင်း ဝန်ခံရရင် မင်းကိုချစ်မိသွားပြီကွာ"

သူ နမ်းဖြစ်လိုက်တဲ့အချိန်တွင် ခန္ဓာကိုယ်လေး တဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်တုန်ယင်လျှက် ကြောက်လန့်တကြား ရုန်းဖယ်လျှက် ပြေးထွက်သွားခဲ့သည်။

"မလုပ်ပါနဲ့ ... ကျွန်မ ကြောက်လို့ပါ ... တောင်းပန်ပါတယ်နော် ရှိခိုးပါတယ် ... "

သူ့နှလုံးသားတွေ အေးစက်တောင့်တင်းသွားရသည်။ မလွဲမသွေပဲ။ မင်းကို ရက်စက်မှုအပေါင်း သရုပ္ပဆောင်းရလိမ့်မယ် စိမ်းလန်းမေ။

"နေမင်းထိန် ... မင်းဘာလုပ်သင့်လဲ၊ မာမီအမိန့်ကို မင်းလွန်ဆန်ရဲလို့လား ... မင်း တစ်သက်လုံး ရှိသေကျိုးနွံလာခဲ့တဲ့ သံယောဇဉ် အကြီးရဆုံးအမေလေ ... "

သားကြီးတစ်ယောက်အနေနှင့် မာမီအသက်အရွယ်ငယ်ငယ်မှာ မုဆိုးမဘဝ ရောက်ရတာပင်။ သားတွေဘဝ ရှေ့ရေးအတွက် နောက်ထပ် အိမ်ထောင်မပြုဘဲ ဘဝကိုကြံ့ကြံ့ခံ တိုက်ပွဲဝင်ရင်း ပြုစုစောင့်ရှောက်ပေးခဲ့သည်ကို အမြဲတမ်းချစ်ခင်လေးစားနေခဲ့ရသည်။ မာမီ့အမိန့်နှင့်စကားတွေကို မြေဝယ်မကျ လိုက်နာခဲ့သူဖြစ်လေသည်။

☆

အခန်း ( ၁၄ )

"ကျွီ"

"ဟင် ... ရှင် ... ရှင် ... ဘာလာလုပ်တာလဲ၊ ခဏနေ မာမီကြီး ပြန်လာမှာနော် ... ကျွန်မ အော်ပြစ်လိုက်မယ် ... "

တံခါးက ကျွီခနဲ ပွင့်လာပြီး ကိုမိုးမင်းဒေဝါ ဝင်လာသည်။ စိမ်း ထိုင်နေရာကနေ ဆတ်ခနဲ ထပြစ်လိုက်၏။ မာမီကြီးမျက်နှာနှင့် သည်းခံနေတာပါ။ စိမ်း ဖောခွျေးတွေပင် ပျံချင်လာ၏။ ကိုမိုးမင်းဒေဝါက အရက်တွေ အလွန်အကျွံသောက်လာပုံရသည်။

"စိမ်းလန်းမေ ... ကြီးကြီးကျယ်ကျယ်နဲ့ ငြင်းမနေစမ်းပါနဲ့ ဒေဝါ့အချစ်ကို လက်ခံလိုက်တာ အကျိုးရှိမယ်နော်"

"ထွက်သွားပါ ... မာမီကြီး ပြန်လာလိမ့်မယ်၊ အကျိုးရှိရှိ မရှိရှိ ကျွန်မ လုံးဝလက်မခံဘူး ... ရှင့်ကိုလည်း အထင်မကြီးဘူး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



မိုးမင်းဒေဝါ ရှေ့တိုးလာသည် မထူးတော့ ... သူမအား စော်ကားဖျက်စီးဖို့ ကြံစည်ခြင်းကို လက်မခံနိုင်ပါဘူး။ သူမ တုန့်ပြန်ခုခံရမယ့်လက်နက်ကို ရှာသည်။ ခပ်လှမ်းလှမ်းတွင် ကပ်ကြေးတစ်လက်ရှိနေ၏။ စိမ်း ပြေးယူဖို့ ကြံစည်စဉ်မှာပင် သူ့လက်တွေနှင့်ဆွဲယူထွေးပွေ့ခြင်းခံလိုက်ရသည်။

"ကိုယ့်အချစ်တွေကို အသာတကြည် လက်ခံလိုက်စမ်းပါ မင်းလိုအပ်တဲ့ ငွေကြေးအားလုံး အဆင်ပြေစေရမယ် စိမ်းလန်းမေ"

"လွှတ်နော် ... လွှတ် ... ရှင်မယုတ်မာနဲ့၊ ဘာငွေမှလည်း မလိုချင်ဘူး ... လွှတ် ... "

စိမ်း အတင်းရုန်းဖယ်ပြစ်နေပေမယ့် သူ့လက်တွေက သန်မာလွန်းနေသည်။

"ချစ်လို့ပါ ... အသာတကြည် လက်ခံလိုက်နော် ... ကိုယ်နဲ့ ဟိုတယ်ကိုလိုက်ခဲ့ ... မင်းအရမ်းကို ဇိမ်ကျသွားစေရမယ်"

"လူယုတ်မာ ... အသက်ပဲပေးလိုက်မယ်၊ ကျွန်မအော်ပစ်လိုက်မှာနော် ... ဖယ် ... ခွေး ... "

"ဘာ ... မင်းကများ ငါ့ကို ခွေးနဲ့နှိုင်းတယ် ဟုတ်လား"

သူမပါးအား လှမ်းရိုက်ပြစ်လိုက်ချိန်တွင် သူမအရှောင်မြန်၍ လွတ်သွားသည်။ အတင်းအကြပ် ပွေ့ဖက်ပွတ်သပ်မှုတွေက ကြမ်းသထက်ကြမ်းလာ၏။ သူမ လှုပ်၍ပင်မရ၊ ကပ်ကြေးနားအထိ





မရောက်နိုင်ဘဲ ဖြစ်နေသည်။

"ကျွီ ... "

"ဟင် ... ညီဒေဝါ"

မထင်မှတ်ဘဲ တံခါးပွင့်လာပြီး ကိုလမင်းသာ ဝင်လာလေသည်။

"ကိုလတ် ဘာလာလုပ်တာလဲ ... ကျွန်တော့်ကိစ္စတွေမှာ ဝင်မစွက်နဲ့လို့ပြောထားတယ်နော်"

"ကိုလတ်က မာမီကိုတွေ့ဖို့လာတာပါ၊ မင်းကိစ္စ မသိဘူး၊ သူနာပြုဆရာမကမှ သဘောမတူတာ ... မင်းအတင်းအကြပ် မလုပ်ပါနဲ့ ဒေဝါ ... "

တကယ်တော့ ဆရာမစိမ်းလန်းမေအပေါ် ဒေဝါ အကြံပက်စက်တော့မှာသိနေလို့ အကာအကွယ်ပေးရန် လာခဲ့ခြင်းဖြစ်သည်။ ထင်ထားတဲ့အတိုင်းပင် ... ဒီကောင် ယုတ်မာလွန်း၏။ လမင်းသာ ရောက်လာ၍ မိုးမင်းဒေဝါ ဒေါသတကြီး တောက်ခေါက်ကြိမ်းမောင်းပြီး ထွက်သွားသည်။

"ကျေးဇူးပါပဲ ကိုလမင်းသာရယ် ... ကျွန်မ့ အရမ်းရှက်ပါတယ်၊ ကြောက်လည်းကြောက်နေပါပြီ ... မာမီကြီးမျက်နှာကြောင့် ကျွန်မ သည်းခံနေတာပါ"

သူမမျက်ဝန်းတွေထဲတွင် မျက်ရည်တွေပြည့်လျှံလျှက်၊ ဖရို



www.burmeseclassic.com

www.burmeseclassic.com



ဖရဲဖြစ်နေတဲ့ အဝတ်အစားတွေကို ကမန်းကတန်း တုန်တုန်ယင်ယင်နှင့် ပြန်လည်ဝတ်ဆင်နေသဖြင့် သူ့ဘာမှ ဆက်ပြောမနေတော့ဘဲ လှည့်ထွက်လာခဲ့သည်။

"ကိုလမင်းသာရယ် ... ကျွန်မ ဘယ်လိုလုပ်ရမလဲ၊ မာမီကြီးအနားကနေ ထွက်သွားလို့လည်း မဖြစ်နိုင်ဘူး"

"သတိထားနေပါ စိမ်းလန်းမေ ..."

လမင်းသာ ထိုစကားပဲပြန်ပြော၍ ထွက်လာခဲ့သည်။ မာမီကိုတိုင်လည်း မင်းအတွက် အကျိုးရှိမလာဘူး။ မာမီက ဒေဝါ့ဘက်ကပဲ။ မာမီ့စကားကိုလည်း ဒေဝါ ဘယ်တော့မှ လက်မခံဘူး။ ရှေ့ဆက်တိုးမှာပဲ။ သူ့အခန်းထဲ ပြန်ရောက်တော့ သီရိသော်က အလှအပတွေပြင်နေသည်။ ထုံးစံအတိုင်း အပြင်ထွက်ဖို့ပဲဖြစ်၏။ လမင်းသာကိုယ်တိုင် ရှင်းလို့မရတဲ့ကိစ္စဖြစ်နေသည်။

"မောင် ... မာမီ့ဆီ ဘာသွားလုပ်တာလဲ အရေးတကြီးထွက်သွားတာပဲနော်"

"ကိုယ့်ကိစ္စပါ မင်းနဲ့ဘာမှမဆိုင်ပါဘူး သီရိသော် ..."

"အဟက်"

"ကိုယ်တို့အိမ်ထောင်ရေးကို ဘယ်လိုအဆုံးသတ်ကြမလဲ သီရိသော်"

"ရှင် ရှာပေးလေ ..."





"ကိုယ်တို့ကွာရှင်းကြရအောင် ... ကိုယ့်မှာဝန်ထမ်းလစာပဲ ရှိတယ် ... ကိုယ့်လုပ်ငန်းအတွက် မာမီထုတ်ပေးတဲ့အရင်းအနှီးတွေလည်း မင်းသုံးဖြုန်းပြစ်တယ်"

"ဟား ဟား ဟား ..."

"ဟင်း ဟင်း ဟင်း ..."

သီရိသော် ... ခန္ဓာကိုယ်အား လှုပ်ခါလျက် မထေမဲ့မြင်ရယ်မောနေသည်။ စိမ်းလန်းမေနှင့် လုံးဝဆန့်ကျင်ဘက်ပဲ။ ဣန္ဒြေသိက္ခာကြီးမားတဲ့ မိန်းမတစ်ယောက်နှင့် တွေ့ဆုံမှုက နောက်ကျကျန်းနေ၏။ ကံကြမ္မာတွေကို သူ မုန်းတီးသည်။

"ရှင့်အမေက မဖြစ်စလောက်လေး ပေးတာလေ ... အကြီးအလတ်ကျတော့ ဘက်လိုက်တာ မမျှတာဘူး ..."

"ကိုယ်တောင်းပန်ပါတယ် သီရိသော် ... အဆင်မပြေနိုင်ဘူးတဲ့ အိမ်ထောင်ရေးကို အဆုံးသတ်လိုက်ပါတော့ကွာ"

"မရပ်ဘူး ... ကျွန်မအတွက် နစ်နာကြေးက အဆမတန်ပေးရမယ် ... ရှင့်အမေကို စိတ်ဆင်းရဲပြီးသေအောင် ကျွန်မလုပ်ပြစ်ဦးမယ်လေ"

"ဒုက္ခပါပဲကွာ"

သီရိသော်ကိုလည်း သူကြမ်းကြမ်းရမ်းရမ်း မလုပ်ရဲပေ။ သူ့မှာ လာရောက်အရှက်ခွဲမှာ ကြောက်၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတစ်ယောက်ကို လက်ထပ်ပြီး မောင်က တင့်တင့်တယ်တယ်မထားနိုင်ရင် သူဌေးသားကို လက်ထပ်မိတာ သီရိက စုတ်ပြတ်သပ်ပြီး မြောင်းထဲခုန်ဆင်းရမှာလား"

"ကိုယ်မရှာနိုင်ဘူး သီရိ ... ကိုယ့်ရဲ့ကိုယ်ကျင့်တရားကိုလည်း လုံးဝအထိနိုက်မခံနိုင်ဘူး ... မင်းလုပ်ချင်သလိုသာလုပ်တော့"

"ဒီလိုလား ... မောင်က စိမ်ခေါ်တယ်ပေါ့လေ၊ သီရိက တိမ်ပေါ်အထိတက်မှာနော်"

လမင်းသာ ဘာမှမတတ်နိုင်ခဲ့။ သူ့စိတ်တွေ ရှုပ်ထွေးညစ်နွမ်းနေသည်။ သီရိသော် ထွက်သွား၏။ မလွဲယ်ဘူး ... လက်ထပ်ပြီးထဲက မသာယာခဲ့တဲ့ အိမ်ထောင်ရေးပါ။ သီရိသော်အား မာစီလက်မခံခြင်းက ပြဿနာအစ ဖြစ်သည်။

"ကျွိ"

"ဟင် ... "

သူ့တံခါးအား ဆောင့်တွန်း၍ဝင်လာသူက မိုးမင်းဒေဝါပင်။ ဒီကောင် အရက်တွေ ထပ်သောက်လာသည်။

"ကိုလတ် ... ခင်ဗျားကြီးတမင် ဝင်နှောက်ယှက်တာမဟုတ်လား ... ကျုပ်နှုတ်ခမ်းဝရောက်နေတဲ့ အစာကို ပုတ်ချတာပဲ"





"ညီဒေဝါ ... မင်းစကားပြောတာ ဆင်ခြင်ပါကွာ၊ မာမီ့ဆီသာတာလို့ ... မင်းကိစ္စမှမသိတာ၊ ပြီးတော့လည်း စိမ်းလန်းမေက မာမီ့ကို ပြုစုနေတာပါ"

"ခင်ဗျားနဲ့ဘာမှမဆိုင်ဘူး၊ ဝင်မရှုပ်နဲ့လို့ပြောထားတယ်နော်"

"ဒေဝါ"

"ကိုလတ် အိမ်ထောင်ရေးကိုပဲ တည်ငြိမ်အောင်ကြိုးစား၊ ကိုလတ် ဘာစီးပွားရေးလုပ်နိုင်လို့လဲ ... ညီ့ကိစ္စ ခေါင်းရှောင်နေပါ၊ ကိုလတ် မိန်းမအပြင်မှာ ဘာတွေလုပ်နေလဲဆိုတာပဲ သိအောင်လုပ်"

"မိသားစုဂုဏ်သိက္ခာအတွက် မင်းကိုသတိပေးတာပါ ဒေဝါ ... အခြားညီ့ကိစ္စတွေ ကိုလတ် စိတ်မဝင်စားပါဘူး"

"စိမ်းလန်းမေက ညီ့ကိုခွေးနဲ့နှိုင်းတယ် ... ဘာမဟုတ်တဲ့ ကောင်မက ကြီးကျယ်နေတယ် ... တောက် ... "

မိုးမင်းဒေဝါက ကြမ်းတမ်းခက်ထန်သူပါ။ ရိုင်းလည်းရိုင်းသည်။ မာမီ့စကားကိုလည်း နာခံတတ်ခြင်း မရှိ။ လုပ်ချင်တာလုပ်တဲ့ကောင်ပါ။ လမင်းသာကိုလည်း မထောက်မထား အထင်သေးစွာ ပြောဆိုနေသည်။

"ဒေဝါ ... ထပ်ပြီး သတိပေးလိုက်မယ်နော်၊ ဒေဝါနဲ့ စိမ်း



www.burmeseclassic.com

www.burmeseclassic.com



လန်းမေကိစ္စ ဝင်မစွက်ဖို့ ထပ်ပြောမယ်”

ဒေဝါ ပြန်ထွက်သွားသည်။ လမင်းသာ စိတ်ပျက်လက်ပျက် ထိုင်နေမိ၏။ မိသားစုဘဝတွေ ဘာဖြစ်လို့များ အဆင်မပြေမှုတွေ ဖြစ်နေရတာလဲ။ စိတ်ညစ်တယ် … သူက စီးပွားရေးသမားတစ်ယောက်ထက် ပညာတတ်တစ်ယောက်အဖြစ် ဂုဏ်သိက္ခာကြီးမားစွာနေထိုင်လိုသည်။

“ညီလတ် … ကိုကြီး ဝင်လာမယ် … ”

“ဟုတ်ကဲ့”

လာပြန်ပြီ တစ်ယောက်။ မာမီ့အမိန့်တွေ ညွှန်ကြားမှုတွေကို သယ်ဆောင်လာတာပဲဖြစ်သည်။ ကိုကြီးနေ ဝင်လာ၏။ လမင်းသာ ဆံပင်တွေကို လက်နှင့်ထိုးဖွရင်း ငြိမ်သက်နေလိုက်သည်။

“လမင်းသာ”

“ပြောပါ ကိုကြီး”

“မင်းမိန်းမကိစ္စပါ”

“ဟုတ်ကဲ့ … ”

“ကိုကြီး ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ကွာ … မာမီက လုံးဝ အထောက်အပံ့တွေရပ်ခိုင်းထားတယ် … ပြီးတော့ မင်းမိန်းမနဲ့ အတူတူ မအိပ်နဲ့တဲ့ … ဟိုကွာ … လင်မယားအတူတူ … ”

“တော်ပါတော့ ကိုကြီးရယ် … ဆက်မပြောပါနဲ့ ကိုလတ်





သိပါတယ် … ကျွန်တော်နဲ့သီရိ အတူတူမနေကြတာ ကြာပါပြီ”

“မင်းအိမ်ထောင်ရေးကလဲကွာ … ဒါကြောင့်လည်း မာမီက ကိုကြီးကို လူပျိုကြီးပဲလုပ်ရမယ်လို့ အမိန့်ပေးတာ”

“ကိုကြီး”

“ပြော”

“တကယ်ပဲ တစ်သက်လုံး လူပျိုကြီးဘဝနဲ့နေမှာလား”

“မာမီ့ဆန္ဒက ကိုကြီးဆန္ဒပဲလေ”

“သူနာပြုဆရာမလေး စိမ်းလန်းမေဆိုရင်ရော”

“ဘာကွ”

စိမ်းလန်းမေဆိုတဲ့အသံကို ကြားလိုက်သဖြင့် နေမင်းထိန် အထိတ်တလန့်နှင့် ခြောက်ခြောက်ခြားခြားကြီး ဖြစ်သွားရသည်။

“ကိုကြီးကလည်း စိမ်းလန်းမေဆိုတာနဲ့ ဘာဖြစ်ရတာလဲ၊ အဆင့်အတန်းမတူလို့လား … ညီကတော့လေ အေးချမ်းဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ကိုပဲ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ချင်တယ်ဗျာ”

ညီလတ်အတွက်လည်း အစ်ကိုကြီးတစ်ယောက်အနေနှင့် အကူအညီပေးနိုင်ခွင့် မရှိပေ။

“တော်ပါတော့ လမင်းသာ … မာမီသိသွားရင် မိုးမီးလောင်မှာနော်”



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးမှာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ် … ချစ်သူအဖြစ် သူတ
မှတ်ထားပါ … တစ်နေ့နေ့ပေါ့"

မာမီ လူ့လောကကြီးထဲမှာ မရှိတော့တဲ့နေ့။ မဖြစ်နိုင် …
သူ့ဘဝတစ်သက်တာလုံး အိမ်ထောင်ပြုခွင့်မရှိတာပါ။ သူ မာ
တိုက်တဲ့သစ္စာရေကို သောက်ခဲ့ရသည်။ ညီတွေ မသိ။ မာမီ့ဆ
အတိုင်းသာ သူ့အသက်ရှင်သရွေ့ ပေးဆပ်မည်ဟု ဆုံးဖြတ်ထားေ
မယ့် တဖြည်းဖြည်းလျော့ပါးလာခဲ့တာ သူ့အသိဆုံးပင်။ သူ လက်မခံ
နိုင်။

"တခြားကိစ္စတွေပဲပြောပါ ကိုလတ် … မင်းအကြောင်း
ပြောရမယ်၊ မင်းတခြားနည်းတွေနဲ့ မင်းမိန်းမအတွက် ငွေရှာမ
ရဘူး … နားလည်လား"

"ဟုတ်ကဲ့ပါ"

"သီရိသော် ဘယ်လောက်အထိ လွန်ကျူးနိုင်မလဲ … စော
ကြည့်ရမယ် … မာမီကို မရှိမသေ ခံပက်တဲ့မိန်းမ၊ ဘာခံစားခွ
မရှိစေရဘူးလို့ မာမီအမိန့်ထုတ်လိုက်တယ်"

လမင်းသာ တုန့်ပြန်ပြောဆိုဖို့ စကားမရှိတော့။ ဒါက
ရင်ဆိုင်ရမယ့်ကိစ္စ။ သူ စိတ်ပူနေတာက သီရိသော်ကို မဟုတ်
စိမ်းလန်းမေ ဖြစ်နေသည်။

"ကိုကြီး"





"ပြော"

"စောစောက စိမ်းလန်းမေကို ဒေဝါ စော်ကားဖို့ကြံစည်နေတယ် … ကိုလတ် ရောက်သွားလို့ပေါ့ … ကိုကြီးတားသင့်ပါတယ်၊ စိမ်းလန်းမေက မာမီ့အတွက် လိုအပ်တယ်လေ"

"အဲဒါကို မင်းစိတ်မဝင်စားနဲ့ လမင်းသာ"

"ကိုကြီး"

"သွားတော့မယ် … မင်းလုပ်ရမယ့်အလုပ်ပဲလုပ် … "

နေမင်းထိန် တားဆီးကာကွယ်ပေးလို့မရတဲ့ကိစ္စ ဖြစ်နေသည်။ မာမီ့ကိုတိုင်တော့ရော ဘာထူးမှာလဲ။ ဒီလုပ်ရပ်က လူမဆန်ပါဘူးဟု လမင်းသာက ပြော၏။ နေမင်းထိန် ကျောခိုင်းထွက်လာခဲ့လေသည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

စိမ်းလန်းမေ မျက်နှာဖြူဖျော့သွေးဆုတ်နေကာ အပြုံးပြုံး အပျက်ပျက်နှင့် မိမိကို အသေအချာပင် မကြည့်ရဲ။ မျက်ဝန်းလေး တွေက ဒေါသနှင့် မာထန်နေသည်။ မိမိသိတာပေါ့။ သားငယ်ခေ လက်ချက်ပဲ။ ဒီကောင်လေးက မိန်းမချောလေးတွေမြင်လျှင် အငမ်း မရ။ ဒေဝါကို အပြစ်မတင်နိုင်။ ဒီသားကောင်ကို အမဲလိုက်ခွင့်ရှိတဲ့ မှဆိုး။

"စိမ်းလန်းမေ"

"ရှင် ..."

"ဘာဖြစ်လို့လဲကွယ် ... တစ်ယောက်ထဲ ဘာတွေဖြစ်နေ တာလဲ ... မျက်နှာလေးညှို့မှိုင်းနေသလိုပဲ"

စိမ်းလန်းမေရဲ့ မျက်နှာလေးကို ကြင်နာသယောင်ကိုင် တွယ်ပွတ်သပ်ပေးလိုက်သည်။ ညည်းလေးက အရမ်းကိုချောနေ





တာပဲ။ ဖအေတူသမီးလေးပါ။ ကျုပ်ချစ်ဦးသူ ဖြစ်တဲ့ ညည်းအဖေ သော်တာမောင်က ငယ်ငယ်က အရမ်းချောမောခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ပဲ။

"ကျွန်မ နည်းနည်းလေး နေမကောင်းချင်သလိုပဲ မာမိကြီး၊ အဟဲ ... ဘာမှမဖြစ်ပါဘူး ... စိမ်း ဆေးသောက်ထားပြီးပါပြီ မာမိ ကြီး အိပ်တော့မလားဟင်"

"အင်း ..."

"မာမိကြီးကလေ အရမ်းကိုကြင်နာတတ်ပြီး အသက်အရွယ် နဲ့မလိုက်အောင် ချောလိုက်တာနော် ... တကယ်ပါ ... စိမ်းမြှောက် တာ မဟုတ်ပါဘူး ... ငယ်ငယ်က အရမ်းစွန်မှာပဲနော်"

"စိမ်းလန်းမေ"

"ရှင်"

"ညည်းအဖေကို သေသေချာချာ ညည်းမှတ်မိလား"

"ဟုတ်ကဲ့ ... မေမေက အရင်ဆုံးတာပါ၊ ဖေဖေက စိမ်း ဆယ့်နှစ်သမီးမှာဆုံးသွားတယ် ... ဖေဖေငယ်ငယ်က အရမ်းချော တယ်တဲ့ ... ဪ စိမ်းမှာ မိသားစုဓာတ်ပုံရှိတယ် ... မာမိကြီး ကြည့်မလားဟင် ... စိမ်းအိတ်ထဲမှာ အမြဲတမ်းဆောင်ထားတာ လေ"

"မကြည့်တော့ပါဘူးအေ ... နောက်မှနော် ... အခု မာမိကြီး



www.burmeseclassic.com

www.burmeseclassic.com



သားတွေကို လှည့်ပတ်ဆုံးမသွန်သင်ရတာ မောသွားပြီ၊ အိပ်တော့မယ်"

"ဟုတ်ကဲ့"

ညည်းမိသားစုဓာတ်ပုံကို ငါကြည့်မိရင် ညည်းကို အခုတောင်ရိုက်သတ်မိမလားဘဲ။ ငါ မကြည့်သေးဘူး စိမ်းလန်းမေ။ ငါ့ရင်ထဲက ဒေါသတွေကို တဖြည်းဖြည်းခြင်း ဖောက်ခွဲချင်လို့ပဲ။ စိမ်းလန်းမေက မိမိခြေသလုံးလေးအား နှိပ်နယ်ပေးနေသည်။

"မာမီကြီးနဲ့တွေ့ဆုံရတာ စိမ်းလေးအရမ်းအားတက်ပျော်ရွှင်ရပါတယ် ... မေမေ့အစား ပြုစုခွင့်ရလို့လေ"

ဟုတ်တာပေါ့ စိမ်းလန်းမေ။ ကျုပ်ကို ညည်းအမေအစားပေးဆပ်ရမှာပဲ။ ဒါက ကျုပ်အတွက် ကံကြမ္မာက ညည်းဆီကို ပို့ဆောင်ပေးခဲ့တာပါအေ။ ဒေါ်ထားသခင် တွေးမိတိုင်း ပျော်ရွှင်နေသည်။ ပီတိတွေ ဖြစ်ရ၏။ ဖိမ်ရှိသည်။

"မာမီကြီးအနားမှာ တစ်သက်လုံးပြုစုပေးနေချင်ပါတယ်"

"ကောင်းတာပေါ့အေ ... ညည်းလေးကို မာမီကြီးကလည်း သဘောကျနေတာပဲဟာ ... နေပေးပါ"

ဒါပေမဲ့ မာမီကြီးရယ် ... စိမ်းထွက်ပြေးချင်နေပါတယ်။ မာမီကြီးသားတွေကြောင့်ပါ။ စိမ်း ပြောမထွက်။ မာမီကြီး ငြိုငြင်သွားမှာကို စိမ်း ကြောက်နေမိသည်။





"စိမ်းလန်းမေ"

"ရှင်"

"ညည်းအစ်မ ဆေးရုံစရိတ်တွေ မပူနဲ့နော် ... မာမီကြီးတာဝန်ယူလိုက်မယ်ဟာ ... ဟုသိုလ်ယူတာပါ ... အားလည်းနာမနေနဲ့ဦး ... "

"စိမ်း ထပ်မယူတော့ပါဘူး"

"ဘာဖြစ်လို့လဲအေ ... "

"မမသိမ့်အနားကို စိမ်းပြန်သွားချင်သွားရမယ်လေ ... တကယ့်ကို မလွဲသာ မရှောင်သာမှပါ မာမီကြီးရယ် ... "

စိမ်းလန်းမေ ထွက်ပြေးချင်လောက်အောင် စိတ်ညစ်နေပြီဆိုတာ ဒေါ်ထားသခင် သိလိုက်၍ ကြိတ်ပြီး ပြုံးမိသွားသည်။ ညည်း ကျွံသွားပြီလေ။ ကျုပ်ဆီက ငွေတွေယူခဲ့ပြီးပြီပဲ။ စိမ်းလန်းမေ ကျုပ်က ဒီယုန်ကိုမြင်လို့ ဒီခြုံကိုထွင်လိုက်တာပဲ။ ပျော်စရာကောင်းလိုက်တာနော်။ ကျားရှေ့မှောက်လျှက်လဲတာပဲ။

"မာမီကြီးကိုတော့ ထားခဲ့ပြီး ထွက်မသွားပါနဲ့နော် စိမ်းလန်းမေလေးရယ် ... ညည်းလိုကြင်နာတတ်တဲ့ သူနာပြုမလေးနောက်တစ်ယောက် မာမီကြီးထပ်မတွေ့နိုင်တော့ပါဘူးအေ"

"အဲဒါကြောင့်ပါ ... စိမ်းလေ မာမီကြီးကိုချစ်တယ် ... စိမ်းအမေအစား သံယောဇဉ်တွယ်နေခဲ့တယ် ... ပြုစုပေးချင်ပါတယ် ဒါပေမဲ့လေ ... "



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းလန်းမေ ထွက်သွားမယ့်စကားတွေ မာမီကြီးဘာမှ မကြားချင်တော့ဘူး ... "

စိမ်းလန်းမေ စိတ်ညစ်လို့ သေပြစ်ချင်နေပါပြီ မာမီကြီးရယ်။ ဘယ်လိုများ ရုန်းထွက်ရမလဲ။ မာမီကြီး အိပ်သွားသည်။ စိတ်တွေ မွန်းကျပ်လွန်းသဖြင့် ပြတင်းတံခါးလေးကို ဖွင့်လိုက်၏။ အပြင် လည်း မထွက်ရဲ။ စိမ်းကြောက်ရွံ့ထိတ်လန့်နေလေသည်။

"စိမ်း ... ခြံထဲခဏဆင်းခဲ့ပါ ... မဆင်းလာရင် ကိုယ်လာမှာ နော်"

နေမင်းထိန် ...

"ဟင် ... "

စိမ်းရဲ့ဖုန်းမှာ မက်ဆေ့ရောက်လာ၍ ဖွင့်ကြည့်လိုက်တော့ ကိုနေမင်းထိန် ပို့လိုက်တာဖြစ်နေသည်။

"ရှင့်ကို ကျွန်မ ထပ်ပြီးမပတ်သက်ချင်ဘူး၊ ကျွန်မတာဝန်က လွဲပြီး ဘာမှမလုပ်နိုင်လို့ပါ ... ထပ်မဆက်သွယ်ပါနဲ့"

စိမ်းလန်းမေ ...

နေမင်းထိန်ကလည်း စိမ်းလန်းမေပို့လိုက်တဲ့ မက်ဆေ့ကို တွေ့လိုက်ရသဖြင့် စိမ်းလန်းမေရဲ့မာနကို နှစ်သက်သွားရသည်။ နေမင်းထိန်လို စီးပွားရေးအရ အောင်မြင်နေတဲ့လုပ်ငန်းရှင်တစ် ယောက်ကိုတော့ စိမ်းလန်းမေက ငြင်းပယ်နေသည်။





"ကိုယ်လာခဲ့မယ် ... မာမီက စိမ်းလန်းမေ ပျော်ရွှင်ရေးကို ခင်းတာဝန်ယူပါတဲ့ တာဝန်ပေးထားတယ် ... ကိုယ့်ညီမိုးမင်းဒေဝါ အကြောင်း ပြောမလို့ပါ ... အကွာအကွယ်ပေးမလို့ပဲ ... "

"ဟင်"

မိုးမင်းဒေဝါကိစ္စက သူ့ကိုအကူအညီတောင်းမှဖြစ်မယ်ဆို တာတော့ စိမ်းတွေးမိသည်။ ခက်နေတာက ဒီလူရော ဘာထူးလဲ။ စိမ်းကို ချစ်တယ်ဟုပြောထား၏။ အတင်းအကျပ်အဖြေတောင်း လျှင် ဘယ်လိုလုပ်မလဲ။ ကိုလမင်းသာကလွဲပြီး မာမီကြီးသားတွေ ကို မုန်းသည်။

"ဘယ်လိုလဲ စိမ်းလန်းမေ ... "

စိမ်းလည်း မိုးမင်းဒေဝါ ရန်ကနေလွတ်မြောက်ချင်သည်။ ဘယ်လိုလုပ်ရမလဲ ... မာမီကြီးကတော့ သူ့သားနေမင်းထိန်ဆီမှာ စိမ်းလန်းမေ လိုအပ်တဲ့အကူအညီတောင်းနိုင်သည်တဲ့။ စိမ်း သွား တွေ့လိုက်ချင်သည်။

"ကိုယ် စောင့်နေမယ် စိမ်း ... "

နေမင်းထိန် အရူးထတာလား။ လမင်းသာရဲ့စကားက သူ့ ဆီကို ထိမှန်သွားသည်။

"စိမ်းလန်းမေကို ရွေးချယ်ပါ တစ်နေ့နေ့ပေါ့ ... "

လမင်းသာပြောတဲ့ တစ်နေ့နေ့ကို သူသိသည်။ မာမီရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့တဲ့တစ်နေ့။ မဖြစ်နိုင်ဘူး ... သူ့အသက်နှင့်ခန္ဓာ တည်မြဲသရွေ့။ စိမ်းလန်းမေကို သူတွေ့ချင်သည်။ မာမီ့ဆီမှာ ခွင့်တောင်းပြီးသားပါ။ စိမ်းလန်းမေ ထွက်လာ၏။ ဒေဝါ အပြင်ထွက်သွား၍ သူခြံထဲမှာပဲ တွေ့လိုက်သည်။

"မင်းလာတာပဲ စိမ်း"

"ကျွန်မ ရှင့်ရဲ့ညီ ဒေဝါအကြောင်း တိုင်ချင်တယ် ... မာမီ့အခန်းထဲအထိ ဝင်လာပြီး စော်ကားတယ် ... ကျွန်မက မာမီ့ကိုအားနာလို့ပါ ... ကျွန်မမိခင်အစား စိတ်သောကရောက်စရာတွေမကြားစေချင်ဘူး"

စိမ်းလန်းမေ မင်းကတော်တော်လေး သနားစရာကောင်းနေပါလား။ မာမီ့ရင်ထဲမှာ မင်းကရန်သူပဲ။ မင်းဘဝပျက်စီးဖို့ စိမ်ကိန်းကြီးချနေတယ်။ စိမ်းလန်းမေကို တွေ့လိုက်ရတာ သူ့ရင်တွေအေးချမ်းသွားသည်။

"စိမ်း"

"ကျွန်မဆီက အဖြေမတောင်းပါနဲ့ ... ကျွန်မအစ်မအတွက်သောကတွေရောက်နေလို့ပါ"

စိမ်းကို မရက်စက်ချင်။ သူ့နှလုံးသားတွေက ချစ်သည်။ မာကျောတဲ့ ကျောက်တုံးတွေ အရည်ပျော်ကုန်ပြီထင်၏။ မာမီ့မျက်နှာကို မြင်မိတော့လည်း စိမ်းလန်းမေအား မဖြစ်မနေ နင်းချေဖျက်ဆီး





ဖြစ်ရတော့မည်ဖြစ်သည်။

"ကိုယ့်အချစ်တွေကို ယုံကြည်ပေးပါစိမ်း ... ဒေဝါ့ကို တားဆီးဖို့ စိမ်းနဲ့ကိုယ် ချစ်သူတွေဖြစ်ရမယ်လေ"

"ကျွန်မ ကိုယ့်ကိုကာကွယ်ဖို့အတွက် ကြိုးစားရလိမ့်မယ်၊ ရှင့်ကို မချစ်နိုင်ဘူး ... ဒါက ကျွန်မအဖြေပဲ"

စိမ်းလန်းမေ လက်ကို သူ ဆတ်ခနဲဆွဲထားလိုက်သည်။ သူမ ရန်းဖယ်ပြစ်လိုက်၏။ သူ လုံးဝမကြမ်းရက်။ ညင်သာစွာ ထွေးပွေ့လိုနေခဲ့သည်။

"လွှတ်ပါ ... ရှင်တို့ညီအစ်ကိုက မိန်းကလေးတစ်ယောက်အပေါ် အထင်သေးပြီး ဆက်ဆံချင်ကြတယ် ... ကျွန်မ ငွေမက်တဲ့မိန်းမလည်း မဟုတ်ဘူး ... ဖြတ်လမ်းနည်းနဲ့ မချမ်းသာချင်ဘူး"

"စိမ်း"

သူ့အသံတွေက တင်းမာခက်ထန်သွားသည်။ စိမ်းလန်းမေ၏ ခြေရင်းမှာ ဒူးထောက်တောင်းပန်ပြစ်ချင်လာ၏။ မာမီ့သားကြီးဖြစ်ရတာ ဝဋ်ကြွေးတစ်ခုလား ... ဒေါသထွက်လာသည်။

"မင်း ဘာဖြစ်လို့များ ကြီးကျယ်ခမ်းနားနေရတာလဲ စိမ်းလန်းမေ ..."

"ကျွန်မ ဒီကိုတာဝန်နဲ့လာတာပါ ... ဆရာကြီးက မင်းမှည့်အိမ်ပေါက်တောင် မစွန်းစေရပါဘူးလို့ အာမခံထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



နေမင်းထိန် အကြည့်တွေက စူးရှလွန်းသည်။ သူ့ဆန္ဒက စိမ်းလန်းမေကို သူ့အနားမှာ ထာဝရနေစေချင်ခဲ့၏။ ဒေဝါအား သူ တားဆီးနိုင်၏။ စိမ်းလန်းမေကိုယ်တိုင်က ခါးသည်းစွာ ငြင်းဆန်နေသည်။

"ကျွန်မ ပြောထားပြီးပါပြီ ... မိုးမင်းဒေဝါလည်း ကျွန်မကို စော်ကားရင် ကျွန်မ အသက်နဲ့လဲပြစ်ရလိမ့်မယ်"

မာနတွေနှင့်သတ္တိတွေ ပြနေခဲ့သူဖြစ်သည်။ စိမ်းလန်းမေအား သူအထင်မသေးရဲပေ။

"မင်း ကိုယ့်ဘေးနားမှာ ထိုင်စမ်းပါ စိမ်းလန်းမေ"

"ပြန်ဝင်တော့မယ်"

"စိမ်း"

"ရှင်တို့တွေ လူယုတ်မာတွေပဲ ... မိန်းကလေးတစ်ယောက်ကို အမဲဖျက်သလို ဝိုင်းဖျက်နေကြတယ် ... မာမီကြီးမျက်နှာကြောင့် သိလား ... "

နေမင်းထိန် ဒေါသတွေ ပေါက်ကွဲပြီး စိမ်း ခန္ဓာကိုယ်လေးအား တင်းကျပ်စွာ ပွေ့ဖက်ထားမိသည်။

"စိမ်း ကိုယ့်ကိုချစ်ပါ ... မင်းဘဝကို ကိုယ်ကာကွယ်ပေးချင်တယ် ... ကိုယ့်ရင်ခွင်ထဲမှာ ငြိမ်နေစမ်းပါကွာ ... "

"မဖြစ်နိုင်ပါဘူး ... ကျွန်မဘဝကို ငဲ့ညှာထောက်ထားပါရှင်၊





ဆာဂါဝေဒနာသည် အစ်မက ဆေးရုံမှာပါ ... တောင်းပန်ပါတယ် နော်"

စိမ်း ငိုပြစ်မိသည်။ မိုးမင်းဒေဝါရဲ့ ရန်ကြောင့် ကိုနေမင်းထိန် ကိုလည်း အတင်းအကျပ်ကြီး မငြင်းဆန်ရဲခဲ့။ မာမီကြီးအနားကနေ ... ထွက်သွားလို့မှ မဖြစ်သေးတာ။ စိမ်းဒေါသတွေနှင့် ပေါက်ကွဲ ... ပေမယ့် စိမ်းဘဝက မလုံခြုံတော့။ မာမီကြီးကို တိုင်တန်လျှင် ... ည်း စိမ်းပဲ မျက်နှာပူစရာဖြစ်လာမည် ဖြစ်သည်။

"စိမ်း"

"ဖယ်ပါ"

"ဒီမှာ ဒေဝါကို ဘယ်သူမှ မနိုင်ကြဘူး ... ရိုင်းပြီးကြမ်းတယ်၊ ... ယ့်ချစ်သူဆိုရင် မထိရဲတော့ဘူးလေ"

ချစ်သူဆိုတဲ့စကားကို စိမ်းနားအခါးဆုံးပင်။ စိတ်ထဲမှာ ရွံရှာ ... တီးနေခဲ့ပေမယ့် စိမ်းမှာ ရွေးစရာနည်းလမ်းက မရှိ။ ကိုလမင်း ... ကို သတိရလာသည်။

"စိမ်း မငိုပါနဲ့ ... ကိုယ်ဒေါသတွေ မထိန်းချုပ်နိုင်တာကို ... ည်း ခွင့်လွှတ်ပေးပါကွာနော်"

သူ လက်တွေနှင့်စိမ်းပါးပြင်ပေါ်မှ မျက်ရည်စတွေကို အသာ ... သုတ်ပေးမိသည်။ သူ့ရင်တွေ တုန်လှုပ်နေ၏။ မိန်းကလေး ... ယောက်နှင့် တရင်းတနှီး မထိတွေ့ဘူးခဲ့။ အချစ်ကို သူလုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မခံစားတတ်။ စိမ်းလန်းမေကို သူချစ်မိသွားပြီဖြစ်သည်။

"ကျွန်မ အရမ်းနာကျင်နေရပါတယ် ကိုနေမင်းထိန် ... ရှင့်
ကိုမချစ်ဘူး ... မမသိမ့်အတွက် ကျွန်မရင်တွေ မီးတောက်နေတာ
ပါ။ ရှင်တို့ညီအစ်ကိုတွေမှာ ကိုယ်ချင်းစာတတ်တဲ့ နှလုံးသားတွေ
မရှိကြဘူး"

"စိမ်းရယ်"

သူ့အနမ်းတွေက စိမ်းနှုတ်ခမ်းလေးပေါ် ကျရောက်လာ
သည်။ ငြင်းဆန်ရုန်းဖယ်ပြစ်ချင်ပေမယ့် မိုးမင်းဒေဝါရဲ့ရန်ကို အ
အကွယ်ယူချင်၍ဖြစ်၏။ ထိုနည်းလမ်းကလွဲပြီး စိမ်းမှာရွေးချယ်စ
မရှိဘဲ ဖြစ်နေလေသည်။

☆

## အခန်း ( ၁၆ )

"အချစ်ဆိုတာကို မာမီ လုံးဝမယုံကြည်ဘူး သားကြီးနေ၊
အလွန်အကျွံချစ်ပြီး ခံစားတဲ့သူက အသည်းနှလုံးတွေ လောင်ကျွမ်း
ရှာပဲ"

သားကြီးနေက သူနှင့်စိမ်းတို့ ချစ်သူတွေဖြစ်သွားကြပြီတဲ့။

"စိမ်းလန်းမေဆိုတဲ့ မိန်းမချောလေးတစ်ယောက်ကို သား
နေအတွက် မာမီကလက်ဆောင်ပေးတာပါ ... အရိုးရော အသား
ရော အကုန်ယူနိုင်တယ် ... အချစ်ကတော့ ခင်းနဲ့မတန်ဘူး၊ သား
ကြီးနေ နှလုံးသားက မာကျောပြီးသားပါ ... မာမီက အထူးလေ့
ကျင့်ပေးထားတာပဲ"

"မာမီ"

"ပြော"

"ဒေဝါရန်ကနေတော့ မာမီကာကွယ်ပေးပါ ... ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတော့ သားကို အထင်သေးပြီး စိမ်းလန်းမေ ထွက်ပြေးသွားလိမ့်မယ်"

"စိမ်းလန်းမေ ထွက်ပြေးမှာကို သားလုံးဝမပူနဲ့ ... မာမီချုပ်ထားတယ်"

မာမီ ရက်စက်လွန်းသည်ဟု အတွေးတွေက ဘယ်ကနေဝင်လာမှန်းမသိတော့။

ဘယ်အရာပဲဖြစ်ဖြစ် မာမီမှန်သည်ဟု ထင်မှတ်ထားခဲ့တဲ့ သားကြီးပါ။

မာမီ့မျက်နှာပေါ်မှာ ဒဏ်ရာတွေ့တော့ ထိုလူအား သတ်ပြစ်ချင်လောက်အောင် ဒေါသထွက်ရသည်။

"မာမီ့ကို ရိုက်သွားတာ ဘယ်သူလဲ ... ဒီလူ့ကို နေသွားသတ်မယ်"

သူ ခါးဆွဲတော့ မာမီက တားသည်။

"မာမီ့မျက်နှာပေါ်က ဒဏ်ရာကို သားသေသေချာချာ ကြည့်ထားနော် ... တစ်နေ့နေ့ ... မာမီတောင်းဆိုတဲ့ သူ့မိသားစုဝင်တွေကိုပါ သားနေ သတ်သင့်ရင် သတ်ပေးရလိမ့်မယ်"

မာမီက ပြောခဲ့သည်။ နေ ဒေါသတကြီး ကတိတွေပေးသည်။

"သတ်မယ် ... မာမီ့ရန်သူက သားရန်သူပဲ"





မာမီ့ရန်သူက မင်းဘာဖြစ်လို့ ဖြစ်ရတာလဲ စိမ်းလန်းမေရယ်။

သိုးငယ်လေးရဲ့ နှလုံးသားကို ရင်ခွဲအစိမ်းလိုက်ဆွဲနှုတ်ယူစားပြရမှာလား။

သူ အမှန်အတိုင်းဝန်ခံရလျှင် စိမ်းလန်းမေအား ချစ်သည်။

ဒါပေမဲ့ ...

မာမီ့ရှေ့မှာ အရိပ်အယောင်လေးမျှပင် မပြရဲ။

မျက်ဝန်းတွေက တင်းမာခက်ထန်စွာ။

လှုကဲခတ် ကျွမ်းကျင်တဲ့ မာမီဖြစ်သည်။

"ဒီနေ့ စိမ်းလန်းမေ သူ့အစ်မဆီကို သွားလိမ့်မယ် ... သားအပြင်ခေါ်သွားမယ်"

"အိုကေ ... ဒါပေမဲ့ မင်းနှလုံးသားတော့ မပေးနဲ့၊ လောကကြီးထဲမှာ စိမ်းလန်းမေထက် သာတာတွေ အများကြီးပါ အထင်ကြီးနဲ့ ..."

သားကြီးနေက မိန်းကလေးတွေနှင့် အဆက်အဆံ အတွေ့အထိမရှိခဲ့။

စိမ်းလန်းမေက ဒင်းအဖေ သော်တာမောင်လိုပဲ စွဲလမ်းဆွဲဆောင်သက်ညှို့ယူနိုင်စွမ်း ရှိသည်။

"မိုးမင်းဒေဝါရန်ကို ကာကွယ်ပေးမယ်လို့ စည်းရုံးသိမ်းသွင်း



www.burmeseclassic.com

www.burmeseclassic.com



ထားရတာ မာမီ ... "

"ဒေဝဂ္ဂါကို မာမီတားမယ် စိတ်ချ ... မင်းလုပ်ရမယ့်အလုပ် သာလုပ်ပါ"

သူ မာမီ့ဆီက ခွင့်ပြုချက်ယူပြီး အခန်းထဲကနေ ထွက်လာခဲ့သည်။

မြို့ထဲဆင်းလာခဲ့၏။

ဒီနေ့ စိမ်းလန်းမေ အပြင်ထွက်ရမယ့်နေ့။

အစ်မကို ဆေးရုံမှာသွားကြည့်ပြီးလျှင် သူတည်းခိုခန်းတစ်ခုသို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။

စိမ်း ထွက်လာ၏။

စိမ်း အရမ်းချောမောလှပသည်ဟု သူတွေးမိနေသည်။

"ကိုနေ ... ဘာကြည့်နေတာလဲ သွားမယ်လေ"

"စိမ်း အရမ်းလှလို့"

"ကိုနေရယ် ... စိမ်းလေ သူဌေးသားရဲ့ကားကို စီးပြီး ဟကယ့်ကို မသွားချင်တာပါ။ တော်ပါသေးရဲ့ ... မာမီကြီးက အခွင့်ခိုင်းတာပြောလို့လေ ... "

ကိုနေမင်းထိန်ကို စိမ်း မချစ်။

ဒါပေမဲ့ ...

မိုးမင်းဒေဝါရန်ကို ရှောင်ရှားချင်သည်။





အကာအကွယ်ယူချင်၏။

ကိုလမင်းသာက မဖြစ်နိုင် အိမ်ထောင်ရှင်တစ်ယောက် ... ကိုနေမင်းထိန်ကိုပဲ ရွေးချယ်လိုက်ရခြင်းဖြစ်သည်။

"စိမ်းရယ် ... ကိုယ့်ချစ်သူကားပဲ၊ စိမ်း ဘယ်လောက်အထိ ဆင်းသားဖြူစင်တယ်ဆိုတာ ကိုယ်သိပါတယ် ... ကိုယ်တန်ဖိုးထားချစ်ရတဲ့ချစ်သူလေး ... ဘာမှအားမငယ်နဲ့နော်၊ ဒဿဂီရိရဲ့နှလုံးသားကို နူးညံ့ပျော့ပျောင်းစေတဲ့ သီတာဒေဝီလေးပါ"

စိမ်းရယ် ... သီတာဒေဝီကို စွဲလမ်းမိတဲ့ ဒဿဂီရိဘီလူးရဲ့ နှလုံးသားမှာ မြှားတွေ စူးနစ်စိုက်ဝင်ခံရသလို သူ့တိုင်းပြည်လည်း မီးလောင်တိုက်အသွင်းခံခဲ့ရတယ်။

အဲဒါ ... ကံကြမ္မာလား။

သူ ချစ်သူစိမ်းရဲ့ လက်လေးကို တင်းတင်းလေးဆုပ်ကိုင်ထားမိသည်။

"စိမ်းကို ဆေးရုံပဲပို့ပေးပါနော် ... "

"ဟုတ်ပါပြီ ... ကိုယ်ပို့ပေးမှာပါ၊ ကိုယ်ပါ လိုက်ကြည့်မယ်"

"အမလေး ... မကြည့်ပါနဲ့၊ ကိုနေ မလိုပါဘူး ... စိမ်းတစ်ယောက်ထဲပဲ ကြည့်ပါရစေနော်"

စိမ်း အထိတ်တလန့် တားဆီးမိသည်။

မမသိမ့်တွေ့သွားလို့ မဖြစ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းကို အတင်းအကျပ် အမိဖမ်းခိုင်းနေမှာ သေချာသည်။

"စိမ်းကလည်းကွာ … ဘာဖြစ်လို့ ကြောက်နေရတာလဲ မကြာခင် မရီးတော်ရတော့မယ် … ကိုယ်လိုက်တွေ့သင့်ပါတယ်"

"ဟာ … ကိုနေ ဘာတွေပြောနေတာလဲ၊ မဟုတ်တာတွေ မာမီကြီးသိသွားမှာတောင် စိမ်းအရမ်းကြောက်နေတာပါ"

"ဟုတ်ပါရဲ့ကွာ … စိမ်းလက်လေးတွေ အေးစက်နေတာပဲ"

"လွှတ်ပါ"

"ကိုယ့်ကို ခုထိ ချစ်သူတစ်ယောက်လို အသိအမှတ်မပြုသေး ဘူး … စိမ်း မယုံတာလား … ကိုယ့်ဘဝမှာ စိမ်းက အချစ်ဦးပါ"

"စိမ်းကတော့လေ … စိမ်းက … "

"တော်ပါပြီ စိမ်းရယ် … ကဲ … ဆေးရုံရောက်ပြီ၊ ကိုယ်ဆင်း မကြည့်တော့ပါဘူး … ဒီနေ့ စောစောလာကြိုမယ်"

"ဟုတ်"

စိမ်း ဆေးရုံအပေါ်ထပ်သို့တက်ရာတွင် ခြေလှမ်းတွေ နှေးကွေးလေးလံတုန့်ယင်နေသည်။

ကြောက်နေ၏။

စိတ်တွေလည်း မလုံခြုံတော့ဘူး။

စိမ်းဘဝမှာ ကြမ်းတမ်းတဲ့ခရီးလမ်းတွေပဲ လျှောက်လှမ်း နေခဲ့ရသည်။





"မဖြောင့်ဖြူးလိုက်တာ … ငါ့ဘဝ ဘာဖြစ်လို့များ ဒုက္ခတွေ သောကတွေနဲ့ ရင်ဆိုင်ဖြတ်သန်းနေရတာလဲ"

သူမစိတ်တွေကိုတင်းပြီး မမသိမ့်ရှိနေတဲ့ သီးသန့်အခန်း လေးထဲ ဝင်လာခဲ့သည်။

"စိမ်း ရောက်လာပြီနော် … မမသိမ့် လူ့လောကကြီးထဲမှာ နေရဖို့ အချိန်မရှိတော့ဘူးထင်တယ် … စိမ်းလေးကို သနားလိုက် တာ"

"မမသိမ့်ကပဲ ကိုယ့်အစ်မ ဒီတစ်ယောက်ထဲရှိတာ … စိမ်း အခုလို တာဝန်ယူခွင့်ရတာပဲ … အရမ်းဝမ်းသာနေတာ သိလား"

"စိမ်း မလိမ်နဲ့ … နင် ဟိုမှာကြေကွဲဝမ်းနည်းစရာတစ်ခုခုနဲ့ ရင်ဆိုင်နေရတယ် မဟုတ်လား … နင့်မျက်ဝန်းတွေထဲမှာ ကြေကွဲ နေတယ် … မမသိမ့် ညီမလေးစိမ်းက လိမ်ညာဟန်ဆောင်တတ်တဲ့ မိန်းကလေးမှမဟုတ်တာ … ပြောပြပါ … မမသိမ့်လည်း လူ့ လောကကြီးထဲမှာ မနေရမယ့်အတူတူ ညီမလေးအတွက် စောင့် ရှောက်ချင်ပါတယ်"

"ဘာမှမရှိပါဘူး တကယ်ပါ … မမသိမ့်အတွက်ပဲတွေးပြီး စိတ်မကောင်းဖြစ်နေရတာပါ"

"မလိမ်နဲ့ … စိမ်း နင် ဟိုမှာနေရတာ အဆင်မပြေဘူးလား"

"ပြေပါတယ် … မာမီကြီးက စိမ်းကိုအရမ်းချစ်တာပါ၊ ဟို



www.burmeseclassic.com

www.burmeseclassic.com



လေ ... ဟို ... သူ့သားတွေက ... ”

“အမလေး စိမ်းရယ် ... ဒါက အခွင့်အရေးပဲ စိတ်ပူစရာမရှိ ဟာ ... နင့်ရုပ်ရည်က သူ့ချွေးကတော်ရုပ် ... ”

“အခုလေ ... စိမ်း ... စိမ်းနဲ့သားကြီးချစ်သူ ဖြစ်နေတယ်၊ သူ ... သူ့ကို မယုံဘူး၊ အခုတောင် သူက မမသိမ့်ကို တက်ကြည့် မလို့တဲ့ ... စိမ်း တားလိုက်တာ”

“ကြည့်ပါစေ ... ဒီညနေ လာကြို့မှာမဟုတ်လား ... မမသိမ့် အကဲခတ်ပေးမယ် လာပါစေ ... စိမ်းရယ် ဘာမှအားငယ်စရာမရှိပါ ဘူး ... ရဲရဲတင်းတင်းသာ ရင်ဆိုင်လိုက် ... စိမ်းက ယောက်ျားလေး တစ်ယောက် ငြိသွားအောင် ညှို့ယူဖမ်းစားနိုင်တဲ့ အလှတွေပိုင်ဆိုင် ပါတယ်”

စိမ်းကို အခုမှ သနားနေမိသည်။

သိမ့်အတွက် ဘယ်လောက် အထိသောကတွေ ခံစားခဲ့ရလဲ။

သိမ့်အတွက်မကြီးချင်တော့။

သူမ ဝေဒနာက ဆေးကုသဖို့ လွန်သွားတာကို ဆရာဝန်ကြီး တွေကပြောပြထားသည်။

“စိမ်း”

“ဟင်”

“မမသိမ့်လေ ... ငွေကုန်ကြေးကျများမယ့် ဆေးကုသမှု





တွေကို လုံးဝမလုပ်တော့ဘူး”

“ဘာဖြစ်လို့လဲ ... မမသိမ့်အတွက် စိမ်းပိုက်ဆံအပြည့်ရှာ ထားပါတယ် ... မာမီကြီးက စေတနာနဲ့ထောက်ပံ့တယ်လေ ... ပူစရာမရှိပါဘူး ... စိမ်းကိုဖြေလို့မရအောင် မလုပ်ပါနဲ့ ... ”

“မဟုတ်ဘူး စိမ်း ... ဆရာဝန်ကြီးတွေက အာမခံပေးလို့ မရဘူးတဲ့ ... အန္တရာယ်များတယ်တဲ့ ... ဒါကြောင့်ပါ ... အရမ်းလွန် သွားပြီတဲ့ဟာ ... ”

သိမ့် ကြေကွဲဟန်မပြချင်။

သူမ မိုက်ပြစ်အတွက်ပါ။

စိမ်းလေးက တန်ဆာခံမလေး။

စိမ်းရှေ့ရေးကို သိမ့်စီစဉ်ထားချင်ခဲ့သည်။

“စိမ်းရယ် ... စိတ်မကောင်းမဖြစ်နဲ့တော့ ... မမသိမ့် ဆုံး ဖြတ်ထားတယ် ... သေခြင်းတရားကို အေးချမ်းစွာရင်ဆိုင်တော့ မယ်၊ စိမ်းရှေ့ရေးအတွက်ပဲ တစ်ခုခုစီစဉ်ပေးချင်တယ် ... စိမ်း အိမ် ထောင်ရေးကိုပဲ ဖြစ်ဖြစ်လေ ... အစ်မတစ်ယောက်ရဲ့တာဝန် ယူ သွားချင်တာ”

“အေးပါ ... သူ့ကို မမသိမ့်တွေ့ကြည့်ပြီး အကဲခတ်ပေးပါ”

“ကောင်းတယ် ... မမသိမ့် ပြောစရာရှိတာလည်းပြောခဲ့ ခယ်”



www.burmeseclassic.com

www.burmeseclassic.com



"မမသိမ့် ပေါက်ကရတွေတော့ မပြောပါနဲ့ ... စိမ်းရှက်တယ် စိမ်းက အဆိုးဆုံးပဲတွေးထားတာပါ ... အကဲပဲခတ်ပေး"

"အင်းပါ"

ညနေကျတော့ စောစောပြန်ဖို့ ကိုနေ ဖုန်းဆက်သည်။

မမသိမ့်က တွေ့ချင်နေတယ်ပြော၍ သူရောက်လာခဲ့၏။

စိမ်းအစ်မအား တလေးတစား လာတွေ့တဲ့ ကိုနေ့အား ကျေးဇူးတော့ တင်မိသွားသည်။

"မမသိမ့် ... သူလေ ... ကိုနေတဲ့ စိမ်းချစ်သူပါ"

ကိုနေမင်းထိန်ဟု သူ့နာမည်ကိုတော့ အပြည့်အဝ မိတ်ဆက် မပေးရဲပေ။

မမသိမ့် စိတ်ပူမှာစိုးရိမ်၍ဖြစ်သည်။

"ကျွန်မ ညီမလေးက ရိုးသားဖြူစင်သူပါ ... အပြစ်အနာ အဆာကင်းလွန်းပါတယ် ... ကျွန်မလည်း သေလူဖြစ်နေလို့ ကိုနေ ဆီမှာပဲ အပ်ခဲ့ပါရစေ ... အတည်တကျ လက်ထပ်ပေးပါ၊ အပျော် မကြံဖို့ တောင်းပန်ပါတယ်ရှင်"

"စိတ်ချပါ သိမ့် ... ကိုနေ ကတိပေးပါတယ်၊ စိမ်းကို အရမ်း ချစ်ပါတယ် ... ယုံပေးပါဗျာ ... သိမ့်လည်း အားမငယ်ပါနဲ့၊ ဆေးဝါး ကုသမှုတွေ ခေတ်မီနေပါပြီ ... နိုင်ငံခြားမှာ ကုသချင်ရင်လည်း ကိုယ်အကူအညီပေးပါ့မယ်"





"နေပါတော့ရှင် ... အပိုအလုပ်တွေ သိမ့်မလုပ်ချင်တော့ လို့ပါ ... ရောဂါက ကျွမ်းနေလို့ပါ ... "

သိမ့်စကားပြောရင်း မောလာသည်။

ဒီလူကတော့ မဆိုးပါဘူး။

ရုပ်ရည်လည်း ချောမောခန့်ညားတယ်။

ညီမလေးစိမ်းကို ချစ်မြတ်နိုးသူဟု ထင်မိသည်။

သိမ့်ယောက်ျားတွေ အများကြီးနဲ့ပတ် သက်ဆက်ဆံခဲ့ဖူး၏။

ကိုနေဆိုတဲ့လူရဲ့ မျက်ဝန်းအရိပ်တွေကို သိမ့် အကဲခတ်တာ စိမ်းကို အမှန်တကယ်ချစ်သူဟုပဲ ထင်မှတ်သည်။

"အမိက သိမ့်ညီမလေးဘဝရှေ့ရေးပါ ... ကိုနေ့ကတိကို လည်း သိမ့်ယုံကြည်ပါတယ်နော် ... စိမ်းကို စောင့်ရှောက်ပေးပါ၊ မိသားစုအတွက် တန်ဆာခံအဖြစ် သူ့ဘဝတစ်ခုလုံး ပေးဆပ်နေသူ ပါ ... အပြစ်ကင်းလွန်းပါတယ် ... စိမ်းကို တာဝန်ယူပေးပါ"

"ကိုယ် ကတိပေးပါတယ် သိမ့် ... ဘာမှမပူပါနဲ့ ... စိမ်း အတွက် ကိုယ်တာဝန်ယူပါ့မယ်၊ ကာကွယ်ပေးပါ့မယ်၊ စိတ်ချပါ"

"ကျေးဇူးပါပဲ ... ကျေးဇူးတွေ အများကြီးတင်ပါတယ်ရှင်"

နေမင်းထိန် စိတ်ရင်းနှင့်စိမ်းအစ်မအား ကတိပေးမိလိုက် သည်။

မာမို့ရန်သူက သူမတို့ဖခင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့နှလုံးသားတွေထဲက စိမ်းကို ချစ်နေခဲ့၍လည်း သိမ့်ရှေ့မှာ လိုက်လိုက်လှဲလှဲ ကတိပေးဖြစ်နေခဲ့ခြင်းဖြစ်သည်။

"သိမ့် မောနေပြီ ... စကားမပြောပါနဲ့တော့၊ စိမ်းအတွက် ပူစရာလုံးဝမရှိဘူးဆိုတာပဲ ပြောချင်ပါတယ် ... စိမ်းကိုယ် အောက်ကစောင့်နေမယ် ... သိမ့်ကို နှုတ်ဆက်ပြီးဆင်းလာခဲ့နော်"

"ဟုတ်"

ကိုနေ ပြန်ထွက်သွားတော့မှ မမသိမ့် လက်လေးကိုဆုပ်ကိုင်ပြီး ဘယ်လိုလဲဟု မေးရသည်။

"အိုကေတယ် ... သူက စိမ်းကို တကယ်ချစ်မြတ်နိုးတာပါ"

"သေချာလို့လား မမသိမ့်ရယ်"

"သေချာပါတယ် ... သူ့မျက်ဝန်းအရိပ်တွေက စိမ်းကိုချစ်နေတာ သေချာတယ်ဟာ ... သူက သူ့အေးသားပဲ၊ စိမ်းကိုအပျော်ကြံချင်ရင် မမသိမ့်ဆီ လာတွေ့စရာအကြောင်းမရှိဘူးလေ ... အနေသာကြီးပဲ၊ စိမ်း မပူပါနဲ့ ... သူ့ကိုသာ ရဲရဲတင်းတင်းအားကိုးလိုက် အမိဖမ်းလိုက်ဆိုတဲ့ စကားကြီး မမသိမ့် မသုံးချင်တော့ပါဘူးဟယ်"

မမသိမ့်ကို အားပေးစကားတွေပြောပြီး ဒေါ်လေးငွေထံလည်း အသေအချာအပ်ရင်း စိမ်း ပြန်ထွက်လာခဲ့သည်။

☆

အခန်း ( ၁၇ )

"အဟင့် ... ဟင့် ... ဟင့်"

"ကျွန်မ သေပြစ်ချင်တယ် ... ကျွန်မကို ဘာဖြစ်လို့ ဒီလောက်အထိ ကြိစည်ရတာလဲ ... အီး ... ဟီး"

စိမ်းဘဝတော့ ပျက်ပါပြီ။

ကိုနေမင်းထိန်ရဲ့ ခြေနင်းဖျက်စီးမှုကို ခံလိုက်ရသည်။

မမသိမ့်က ရွေးချယ်စေတဲ့ယောကျ်ား။

စိမ်း စိတ်ထဲမှာ လုံးဝလက်မခံနိုင်သေး။

မလွဲသာ မရှောင်သာတဲ့ဘဝမို့ အလိုက်အထိုက်နေထိုင်ခဲ့ခြင်း ဖြစ်၏။

သူ့အလျှင်အမြန်ကြီးပဲ စိမ်းကို ခြေတော်တင်ပြစ်လိုက်ခြင်းဖြစ်သည်။

"စိမ်း ကံဆိုးလိုက်တာ ... ကိုနေ ဒီလိုမလုပ်သင့်ပါဘူး စိမ်း



www.burmeseclassic.com

www.burmeseclassic.com



ကို တန်ဖိုးမထားဘဲ ရက်စက်ပြစ်လိုက်တာပဲ"

"စိမ်း ကိုနေတို့က ချစ်သူတွေလေ ... ဘာဖြစ်လို့လဲ ... ကိုနေ့ကို မယုံကြည်တာလား၊ လောလောဆယ်တော့ စိမ်းအံ့ရမ်းကြောက်နေမှာပါ ... ဘာမှပူမနေပါနဲ့ အချစ်ရယ်နော် ... "

နေမင်းထိန်လည်း စိတ်ထိခိုက်ကြေကွဲရသည်။

မာမီ့ အစီအစဉ်ပဲ။

စိမ်း အပျိုစင်ဘဝကို ဒီနေ့အရယူခဲ့တဲ့ သားကြီးနေကို လက်ဆောင်ပေးတာတဲ့ နာကျင်ရသည်။

"စိမ်း ... "

"ဟင်"

စိမ်းက သူ့လက်တွေကို ဖယ်ရှားပြစ်သည်။

အသားလေးတွေ တဆတ်ဆတ်တုန်ယင်လျှက် ခေါင်းလေးကို ကြမ်းပြင်နှင့်ထိလုမတတ် ငုံ့ထားသည်။

စိမ်း အရမ်းရှက်ကြောက်နေရှာ၏။

ဒီအခန်းထဲမှာပဲ ချစ်သူကို ထွေးပွေ့ချော့မြူခွင့်ရှိသည်။

"ကိုနေ တောင်းပန်ပါတယ် ... အချစ်ကြောင့်ပါ၊ စိမ်းကို ကိုနေ့နှလုံးသားတွေထဲနှစ်ပြီး ချစ်တယ်ဆိုတာ ယုံပါနော်"

စိမ်း မယုံနိုင်။

စိမ်းလိုအဆင့်မျိုးကို မာမီကြီးက ချွေးမတော်မှာလား။





ကျားကြောက်လို့ ရှင်ကြီးကိုးကာမှ ရှင်ကြီးက ကျားထက် ဆိုးနေသည်။

စိမ်း ရှက်တယ်။

မမသိမ့် ပြောသလို အပိုင်ဖမ်းတာ ဒီလိုမျိုးလား။

ကိုနေ့ဆီက စိမ်းကို လက်ထပ်ပါ့မယ်ဆိုတဲ့စကား မပြောခဲ့။

စိမ်း သိပါတယ်။

စိမ်းဘဝ ခြေမှုန်းခံလိုက်ရပြီဆိုတာပါပဲ။

"စိမ်း နင်မအနဲ့နော် ... အမိအရတောင်းဆို ရတယ် ... ငါ သေချင်သေးဘူး၊ နင့်ဘဝရှေ့ရေး စီမံပေးချင်တယ်"

ကိုနေ့ထံတွင် စိမ်းဘယ်လိုတောင်းဆိုရမလဲ။

လက်ထပ်ဖို့လား ...

မာမီကြီး ကျေးဇူးတွေက အများကြီးရှိသည်။

မျက်ရည်တွေသာ စိမ်းပါးပြင်လေးပေါ် တစ်ပေါက်ပေါက် သိမ့်ဆင်းကျနေ၏။

စိမ်းရဲ့ ကံကြမ္မာကို စိမ်းအရမ်းမုန်းတယ်။

"စိမ်း အဝတ်အစားတွေ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်ဝတ်လိုက်ဦး ... မျက်နှာကိုလည်း ပြင်လိုက် ... ကိုနေ အပြင်ကနေ စောင့်နေမယ်"

"ကိုနေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"ကျွန်မကို တစ်ယောက်ထဲ မထားခဲ့ပါနဲ့နော်"

"ကိုယ် ဒီအခန်းရဲ့အပြင်မှာ ရပ်စောင့်နေပါ့မယ်"

စိမ်းကို မနာကျင်စေချင်တာ အမှန်ပါပဲလေ။

အပြစ်ကင်းသူဟု သူသတ်မှတ်သည်။

ညီလတ် ဘာပြောမလဲ ... ဒေဝါ့ကို ဘယ်သူမှတားဆီးနိုင်မည်မဟုတ်တာလည်း သူသိ၏။

သူ အပြင်ထွက်လာခဲ့သည်။

"စိမ်း အေးအေးဆေးဆေးပြင်ဆင်ပါ ... ကိုယ်အပြင်မှာ နေတယ် ... လုံးဝသပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်လိုက်ပါ"

သူ ထွက်သွားသည်။

စိမ်းသတ္တိမရှိဘဲ ဘယ်လိုရပ်တည်မလဲ။

ဖြစ်ချင်ရာဖြစ် စိမ်းဘဝ မထူးတော့ပါဘူး။

စိမ်း အတော်လေးသတ္တိမွေးပြီး မျက်နှာကိုပြင်သည်။

"နင်က ရုပ်ရည်ရှိပါတယ်ဟယ် ... ကတော့်ရုပ်ပဲ၊ အားမငယ်စမ်းပါနဲ့ ... နင့်ဘဝတစ်လျှောက်လုံး မကောင်းတာ ဘာမှမလုပ်တဲ့ စိမ်း ... တစ်နေ့အကျိုးပေးကောင်းမှာပါနော်"

မမသိမ့်စကားသံတွေက စိမ်းကို အားအင်တွေဖြစ်မလာလေ။





ထိတ်လန့်ရှက်ရွံ့စွာ အယုံအကြည်ကင်းမဲ့နေခဲ့ ဖြစ်သည်။

"စိမ်း"

"ရှင်"

"မကြောက်နဲ့နော် ..."

စိမ်း ထွက်လာသဖြင့် စိမ်းလက်လေးကို ဆုပ်ကိုင်တော့ သူမ ရုန်းဖယ်နေကာ သူက မလွှတ်ပေ။

မင်းလက်လေးကို ဒီလိုအမြဲတွဲပြီး ကိုယ်လျှောက်လှမ်းချင်ပါတယ်စိမ်း။

မဖြစ်နိုင်ဘူး ... ကိုယ့်နှလုံးသားတွေက ရက်စက်မှုတွေနဲ့ ဖြည့်နှက်နေတယ်။

အပြစ် မလုပ်ခဲ့ဘဲနှင့် အပြစ်ခံရတော့မည်ဖြစ်သည်။

"ကိုနေ"

"ပြောလေ"

"ကျွန်မ ဘာအခွင့်အရေးမှ ကိုနေ့ဆီကနေ မတောင်းဆိုပါဘူး ... စိမ်းဘဝနဲ့စိမ်းပဲလို့ သတ်မှတ်ထားပါတယ်လေ၊ မာမီကြီးကို ဘာမှသွားမပြောပြစေချင်ဘူး"

"ဘာဖြစ်လို့လဲ စိမ်း ..."

"မာမီကြီး စိတ်တွေ ထိခိုက်နာကျင်သွားရမှာ စိတ်ပူလို့ပါ၊ မာမီကြီးအနားမှာ စိမ်းရှိနေဖို့ လိုအပ်သေးတယ်ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းရယ် ..."

"ကျွန်မဘက်က ရှင့်ကိုလက်ထပ်ဖို့ မတောင်းဆိုပါဘူး၊ ဘာ အခွင့်အရေးမှလည်း မယူချင်ဘူး ... ဒီကိစ္စထားလိုက်ပါတော့"

စိမ်းရယ် ... မင်းဘာဖြစ်လို့များ ဒီလောက်အထိ ရိုးသားနေရတာလဲ။

စိတ်သဘောထား ပြည့်ဝလွန်းသည်။

သူရက်စက်ဖို့ တွန့်နေ၏။

စိမ်းကိုချစ်သည်။

"ကျွန်မတို့ ချစ်သူအဖြစ်မှ ရပ်စဲလိုက်ကြရအောင်"

"ဘာပြောတယ် စိမ်း"

"တောင်းပန်ပါတယ်နော် ... မိုးမင်းဒေဝါ လာစော်ကားမှာ လည်း စိမ်းမကြောက်တော့ပါဘူး၊ အဲဒီနေရာမှာတင် စိမ်းကိုယ်စိမ်း သတ်သေပြစ်လိုက်ဖို့ အဆင်သင့် ပြင်ထားပါ့မယ်"

"စိမ်း"

"မမသိမ့်က သူ့ရောဂါကို ဆက်မကုတော့ဘူးတဲ့၊ သေမှာက သေမှာပဲတဲ့လေ ... ညီမလေးစိမ်းဘဝကို ထပ်ပြီးအနစ်မွန်းမခံနိုင် လို့တဲ့၊ စိမ်း ငွေထပ်ရှာစရာ မလိုတော့ပါဘူး"

စိမ်း သူမကိုယ်သူမပဲ အဆုံးစီရင်လိုနေခဲ့သည်။

ဘာအခွင့်အရေးမှလည်း မလိုချင်တော့။





စိတ်တွေ မလုံမလဲ။

ကိုလမင်းသာကို သတိရမိ၏။

သူ့ရဲ့ရိုးသားတည်ကြည်မှုကို လေးစားသည်။

"စိမ်း"

"ဟင်"

"ကိုယ့်ကို မမုန်းပါနဲ့"

သူ့ကို ဘာမှထပ်ပြောမနေတော့ဘဲ စိမ်းတိုက်ကြီးထဲဝင်လာ ခဲ့သည်။

ရင်တွေ နာကျင်ကြေကွဲရ၏။

မာမီကြီးဆီအသွားတွင် ကိုလမင်းသာနှင့်ဆုံသည်။

"ပြန်လာပြီလား ဆရာမ"

"ဟုတ်ကဲ့"

"စိမ်းလန်းမေ"

"ရှင်"

"မင်း ... ရင်ဘတ်မှာ"

"ရှင် ... ဩော်"

သူမကိုပြောပြီးမှ လမင်းသာအားနာပြီး လှည့်ထွက်လာခဲ့ သည်။

စိမ်းလန်းမေရဲ့ ရင်ဘတ်ကြယ်သီးမှာ ချိတ်နေတာက ကိုနေ



www.burmeseclassic.com

www.burmeseclassic.com



၍ နဝရတ်ကိုးသွယ်လက်စွပ်။

ကိုကြီးနေ ပိန်သွားတယ်။

လက်စွပ်က ချောင်နေတယ်ဟုပြောဖူး၏။

ကိုနေနဲ့ဆရာမ စိမ်းလန်းတို့ တစ်နေရာရာမှာ အိပ်လာခဲ့

ကြတာလား။

သူကျေနပ်သလိုလို ခံစားရပေမယ့် နာကျင်သွားသည်။

"ကိုနေနဲ့ဆိုရင်လည်း ကောင်းပါတယ် စိမ်းလန်းမေရယ်

မိုးမင်းဒေဝါရန်ကနေ လွတ်သွားတာပေါ့ကွာ"

လမင်းသာ စိတ်တွေက အမြဲတမ်း စိမ်းလန်းမေကို အဘ

အကွယ်ပေးချင်နေသည်။

စောစီးစွာ စိမ်းလန်းမေနှင့်ဆုံမိပြီး ရွေးချယ်ခွင့်ရမယ်ဆို

လျှင် မာမီရဲ့အမွေဖြတ်တာခံယူနိုင်မည် ထင်မိ၏။

သူ ငွေမရှာတတ်။

ရိုးသားတည်ငြိမ်တဲ့ မိန်းကလေးတစ်ယောက်နှင့် ဘ

လက်တွဲဖြတ်သန်းချင်သည်။

ကိုကြီးကခြံထဲမှာကျန်ခဲ့၍ သူ ထွက်လာခဲ့၏။

စိမ်းလန်းမေအား ကိုကြီးနေ လက်ထဲသေချာစွာ အပ်

သည်။

"ကိုကြီးနေ"





"ဟင် ... ဟာ ... ညီလတ်ပါလား"

"ကိုကြီးက ဘာတွေစဉ်းစားနေတာလဲ၊ အထိတ်တလန့်နဲ့

ဗျာ ... ဧကန္တတော့ အိုကေလာလား"

"မဟုတ်ပါဘူးကွာ"

စိမ်းလန်းမေဘဝရှေ့ရေးအတွက် သူနှင့်လွန်ကျူးမှုကို ဘယ်

သူမှ ထုတ်ဖော်ပြောပြခွင့်မရှိ။

မာမီကလွဲပြီးတော့ပေါ့။

"သားကြီးနဲ့ စိမ်းလန်းမေတို့ လွန်ကျူးမိတယ်ဆိုတာ

ဘယ်သူမှ ပြောမပြရဘူးနော်"

မာမီ့ကို အပြစ်တင်ကြမှာကို ရှောင်ရှားလို၍ဖြစ်သည်။

"မလိမ်ပါနဲ့ဗျာ ... စောစောက စိမ်းလန်းမေရင်ဘတ်မှာ

ကိုကြီးလက်စွပ် ချိတ်ပါသွားလို့ ညီလတ်တောင် သတိပေးရတယ်"

"ဟုတ်လား"

သူ့လက်ကို သေသေချာချာ ကြည့်လိုက်တော့ နဝရတ်ကိုး

သွယ်လက်စွပ်က မရှိတော့။

နည်းနည်းလေး ချောင်နေသည်။

"ညီလတ်က အိမ်ထောင်ရှင်ပါကိုကြီးရာ ... ဘယ်အတိုင်း

တာအထိ နီးစပ်လာပြီလည်းဆိုတာ သိပါတယ်"

"ဘယ်သူမှ မသိစေနဲ့ အဓိကမာမီပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးက မာမီ့ကိုလိမ်ညာလို့ရမယ်ထင်လား ... စိမ်းလန်းမေမျက်နှာ ဖြူရော်နွမ်းဖတ်နေတယ် ... ဒီမိန်းကလေးက ဟန်မဆောင်တတ်ပါဘူးဗျာ"

"ညီလတ်"

"ပြောလေ ကိုကြီး ... "

"မာမီ လုံးဝမသိစေနဲ့ ... ဒေဝါလည်း မသိ၊ ဘယ်သူမှ အသိမပေးနဲ့ ... "

"ကျွန်တော့်ကို စိတ်ချပါကိုကို ... စိမ်းလန်းမေ ဂုဏ်သိက္ခာမဲ့ရမယ့်အလုပ်တွေ ကျွန်တော် ဘယ်တော့မှမလုပ်ပါဘူး၊ သူ့ကိုသနားတယ်"

စိမ်းလန်းမေက ယောက်ျားလေးတွေကို ဘယ်လောက်အထိ ညို့ယူဖမ်းစားနိုင်လည်းဆိုတာ နေမင်းထိန်သိသည်။

မင်း ညီလတ်နဲ့ တွေ့ဆုံရမှာပါ။

ကိုယ်က လူယုတ်မာပဲ။

မင်းအပေါ် ရက်စက်မှုအပေါင်းသရဖူဆောင်းရတော့မယ်

သူ့ဆီ မကြာမီ မာမီ ရောက်လာတော့မည် ဖြစ်သည်။

"ကိုကြီး ဝင်တော့မယ်ကွာ"

"ကိုကြီး"

"ပြော"





"စိမ်းလန်းမေအပေါ် မရက်စက်ပါနဲ့ဗျာ ... ကိုကြီးအိမ်ထောင်ပြုသင့်တဲ့မိန်းကလေးပါ ... ညီလတ် ပြောချင်တာကလေ စိမ်းလန်းမေကို လက်ထပ်ပါ"

"မာမီ ရှိသေးတယ်ကွ"

"တစ်နေ့နေ့ပေါ့ ... လောလောဆယ် လက်မထပ်နိုင်သေးဘဲနဲ့တော့ ထပ်ပြီး မလွှန်ကျူးပါနဲ့"

နေမင်းထိန် ထွက်လာခဲ့သည်။

သူ့ရင်တွေပူလောင်နေသည်။

အိပ်ခန်းထဲဝင်လာခဲ့၏။

ဖြူပျက်နေတဲ့ သူ့မျက်နှာကိုအခန်းထဲဝင်လိုက်သည်နှင့် အပျော်တွေ အစားထိုးကာ ရွှင်လန်းတက်ကြွ မာန်သီချင်းပင် ညည်း လိုက်ရသည်။

"သားကြီးနေ"

"မာမီ"

သူထင်ထားတဲ့အတိုင်းပင် မာမီဝင်လာသည်။

"မင်း အောင်မြင်တယ်ဆိုတာ မာမီသိတယ် ... ဟိုဟာမလေးမျက်နှာကို ဖြူဆုတ်နေတာပဲ"

"အောင်မြင်တယ် မာမီ ဘယ်ရမလဲ ... နေပဲဟာ ... အနိုင်ဘပ်လေ ... ပြာကျမတတ် ပူလောင်လေပဲ ... အရှမ်းငိုပြီး ရှူး



www.burmeseclassic.com

www.burmeseclassic.com



မတတ် ခံစားရတယ် မာမီ”

“ကောင်းလိုက်တာ ... မင်းအတွက် လက်ဆောင်ပဲ ... ဒင်းသမီးခံပါစေ ... မာမီ အရမ်းကိုပျော်တယ် ... ဒီဟာမလေး မျက်ဝန်းထဲမှာ ကြေကွဲမှုတွေအပြည့်ပဲ ... မာမီခံခဲ့ရတုန်းကလည်း ဒီအတိုင်းပဲလေ”

ဒေါ်ထားသခင် ပျော်ရွှင်ကျေနပ်စွာဖြင့် ရယ်မောမိသည်။

သော်တာမောင် ... ရှင့်သမီးဘဝကို တစ်စစီ ချေဖျက်ခံနေရပြီလေ။

မေသူ ... လင်လုဖက်။

ထားသခင်ရဲ့ချစ်သူကို မျက်နှာပြောင်တိုက်ပြီး လုယူသွားခဲ့တာ။

အခု ... ဒင်းသမီး ပြန်ပေးဆပ်နေရပြီလေ။

ကံကြမ္မာက လက်ဆောင်ပေးတာ။

“သားဆီကနေ ဘာမှတောင်းဆိုခွင့်မပြုနဲ့ ... လက်ထပ်ခွင့် လုံးဝမရှိဘူး ... ထားသခင် ကျေနပ်တဲ့အထိ စိမ်းလန်းမောဘဝ စုတ်ပြတ်သပ်သွားစေရမယ်၊ သားကြီးတော်တယ် ... လိမ္မာတယ်၊ မာမီ မွေးရကျိုးနပ်လိုက်တာ”

သူ့ကို ပွေ့ဖက်နမ်းရှိုက်နှစ်သိမ့်ပေးပြီး မာမီပြန်ထွက်သွား လေသည်။





“မာမီ လက်စားချေတာတွေ ရပ်လိုက်ပါတော့ဗျာ ... စိမ်းလန်းမေက အပြစ်မှမရှိတာပဲ၊ သားကရော ... ”

အံသွားတွေကို တင်းကျပ်စွာ ဖိတ်ကြိတ်ထားလိုက်သည်။ နာကျင်ရလွန်း၏။

ငယ်ငယ်က မာမီ့ကိုအပြုံးတွေ ရွှန်းရွှန်းဝေနေတာကိုပဲ သူ မြင်တွေ့ချင်ခဲ့၏။

အထင်ကြီးလေးစားရလွန်းသည်။

“စိမ်းရယ် ... ကိုယ်ဘာဆက်လုပ်ရမလဲ ... ကိုယ့်ဝဋ်ကျွေးပဲ ထင်တယ်”

လောကကြီးကတော့ သူ့အတွက် စိတ်ပျက်စရာပါပဲ။

နေမင်းထိန်ဆိုတဲ့ သူ့နာမည်ကို မနှစ်သက်တော့။

မာမီ့အတ္တတွေက သူ့ကိုလောင်မြိုက်နေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

စိမ်းလန်းမေကို တွေ့ရလေ ဒေဝါ မခံချိမခံသာနှင့် စားချင်ဝါးချင်နေသည်။

ဣန္ဒြေသိက္ခာကြီးမားပြီး အိစက်နေ၏။

ကိုကြီးနဲ့ ကိုလတ်ကြောင့်ပဲ။

အခုတလော ကိုကြီးနဲ့တောင်တွဲနေသလားပဲ။

မင်းဘယ်တော့မှ ဒေဝါ့လက်ကနေ မလွတ်စေရဘူး။

စိမ်းလန်းမေ ညရော နေ့ရော စိမ်းလန်းမေအား ချောင်းနေသည်။

"မာမီ"

"ပြော ... သားငယ်"

"ဒီတစ်ခေါက် စိမ်းလန်းမေ အပြင်ထွက်ရင် သားကြို့ပါရစေ"





"ဘာဖြစ်လို့လဲ ဒေဝါ ... မင်းနဲ့မဆိုင်ဘူးလေ"

"သားကြို့မယ်နော် ... မာမီကို အသိပေးပြီးသွားပြီ၊ ဒါပဲ"

သားငယ်ကလည်း စိမ်းလန်းမေအား စွဲလမ်းနှစ်သက်နေပုံပင်။

သားကြီးအခန်းက တော်လောက်ပြီထင်တယ်။

သားငယ် မိုးမင်းဒေဝါက ပိုစိတ်ချရမယ်ထင်သည်။

"ကောင်းပြီလေ ... သားငယ် တစ်ခေါက်လောက်ပေ့ါ၊ မာမီ ခွင့်ပြုတယ်"

"ဒါမှ တို့မာမီကွ"

ဒေါ်ထားသခင် ... လသာဆောင်မှာ ထွက်ထိုင်နေစဉ် သားငယ်မိုးမင်းဒေဝါ ရောက်လာ၍ တောင်းဆိုသည်။

မိမိအကွက်ပဲ။

သားလတ် လမင်းသာတောင် ဒီဟာမလေးအား စွဲလမ်းနှစ်သက်နေပုံရ၏။

ဒေါ်ထားသခင် အကွက်တွေ တစ်ကွက်ပြီးတစ်ကွက် ရွှေ့နေရသည်။

"မိုးမင်းဒေဝါ"

"ပြောပါ မာမီ"

"မာမီက ဘယ်လိုမိန်းကလေးမျိုးကို ရွေးမတော်မလဲဆို



www.burmeseclassic.com

www.burmeseclassic.com



တာ မင်းသိတယ်နော်"

"သိတာပေါ့ မာမီရာ ... မိုးမင်းဒေဝါပါ၊ စိတ်ချ ... စိမ်းလန်းမေလို အဆင့်ကို သားငယ်ရဲ့ဘဝ တစ်သက်တာလက်တွဲဖို့ စိတ်ကူးထဲမှာတောင် မရှိဘူး၊ သားငယ်အကျင့်စရိုက်ကို မာမီသိပါတယ်"

"မင်းကိုတော့ မာမီစိတ်ချပါတယ် ... သားလတ်လို မဖြစ်စေနဲ့၊ မိန်းမရဲ့ကျေးကျွန်လေ"

"စိတ်ချ ... မိုးမင်းဒေဝါပါ"

မာမီက အသာတကြည်ခွင့်ပြုထဲက မိုးမင်းဒေဝါ နပ်သည်။

စိမ်းလန်းမေ မင်းရှောင်နိုင်ရင် ရှောင်လေ။

"စိမ်းလန်းမေကို မာမီအမိန့်ပေးပါ ... သားငယ်နဲ့သွားဖို့လေ"

"အင်းပါ"

"စိမ်းလန်းမေကို သားအတွက်လက်ဆောင်ပေးပါ မာမီ စိတ်ချပါ ... သားဘယ်တော့မှ မိန်းမတစ်ယောက်ကို လက်မထပ်ပါဘူး"

"မာမီကြိုက်တယ် ... မာမီ အသက်ရှင်နေတဲ့အချိန်မှာ မား သားက မိန်းမတစ်ယောက်ရဲ့ အထိန်းချုပ်ခံဘဝ ရောက်နေတာ မမြင်ချင်ဆုံးဘဲ"

"ဒေဝါ သဘောပေါက်ပါတယ် မာမီ"





စိမ်းလန်းမေကတော့ မာမို့သားတွေအတွက် ကံကြမ္မာက လက်ဆောင်ပေးလိုက်တာလေ။

ဒေဝါ ပျော်ပြီးထွက်သွားသည်။

သားကြီးနဲ့တော်လောက်ပြီ။

မိန်းမတွေနှင့် အတွေ့အထိမရှိဘူးတဲ့ သားကြီး နေမင်းထိန်က စိတ်မချရတော့ဘူး။

မိမိထင်လျှင် မှားခဲ့၏။

စိမ်းလန်းမေကို စွဲလမ်းသွားနိုင်သည်။

"ဟုတ်တယ် ... သားငယ်အလှည့်ပဲ ... မိုးမင်းဒေဝါက မိန်းကလေးတွေအများကြီးနဲ့ ပတ်သက်ခဲ့ဖူးတယ်၊ ဒီဟာမလောက်ကို လုံးဝမစွဲလမ်းနိုင်ဘူး၊ အိုကေ ... ကောင်းလိုက်တာ၊ စိမ်းလန်းမေကို မိုးမင်းဒေဝါလက်ထဲ လွှဲအပ်လိုက်တော့မယ်"

ဒေါ်ထားသခင်ကတော့ မိမိအစီအစဉ်တွေကို မိမိသဘောကျလို့မဆုံးပေ။

သားကြီးနေမင်းထိန်က တော်လောက်ပါပြီ။

စိမ်းလန်းမေ အသည်းကိုခွဲရလိမ့်မယ်။

လသာဆောင်မှာ လေလေးတဖြူးဖြူးနှင့် နှလုံးသားတွေအေးစိမ့်သည်။

"မာမီကြီး အထဲဝင်တော့မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"လာ ... ထိုင်ပါဦး သမီးရယ်"

"ဟုတ်ကဲ့"

စောစောက မိုးမင်းဒေဝါ အရိပ်တွေ့လိုက်၍ စိမ်းတမင် ရှောင်ပြီး အခန်းထဲမှာပဲ ထိုင်နေလိုက်သည်။

မာမီကြီးကို ဘာတွေတောင်းဆိုနေလည်း မသိဘူး။

"စိမ်းလေး"

"ရှင်"

"စိမ်းလေးကို မာမီကြီး အမြတ်နိုးဆုံးပစ္စည်းတစ်ခု လက်ဆောင်ပေးချင်တယ်"

"ရှင် ... အို ... စိမ်းဘာမှမလိုချင်တော့ပါဘူး မာမီကြီးရယ်၊ လက်မခံပါရစေနဲ့နော် ... မာမီကြီး ကူညီထောက်ပံ့ပေးထားတာတွေ များနေလို့ပါ"

"မာမီကြီးရဲ့ချစ်ခြင်းမေတ္တာ စေတနာတွေကို မငြင်းပါနဲ့အေ မာမီကြီးက သမီးမွေးထားတာမှ မဟုတ်တာ၊ စိမ်းလေးကို သံယောဇဉ်တွယ်နေမိတယ် ... မာမီကြီးဆန္ဒကို ဖြည့်စွမ်းပေးတဲ့အနေနဲ့ လက်ခံပေးပါကွယ်နော်"

စိမ်း ဘယ်လိုငြင်းမလဲ။

မာမီကြီးမျက်ဝန်းတွေထဲမှာ မျက်ရည်တွေက ပြည့်နှက်နေသည်။





"လာ ... အခန်းထဲဝင်ကြစို့"

"ဟုတ်"

ဒေါ်ထားသခင် အံသွားတွေကို တင်းကျပ်စွာ ဖိကိုက်ထားသည်။

ညည်းအဖေ ပေးထားခဲ့တဲ့ပစ္စည်းပါ။

ချစ်သူဘဝက အမှတ်တရ ချစ်သက်လက်ဆောင်လေ။

ဒီပစ္စည်းပေးပြီး မကြာခင်မှာပဲ ကျုပ်အပေါ် သစ္စာမဲ့ခဲ့လိုက်တာပဲ။

ကျုပ် အရမ်းနာကျင်မုန်းတီးရတဲ့ အမှတ်တရပဲ။

"စိမ်း"

"ရှင်"

"ရော့"

"ရှင် ... "

မာမီကြီးပေးတဲ့ ပစ္စည်းက လှပစွာ အသည်းပုံဗူးလေးတစ်ခုပါ။

စိမ်းလက်တွေ တုန်ယင်နေသည်။

စိမ်း မယူချင်ပါဘူး။

မာမီကြီး စိတ်ချမ်းသာစေရေးအတွက် လက်ခံလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆွဲကြိုးလေးက မာမီကြီးရဲ့ ငယ်ချစ်ဦးက အမှတ်တရ လက်ဆောင်ပေးထားတာပါ … မာမီအရမ်းမြတ်နိုးတယ်၊ နှစ်သက်တယ်၊ တစ်နေ့နေ့မှာတော့ မာမီကြီး ချစ်မြတ်နိုးရတဲ့လူတစ်ယောက်ကို လက်ဆောင်ပေးမယ်လို့ ရည်မှန်းထားခဲ့တာပါ … အခုတော့ သမီးလေးစိမ်းအတွက် ဖြစ်သွားခဲ့တယ်၊ မာမီကျေနပ်လိုက်တာကွယ် … အရမ်းပျော်တယ်"

မာမီကြီးပေးတဲ့ ဗူးလေးထဲမှာ ဆွဲကြိုးလေးတစ်ကုံးပါ။

ယူထားလိုက်ရသည်။

"စိမ်းလေး ဆွဲထားပါ … မာမီကြီး အမြဲတမ်း မြင်တွေ့ချင်တယ် … လာ … မာမီကြီး ဆွဲပေးမယ်"

စိမ်းလန်းမေ လည်ပင်းမှာ ဆွဲကြိုးလေးအား အမှတ်တရ ဆွဲပေးလိုက်သည်။

ဒီဆွဲကြိုးကို မြင်တိုင်း ကျုပ်ရဲ့အမှန်းတရားတွေက ခိုင်နှံ့ကြီးမားတဲ့ ထုထည်ကြီးတစ်ခု ဖြစ်လာနိုင်မယ် စိမ်းလန်းမေ။

ကျုပ်အပေါ် ညည်းအဖေစပြီး သစ္စာမဲ့ခဲ့တာ။

မညှာမတာ မထောက်မထား ရက်စက်ခဲ့တာပါ။

ဒေါ်ထားသခင် အကြည့်ကို ရုတ်ချည်းလွှဲပြစ်လိုက်သည်။

"မာမီကြီး ဆေးသောက်မယ်နော် အားတင်းထားပါ … မာမီကြီးက စိတ်ဓာတ်ခိုင်မာပါတယ်၊ အမြန်ဆုံး လမ်းပြန်လျှောက်နိုင်





ယ်လို့ စိမ်းသိတယ် …"

မာမီကြီးကို စိမ်းချစ်သည်။

အမေကို မမှတ်မိတဲ့စိမ်း။

အမြဲတမ်း အမေအရွယ်တွေကို လေးစားချစ်ခင်ခဲ့မိ၏။

မာမီကြီးအား ဆေးတိုက်ပြီး အသာအယာ အိပ်စေသည်။

"ဪ … စိမ်း … ဒီတစ်ပတ် အပြင်ထွက်ရင် သားငယ် ိုးမင်းဒေဝါ ပို့ပေးလိမ့်မယ် … သားကြီး မအားဘူးကွယ်နော် သမီးလေး …"

"ဟို … မာမီကြီး၊ စိမ်း ကိုယ့်ဟာကိုသွားလို့ရပါတယ်၊ မသွား ည်းရတာပဲ"

"သွားပါအေ … မာမီကြီး စီစဉ်တာကိုလက်ခံပါ၊ သားငယ် ဝါကို စိတ်ချ … မာမီတာဝန်ပေးလိုက်တာပါ၊ သမီးကို စိတ်မချ အစ်မအတွက် စိတ်ပူနေတာလေ၊ အန္တရာယ်ရှိနိုင်တယ် … မာမီ း စီစဉ်ပေးတာကို အားမနာနဲ့၊ သမီးစိမ်းလေး အန္တရာယ်ကင်း ချင်တယ် … နည်းနည်းလေးနောက်ကျတာနဲ့ မာမီကြီး ဘယ် ာက်ထိ ရင်မောစိတ်ပူရလဲ … မျှော်ရတာ …"

မာမီကြီးကို စိမ်း စောဒကတွေ မတက်လိုပေ။

ကျန်းမာရေးကြောင့်ပါ။

မိုးမင်းဒေဝါအကြောင်းလည်း ပြောမပြချင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနေမင်း ထိန်ကိုစွလည်း ရင်မဖွင့်ပြခဲ့။

မာမီကြီး စိတ်သောကရောက်မှာ စိုးရိမ်ပြီး ကြိတ်မှိတ်ခံစား နေရသည်။

"စိမ်းလေး အနားယူတော့ ... ဒီမှာ လွတ်လွတ်လပ်လပ် သွားလာနေထိုင်ပါ၊ မာမီကြီးအနားမှာပဲ ကပ်မနေနဲ့ ... စိမ်းလေး အတွက် မာမီကြီးက ထွက်ပေါက်ပေးတာပဲ ... အားမနာနဲ့နော် သမီး"

"ဟုတ် ... ဟုတ်ကဲ့ပါ"

ဆေးထဲမှာ အိပ်ဆေးပါ၍ မာမီကြီး အိပ်ပျော်သွားသည်။

စိမ်း ဘာဆက်လုပ်ရတော့မလဲ။

ကိုယ့်ကိုယ်ကို သတ်သေပြစ်ရမလား။

တကယ်ဆို စိမ်းသေပြစ်ချင်သည်။

မိုးမင်းဒေဝါနှင့်သွားရမယ်ဆိုလျှင် စိမ်းဘဝ လုံခြုံမှု ကင်းမဲ့ သွားပြီ ဖြစ်၏။

လုံးဝ မယုံကြည်ရတဲ့လူပါ။

ကိုနေပဲ ရှိတော့သည်။

စိမ်း အကူအညီတောင်းရမယ်။

မာမီကြီး စီစဉ်တာဖြစ်၍ စိမ်း ဘယ်လိုမှငြင်းပယ်လို့မရနိုင် ဘူးဆိုတာ သိနေ၏။





မာမီကြီး စေတနာကိုလည်း မငြင်းပယ်လို၍ ဖြစ်သည်။

"ရှင်ပဲ စိမ်းကို အကာအကွယ်ပေးနိုင်မှာပါ ကိုနေရယ် ... စိမ်း အရမ်းကြောက်တယ် ... "

ချစ်သူ တစ်ပိုင်းဖြစ်သော ကိုနေမင်းထိန်ဆီ အကူအညီ တောင်းဖို့ပဲ ဆုံးဖြတ်ထားသည်။

ကိုနေ လက်စွပ်လေးယူပြီး အားတင်းလျှက် သူမ ထွက်လာ ခဲ့၏။

အခန်းထဲမှာ ကိုနေ ထိုင်နေသည်။

"ဟင် ... စိမ်းလန်းမေ ... "

"ကိုနေ"

"ပြော"

"လက်စွပ်လာပေးတာပါ၊ ဟိုနေ့က စိမ်းရင်ဘတ်ကြယ်သီး မှာကပ်ပါလာတယ် ... ရော့ ... "

"စိမ်းပဲ ယူထားလိုက်ပါ"

"မယူပါဘူး ... ကျွန်မ ဘာအခွင့်အရေးမှ ကိုနေ့ဆီက မယူ ချင်လို့ပါ ... ပြန်ယူပါ"

သူမက လက်စွပ်ကို သူ့ရှေ့ကစားပွဲပေါ်မှာ တင်လိုက်သည်။

စိမ်းရယ် ... မသိသေးတာတွေ အများကြီးပါကွာ။

ကိုယ့်မှာ ဘယ်လိုမှ ရှင်းပြနိုင်ခွင့်မှ မရှိတာဘဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ"

"ဟင်"

"ကျွန်မ အကူအညီတောင်းစရာတစ်ခုရှိလို့ပါ ... အဲဒါ မာမီကြီးက ကိုမိုးမင်းဒေဝါနဲ့ ဆေးရုံကိုသွားဖို့ စီစဉ်နေတယ်၊ ကို မအားလို့တဲ့လေ ... အဲဒါ မိုးမင်းဒေဝါအကြောင်း ကိုနေအသိဆုံး လေ ... စိမ်း ကြောက်တယ်၊ မာမီ့ကို ဖျက်ပေးပါ။ တောင်းပန် တယ် ... စိမ်း မသွားနဲ့ဆိုရင်လည်း မသွားပါဘူး"

"မရဘူး စိမ်းလန်းမေ"

"ရှင်"

"မင်းသိတာပဲ ... မာမီ့အမိန့်ကို ဘယ်သူမှဝင်ရောက်ခွ ဖက်ပြောဆိုလို့ မရဘူး ... မိုးမင်းဒေဝါက မင်းကိုဘာလုပ်မှာ ဒီလောက်အထိ အဖြစ်မသဲနေပါနဲ့"

"ရှင် ... ရှင်ပဲကာကွယ်ပေးမယ်ဆို ... ရှင်ပြောထားတာ လေ"

"မင်းက ကိုယ့်ကိုချစ်သူအဖြစ်မှ အသိအမှတ်မပြုတာပဲ၊ ရှ မုန်းတီးတယ်ဆို ... ထားလိုက်ပါတော့ကွာ၊ မာမီ့အမိန့်ကို ဘယ် မှ လွန်ဆန်လို့မရဘူး ... မင်းသွားလိုက်၊ ပြင်းတာ မပြင်းတာ မင်းအလုပ်လေ ... မင်းမသွားချင်ရင် ငြင်းပြစ်လိုက်ပေါ့ ... ဘာ ရှုပ်ထွေးအောင် လုပ်နေရတာလဲ ... စိတ်ပျက်တယ်"





"ရှင် ... ရှင် ... တော်တော်လူမဆန်တဲ့လူပဲ၊ ကျွန်မရဲ့ အပျိုစင်ဘဝလေးကို ချေမွပါးမှုပြစ်ပြီးတော့လေ ... ရှင့်မှာ နှလုံး သားမရှိဘူးလား၊ အင်းပေါ့ ... ရှင့်မှာ ညီမမှမရှိတာဘဲ၊ ကိုယ်ချင်း မစာတတ်ဘူး ... ရတယ် ... ကျွန်မ အသက်နဲ့လဲပြီး ကာကွယ် မယ်"

မင်းအသက်လဲကာကွယ်လည်း မိုးမင်းဒေဝါက ရမယ်ထင် နေလား စိမ်းလန်းမေ ... ဒီကောင်က မိန်းမကျွမ်းကြေပြီးသားကွ။

မာမီရဲ့လက်တုန့်ပြန်မှုတွေကို နေမင်းထိန် သဘောမကျ ပေ။

ရက်စက်လွန်းနေသည်။

စိမ်းလန်းမေကို မင်းထပ်ပတ်သက်စရာ မလိုတော့ဘူးတဲ့။

ရက်စက်မှုသရုပ်ကို ဆောင်းပြလိုက်တဲ့။

မိုးမင်းဒေဝါ လက်ထဲအပ်မယ်တဲ့။

ကိုယ်တားဆီးခွင့်ရှိမယ် ထင်လား စိမ်း။

ဘယ်လောက်ပဲစွပ်စွဲပြောဆိုပါစေ ကိုယ်ဆီက မင်း မလွဲ မသွေရမှာက ဥပေက္ခာပဲ။

"မာမီကြီးက စိတ်သဘောထား ပြည့်ဝနူးညံ့သလောက် ရှင် ကတော့ ယုတ်မာကောက်ကျစ်လွန်းတယ်၊ ကောင်းပြီလေ ... ကျွန်မမှာ ရွေးချယ်စရာလည်း မရှိတော့ဘူး ... မာမီဆန္ဒအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သွားမယ် ... ကျန်းမာရေးမကောင်းတဲ့ ကျွန်မအမေလို သံယောဇဉ်တွယ်ရတဲ့ မာမီကြီး စိစဉ်ပေးတာပဲ ... ကျွန်မဘဝပဲလေ ရှင့်ကို ကျွန်မ မုန်းတယ် ... ရွံတယ် ... ”

စိမ်းဟု အော်ပြစ်လိုက်တော့မလို ပြင်ပြီးမှ သူ့စိတ်တွေ လွှတ်ထွက်မသွားအောင် ထိန်းချုပ်ပြစ်လိုက်သည်။

သူ အမြဲတမ်း မာမီ့အတွက် လူဖြစ်ချင်ခဲ့တယ်။

သူ့စိတ်ကို မာမီကိုယ်တိုင် လက်သပ်မွေးမြူလေ့ကျင့်ပေးခဲ့၏။

အခုမှတော့ ဘာတတ်နိုင်မှာလဲ။

စိမ်းကို မျက်နှာချင်းဆိုင်ပြစ်လိုက်သည်။

“မင်းမှာငြင်းခွင့်ရှိတာပဲ ... မင်းမသွားနဲ့လေ၊ မိုးမင်းအေ အကြောင်း သိသိကြီးနဲ့ မင်းဘာဖြစ်လို့ ငြိမ်နေရတာလဲ ... မသွားနဲ့ပေါ့ ... ”

စိမ်း ဘာမှတုန့်ပြန်ပြောမနေဘဲ ရွံရှာမုန်းတီးနာကြည်းစွာ တစ်ချက်စူးစိုက်ကြည့်လျက် လှည့်ထွက်သွားသည်။

“မင်းမှာလည်း ငြင်းပိုင်ခွင့်မရှိအောင် မာမီက ချုပ်လိုက်ပြီ မဟုတ်လား ... ကိုယ့်ရင်ထဲမှာ မီးတောက်နေတာပါ၊ မာမီကလဲ ကိုယ့်ကိုချုပ်ထားတာပဲ”

တဖြည်းဖြည်းနှင့် သူလူဖြစ်လာရတဲ့ဘဝကို အရမ်းမုန်းတီး





နေသည်။ နေမင်းထိန်ဆိုတဲ့ နာမည်ကို မာမီဘာဖြစ်လို့ပေးခဲ့ရတာလဲ။ အရမ်းပူလောင်လွန်းတဲ့ နာမည်ကြီးပါ။

စိမ်းရဲ့မာထန်တဲ့ အကြည့်တစ်ချက်က နေမင်းဆယ်စင်း အပြိုင်ထွက်သလို ပြာကျသွားမတတ် လောင်မြိုက်နေရပြီ ဖြစ်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

"ဆရာမ အစ်မအတွက် ဒေဝါအသုံးအဆောင်ပစ္စည်းတွေ ရော အအေးဗူးတွေရော ဝယ်ထားတယ် ... ဒေဝါ့ပြစ်မှုအတွက် တောင်းပန်တဲ့သဘောပါဗျာ ... တစ်မျိုးမထင်ပါနဲ့"

စိမ်း ဘာမှမပြောပေ။

ကားထဲမှာ အချိုရည်ဗူးတွေရော မုန့်တွေရော တခြားပစ္စည်းတွေရော အပြည့်ဖြစ်နေသည်။

စိမ်း မသွတ်နူးပါဘူး။

လူယုတ်မာတွေပါ။

ကိုနေမင်းထိန်ကိုပဲ ကြည့်လေ။

အခုတော့ ... သူ့ကိစ္စမဟုတ်သလိုပဲ။

စိမ်း နာကျင်ရ၏။

မိုးမင်းဒေဝါကိုလည်း စကားမပြောမိ။





မာမ်ကြီးရဲ့သားတွေကို စိမ်းမယုံဘဲဖြစ်နေသည်။

"ဒေဝါ့ကို ခွင့်လွှတ်ပါနော် ဆရာမ ... အနူးအညွတ်တောင်းပန်ပါတယ်ဗျာ၊ နောက်ထပ် ဆရာမကို လက်ဖျားနဲ့တောင် မထိတော့ပါဘူး"

စိမ်းလန်းမေကတော့ လန်းတယ်။

ဘယ်လိုပဲကြည့်ကြည့် ရင်ခုန်စရာ။

မိုးမင်းဒေဝါ အကြိုက်ပဲ။

မင်းမာနတွေ ပြမနေစမ်းပါနဲ့။

စိမ်းလန်းမေ မိုးမင်းဒေဝါရန်ကနေ မင်းလုံးဝမလွတ်တော့ပါဘူး။

စိမ်းလန်းမေ ယုံကြည်စေရန် ဒေဝါ အစွမ်းကုန် ရိုးသားဖြူစင်မှုတွေ ပြသနေရသည်။

"ဆရာမကိုတွေ့တွေ့ချင်း အရမ်းစွဲလမ်းနှစ်သက်သွားမိတာပါဗျာ၊ ကျွန်တော် မှားပါတယ် ... ကိုယ့်အမေအတွက် အလိုအပ်ဆုံးသူနာပြုဆရာမကိုမှ စော်ကားမိသွားတယ်၊ အနူးအညွတ် တောင်းပန်ပါတယ်ဗျာ"

စိမ်းလန်းမေမှာ ဘာမှခွန်းတုန့်မပြန်ခဲ့။ ဒေဝါ ပို၍မကြေနိုင်မချမ်းနိုင် ဖြစ်ရသည်။

ငွေမမက်တာလား ... အခွင့်အရေးကောင်းတွေကို သက်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ခံချင်တာလား။

အလွယ်တကူ ဖြစ်ရမယ့်ကိစ္စ မင်းကို ဆေးရုံပို့မယ်ထင်လား စိမ်းလန်းမေ။

လူသတ်ကုန်းကိုပို့မှာ ဒီနေ့တစ်နေ့တာကတော့ မိုးမင်းဒေဝါရဲ့ ရင်ခွင်ထဲမှာနေရမယ်။

"ဆရာမ အအေးသောက်ပါ ... ကျွန်တော် တောင်းပန်တာကို အသိအမှတ်ပြုတဲ့ သဘောလေ ... စကားတစ်ခွန်းမှ မပြောတော့ ကျွန်တော်အရမ်းခံစားရတယ် ... မျက်နှာပူလို့ပါဗျာ၊ စကားမပြောချင်လည်းနေပါ"

"မသောက်ချင်ဘူး ... ကျေးဇူးပြုပြီး ဆေးရုံကိုပို့ပေးပါ။ ကျွန်မ အစ်မနဲ့တွေ့ချင်ပြီ"

မမသိမ့်ကို တွေ့ချင်သည်။

စိမ်းအဖြစ်အပျက်တွေက ဘယ်သူ့မှ ရင်ဖွင့်ပြလို့မရနိုင်။

ငဲ့ညှာထောက်ထားစရာတွေက များလွန်းနေသည်။

မာမီကြီးရော မမသိမ့်ကိုရောပဲ။

သူ့ကို လုံးဝအယုံအကြည်မရှိဘူး။

စိမ်းကို စော်ကားမယ်ကြံရင်တော့ သူသေ ကိုယ်သေပဲ။

သူက ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်သည်။

"ဘာလုပ်တာလဲ"





"ဆရာမ အအေးမသောက်ရင် ကားမမောင်းဘူးဗျာ ... ကျွန်တော် တောင်းပန်နေပြီပဲ ... မာမီကလည်း ဆုံးမလိုက်ပါတယ်၊ စိမ်းလန်းမေက မာမီ့အတွက် အရမ်းလိုအပ်တယ်တဲ့၊ မင်းလက်ဖျားနဲ့တောင် မထိရဘူး ... မာမီ လုံးဝခွင့်မလွှတ်ဘူးတဲ့လေ"

မိုးမင်းဒေဝါက အတင်းအကျပ် အအေးတိုက်နေသဖြင့် စိမ်းအချိန်ကုန်မခံနိုင်၍ ယူပြီးသောက်ပစ်လိုက်သည်။

"ဟင် ... "

စိမ်းခေါင်းထဲမှာ ရုတ်တရက် မူးဝေယစ်သီလာကာ အိပ်ချင်လာသည်။

ဘုရားရေ ... စိမ်း အညာမိသွားပြီထင်သည်။

အားယူ၍ စိတ်ကိုထိန်းချုပ်ကာ မျက်လုံးတွေကိုဖွင့်ဖို့ ကြိုးစားပေမယ့် မရတော့။

စိမ်းမျက်ဝန်းထဲမှာ အမှောင်ထုက အထပ်လိုက် ကျလာသည်။

သူ့ရယ်မောသံကို စိမ်းသဲ့သဲ့ကြားလိုက်ရ၏။

လူယုတ်မာဟု စိတ်ထဲကပဲ ရေရွတ်ရန်ပင် အင်အားမဲ့သွားရုံလေသည်။

"စိမ်းလန်းမေပါလား ... ဒေဝါ ယုတ်မာတော့မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ညီဖြစ်သူ မိုးမင်းဒေဝါ ကားရပ်ထားတာတွေ့လိုက်၍ တံခါးအဖွင့်မှာ သူ့အထဲကို သေသေချာချာကြည့်လိုက်တော့ အမှတ်မထင်ဘဲ စိမ်းလန်းမေ ခွေခွေလေး လဲနေတာတွေ့လိုက်ရသည်။

ဒီကောင် ပိုင်တဲ့တိုက်ခန်းက ဒုတိယထပ်မှာ ရှိနေတာ လမင်းသာ သိနေသည်။

"စိမ်းလန်းမေကို တစ်ခုခု လုပ်တော့မယ်ထင်တယ် ... ဒီကောင် မိန်းကလေးတွေကို ယုတ်မာနေကျပဲ ... မဖြစ်ဘူး၊ တားဆီးရမယ် ... "

မိုးမင်းဒေဝါက ကားပေါ်မှဆင်းပြီး စီးကရက်သောက်ရင်း ကားကို မှီ၍ရပ်နေသည်။

သူ့တပည့် လူမိုက်တွေလည်းရှိ၏။

စိမ်း လန်းမေကို အောက်ချဖို့ အခြေအနေကို အကဲခတ်နေပုံရ၏။

လမင်းသာ ဘာလုပ်ရမှန်းမသိဘဲ ကိုကြီးနေဆီ ဖုန်းဆက်လိုက်သည်။

"ကိုကြီးနေ ... ဒီမှာစိမ်းလန်းမေကို ဒေဝါကြံစည်တော့မယ်ထင်တယ် ... သူ့တပည့်တွေ ထွက်လာကြပြီး သူ့အခန်းခေါ်သွားတော့မယ်ထင်တယ် ... ဘယ်လိုလုပ်မလဲ ... ကိုကြီး အမြန်လာတားဆီးပါ"





"လမင်းသာ ... မင်းနဲ့မဆိုင်တဲ့ ကိစ္စလို့ပဲ သဘောထားလိုက်ပါ ... မင်းလည်း မကူညီနဲ့"

"ကိုကြီး ဘာတွေပြောနေတာလဲ၊ စိမ်းလန်းမေက ကိုကြီးချစ်သူလေ ... ကိုကြီးဇနီးလောင်းပါဗျာ၊ ပြီးတော့လည်း သူ့ဘဝတစ်ခုလုံး ကိုကြီးရင်ခွင်ထဲ ပေးအပ်ထားသူပါ"

"အပိုတွေပြောမနေစမ်းပါနဲ့ လမင်းသာ ... မင်းကိစ္စမဟုတ်ဘူးလို့ ငါပြောပြီးပြီနော် ... ပြန်လာခဲ့၊ မင်းမိန်းမ နောက်မီးလင်းနေတာရော မင်းသိလား"

"ဗျာ"

"ဒေဝါကိစ္စ ဒေဝါကြည့်ရှင်းလိမ့်မယ် ... မင်းကိစ္စမင်းရှင်း၊ စိမ်းလန်းမေကို ငါစိတ်မဝင်စားတော့ဘူး၊ ငါက ဘယ်မိန်းမကိုမှ သူခွင့်မရှိတဲ့ကောင်လေ ... ဒေဝါ့အကြောင်းလည်း မင်းသိတာပဲ၊ မင်းသတ္တိရှိရင် ရဲတိုင်လိုက် ... "

"ကိုကြီး ... ကိုကြီး ... ဟဲလို ... "

"တောက်"

ကိုကြီးနေက ရက်စက်စွာဖြင့် ဖုန်းပိတ်ပြစ်လိုက်သည်။

ခဏကြာတော့ စိမ်းလန်းမေအား မိန်းမကြီးသုံးယောက်က ကားတံခါး ဖွင့်ပြီး ဖေးမတွဲယူလျှက် တိုက်ခန်းပေါ်တင်သွားကြ၏။

ဒေဝါနောက်မှ လိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က လူမိုက်တွေ လမ်းပေါ်ကမိန်းမတွေနဲ့လည်း ပေါင်းတယ် ... ယုတ်မာတဲ့ကောင် ... "

လမင်းသာ ဒေါသတွေ ပေါက်ကွဲလျှက် မသိချင်ယောင်ဆောင်၍လည်း မဖြစ်။

စိမ်းလန်းမေကို အဖျက်ဆီးခံလို့ မဖြစ်ဘူး။

အပြစ်ကင်းသူပါ။

နောက်ဆုံး ရဲစခန်းကိုတိုင်ဖို့ပဲ ဆုံးဖြတ်ပြီး ဖုန်းနှင့် အဖြစ်အပျက်တွေကို အစီရင်ခံ၍ သတင်းပေးလိုက်လေသည်။

"မင်းကို ကိုယ်ကယ်တင်ရမယ် ... မာမီသိသွားရင် ဒေဝီကိုတားဆီးပေးနိုင်မှာပါ"

ရဲကားတွေရောက်လာမှ လမင်းသာထွက်လာခဲ့သည်။

မတတ်နိုင်တော့ဘူး ဒေဝါ ...

မင်း ဘယ်လောက်ပဲ မိန်းကလေးတွေရဲ့ဘဝကို ဖျက်ဆီးပြစ်ပါစေ ကိုလတ် မတားဆီးခဲ့ပါဘူးကွာ။

စိမ်းလန်းမေကတော့ကွာ ... နာကျင်ရ၏။

စိမ်းလန်းမေကို ကယ်တင်လိုက်ရတဲ့အတွက် ဘယ်သူကပဲ အပြစ်တင်ပါစေ လမင်းသာ ကျေနပ်သည်။

"မင်း ... မာမီ့ကို အဲဒီကိစ္စတွေ သွားမပြောနဲ့လမင်းသာ။ မင်းမိန်းမကိစ္စ ဘယ်လိုရှင်းမလဲ၊ အခု ဟိုတယ်အိပ်ခန်းထဲမှာ ကိုကြီး





ဒီလို ရိုက်ထားတယ် ... မင်းကြည့်မလား ... "

"ဟာ ... မကြည့်ပါဘူး ... ကျွန်တော် အရှမ်းရှက်တယ်ဗျာ၊ ကိုယ့်ကိုယ်ကိုတောင် သတ်သေပြစ်ချင်တယ် ... ညီလတ် ဘာလုပ်ရမလဲဟင်"

"မင်းမိန်းမကို ကွာရှင်းဖို့ အခွင့်အရေးပဲ လမင်းသာ ... ကိုကြီးအားလုံး စီစဉ်ပေးမယ် ... "

တကယ်တော့ ညီလတ်မိန်းမကိစ္စလည်း မာမီဆင်ထားတဲ့ အကွက်တစ်ခုပါပဲ။

ဒေဝါအသိ လူဆိုး ရုပ်ဖြောင့်ဖြောင့်တစ်ယောက်နှင့် ထောင်ချောက်ဆင်လိုက်ခြင်းဖြစ်သည်။

ဒါကြောင့်လည်း ဗီဒီယိုဖိုင်ပါ ရတာပေါ့။

မာမီ့တာဝန်ပေးချက်အရ သိရှိသော်ကို တပြားတချပ်မှ ခံစားခွင့်မရှိဘဲ ညီလတ်နှင့်ကွာရှင်းပြတ်စဲစေမည် ဖြစ်သည်။

"မင်းအနားယူတော့ ညီလတ် ... တခြားကိစ္စတွေ ဝင်မပါနဲ့ လောကကြီးက သူဖြစ်ချင်တိုင်းဖြစ်နေတာကွ ... ကိုယ်ပြုပြင်လို့မရဘူး"

"တောက်"

နေမင်းထိန် စိတ်ထဲမှာတော့ စိမ်းလန်းမေကို ကယ်တင်လိုက်တဲ့ လမင်းသာကို ကျေးဇူးတင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီ့အမိန့်ကိုနာခံရတာပါ ညီလတ်။

မင်းမိန်းမ သီရိသော်ဇတောင် မာမီ့ထောင်ချောက်ထဲ ဝင်သွားရပြီလေ။

ကိုကြီး သွားဖမ်းရတော့မယ်။

ကွာရှင်းပြတ်စဲကြောင်း စာချုပ်မှာ နစ်နာကြေးတစ်ပြားတချပ်မှ မရဘဲ လက်မှတ်ထိုးစေရမယ်။

စိမ်းလန်းမေကို ကာကွယ်မပေးနိုင်တာပဲ သူ့အလွန်မင်းခံစားနေရသည်။

စီစဉ်စရာရှိတာတွေကို စီစဉ်ပြီး မာမီ့ဆီ ခစားဝင်ရ၏။

သီရိသော်က ကွာရှင်းပေးပါ့မည်ဟု တောင်းတောင်းပန်ပန်နှင့် ငိုယိုပြောလာသည်။

"မင်းက အသာတကြည်ကွာရှင်းပေးရင် ဘယ်သူ့ကိုမှ ဥပဒေအရ အပြစ်မပေးတော့ဘူး ... အခုပဲ ညီလတ်နဲ့ ကွာရှင်းပါ"

ညီလတ်ကိုပါ လှမ်းခေါ်ပြီး ကွာရှင်းစာချုပ်နှင့် တရားရုံးမှာ ကွာရှင်းလိုက်ရသည်။

စိမ်းလန်းမေကို ကူညီဖို့ ညီလတ်က စိုးရိမ်တကြီး တောင်းဆိုနေပေမယ့် သူ့ဥပေက္ခာပြု ကျောခိုင်း၍ မာမီအိပ်ခန်းထဲ ဝင်လာခဲ့သည်။

"အားလုံးစီစဉ်ပြီးပါပြီ ... အောင်မြင်တယ် ... မာမီဖြစ်စေချင်တာတွေ ဖြစ်ပါတယ်"





"ကောင်းတယ် သားကြီး ... မင်းကိုအားကိုးရတာ မာမီအရမ်းအားတက်ရတယ် ... သားလတ်ဘဝ လွတ်မြောက်ပြီပဲ"

"ဟုတ်ပါတယ် မာမီ"

"သားကြီးတော်တယ် ... မာမီမွေးရကျိုးနပ်လိုက်တာ၊ စိမ်းလန်းမေကိုစွလည်း မင်းခေါင်းထဲကနေ ထုတ်ပြစ်လိုက်တော့၊ ဒေဝါဆက်ရှင်းလိမ့်မယ်"

"သားကြီးက မာမီ့သားပါဗျာ ... မိန်းမတွေအတွက် လုံးဝမခံစားပါဘူး၊ မာမီစိတ်ချမ်းသာပျော်ရွှင်ဖို့ပဲ အဓိကပါ ... သားကြီးကို အားကိုးစမ်းပါ မာမီ"

"ဟား ဟား ဟား ... "

"ဟင်း ဟင်း ဟင်း ... "

မာမီရှေ့မှာ ရွှင်လန်းတက်ကြွတဲ့ အမူအယာတွေပြ၍ နေမင်းထိန် ရယ်မောလိုက်သည်။

သူ့ရင်တွေတော့ မီးတောက်နေ၏။

အခုဆိုလျှင် စိမ်းဘာတွေဖြစ်နေပြီလဲ။

မိုးမင်းဒေဝါရော ... ထိုအချိန်တွင် သူ့ဆီ သက်ဆိုင်ရာကဟု မိတ်ဆက်၍ ဖုန်းဆက် အကြောင်းကြားလေသည်။

"ကိုနေမင်းထိန်လားခင်ဗျာ ... ကျွန်တော်က ဒုရဲအုပ်အမှုကိုင်ပါ၊ ကိုနေမင်းထိန့် ဖုန်းနံပါတ်ကို မိုးမင်းဒေဝါကပေးတာပါ၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးဆီ အရင်အကြောင်းကြားပေးပါ ဆိုလို့ပါ”

မာမီက သူ့ကိုစပီကာဖွင့်၍ ပြောစေသည်။

“ဟုတ်ကဲ့ ပြောပါ ...”

“မိုးမင်းဒေဝါကို ရဲစခန်းမှာဖမ်းထားပါတယ်၊ မိန်းကလေးတစ်ယောက်ကို အိပ်ဆေးခတ်ပြီး ကြံစည်ဖို့ရော မူးယစ်ဆေးဝါးတွေလည်း သူ့တိုက်ခန်းကနေ အမြောက်အများ ဖမ်းမိပါတယ် ... အမှုတွေကအများကြီးပါ။ နိုက်ကလပ်က မိန်းကလေးတစ်ယောက်ကို သူ့ဆွဲနှမလိုက်လျောတာနဲ့ သတ်ပြစ်လိုက်တာလည်းပါတယ်၊ စခန်းကိုလာခဲ့ပါ”

“ဗျာ”

ရဲတွေရဲ့စကားကို ဒေါ်ထားသခင် ကြားလိုက်ရတော့ ရင်ဝကိုဖိပြီး ခေါင်းထဲသို့ သွေးတွေဆောင့်တက်သွားရသည်။

“မာမီ စိတ်ထိန်းပါ၊ ညီကိုဖွ သားနေ ရှင်းပါ့မယ် ... ဒီကောင်မဟုတ်တာတွေ လုပ်နေတာပဲ”

“စိမ်း ... စိမ်းလန်းမေရောဟင်”

“ကျွန်တော် လိုက်သွားပါ့မယ်”

“စိမ်းလန်းမေကို အပြစ်တွေအားလုံး ပုံချလိုက် ... မူးယစ်ဆေးဝါးအမှုရော လူသတ်မှုရော ...”

မာမီ အရူးတစ်ယောက်ကဲ့သို့ ကယောင်ကတမ်းနှင့်အော်





ဟစ်ပြောနေသည်။

“ငါ့သားငယ်ကို မထိစေနဲ့ ... မင်းအားလုံးစီစဉ်ပါ၊ လုပ်သင့်တာတွေအားလုံး လုပ်လိုက်၊ ဒီနေ့ပဲ မာမို့သားငယ် မာမို့ဆီပြန်ရောက်လာဖို့လိုတယ် ... စိမ်းလန်းမေကိုပဲလွှဲချ ... ဒင်း ... ဒင်းအကုသိုလ်မ ... ဒင်းတိုင်တာဖြစ်မယ်”

“စိတ်အေးအေးထားပါ မာမီ ... သားကြီးအားလုံးလုပ်ခဲ့ပါ့မယ်”

ညီလတ်ကိုခေါ်ပြီး နေမင်းထိန် ရဲစခန်းသို့လိုက်လာခဲ့သည်။ ညီငယ်က အချုပ်ထဲမှာ စိမ်းလန်းမေက သတိပြန်ရနေ၏။ စိတ်ဝေဒနာရှင်တစ်ယောက်ကဲ့သို့ ထိုင်နေသည်။

“ဒီမိန်းကလေးကို ပြန်ခေါ်သွားပါ ... မိုးမင်းဒေဝါနောက်ကို သူ့ဆန္ဒနဲ့လိုက်လာတာပါလို့ ပြောတယ် ... အိပ်ဆေးက ညထဲက အိပ်မပျော်လို့ သူသောက်ထားတာပါတဲ့လေ ... စခန်းကတော့ တရားခံ မိုးမင်းဒေဝါနောက်ကို လိုက်နေတာ ကြာပါပြီ ... လက်ပူးလက်ကျပ်ဖမ်းမိဖို့ ကြိုးစားနေတာပါ ... ဒီအခန်းကိုတော့ သတင်းပေးကြောင့် သိရတာပါ”

စိမ်းလန်းမေက နေမင်းထိန်ခေါ်တာကိုလိုက်ဖို့ ငြင်းဆန်နေသည်။

“စိမ်းလန်းမေ လိုက်ခဲ့ပါနော် ... မာမီလည်း စိတ်ထိန်းကာပြီး



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲလဲနေတယ်၊ မင်းရှိမှဖြစ်မယ် ... လိုက်ခဲ့ပါကွာနော်"

လမင်းသာခေါ်တော့ အသာတကြည်ပဲ ထလိုက်လာခဲ့သည်။

"စိမ်းလန်းမေကိုခေါ်ပြီး မင်းပြန်နှင့်ညီလတ် ... ဒီမှာ ရှင်းလင်းစရာရှိတာတွေ ရှင်းလင်းရမယ် ... မင်းပြန် ... "

"ကိုကြီး"

"ဘာမှပြောမနေနဲ့တော့ ညီလတ် ... မင်းကြောင့် မဟုတ်ပါဘူး ... တစ်နေ့နေ့ ဒီလိုအဖြစ်မျိုးတွေနဲ့ ရင်ဆိုင်ရမှာပဲ ... မိုးမင်းဒေဝါက လူလည်ကျလွန်းတယ်"

စိမ်းလန်းမေက ကောင်းကောင်းပင် လမ်းမလျှောက်နိုင်။

အားအင်တွေ ချိနဲ့လျက် လမင်းသာတွဲ၍ ခေါ်ဆောင်လာရသည်။

"စိတ်ကိုထိန်းပါ စိမ်းလန်းမေ ... မင်းကို မာမီလိုအပ်နေတယ် ... ဒီကိစ္စတွေကို ဘာမှမပြောဘဲ ဟန်မပျက်ပါစေနဲ့"

"အင်း"

ရှင်က ကွန်မကို ကယ်တင်လိုက်တာလား။

မာမီကြီးသိရင်တော့ မလွယ်ဘူး။

သားတွေထဲမှာ ကိုလမင်းသာကို အနှိမ်ဆုံးပါ။

မာမီကြီးကို စိမ်းသနားသည်။





သူမကိစ္စတွေ အသိမပေးဖို့လည်း ဆုံးဖြတ်ထား၏။

မာမီကြီးသားတွေ ယုတ်မာကောက်ကျစ်ပေမယ့် မာမီကြီးနှင့်ကိုလမင်းသာက စိမ်းအပေါ် ညှာတာထောက်ထား ကူညီစောင့်ရှောက်ပေးထားသည်။

"မာမီကြီးဆီမှာ စိမ်းနောက်ထပ် နှစ်လလောက်နေရမယ်၊ စိမ်းနေမှာပါ ... မာမီကြီး အနားမှာ ထာဝရတောင် စိမ်းနေပေးချင်ခဲ့တာပါ"

"စိမ်း"

"ရှင်"

"ကိုယ်နဲ့သိရိုသော်တို့ တရားဝင်ကွာရှင်းလိုက်ကြပြီ"

"ဟင်"

"မာမီ အရမ်းစိတ်ထိခိုက်နေတယ် ... စိမ်း နေပေးပါ၊ ပြုစုပေးပါ၊ အင်အားတွေပေးပါနော် ... "

မာမီကြီးကို သနားလိုက်တာ။

သော်ကတွေ ဘယ်လောက်ရောက်နေရှာမလဲ။

စိမ်း အမူအယာတွေ ပျက်ယွင်းမနေစေရန် အတတ်နိုင်ဆုံးဖြင့်ထားလိုက်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

"ဘာပြောတယ် ဒေါ်လေးငွေ ... မမဆုံးသွားပြီ ဟုတ်လား ဘယ်လိုဖြစ်ရတာလဲဟင် ပြောစမ်းပါ ... "

ဒေါ်လေးငွေက မမသိမ့် မနေ့ညကဆုံးသွားပြီဟု ဖုန်းဆက်သည်။

သေတဲ့သူလည်း သေပြီမို့ ညတွင်းခြင်း ဖုန်းမဆက်တာတဲ့

စိမ်း စိတ်ကိုဖြေပါတဲ့။

ညည်းလေး တနင်္ဂနွေနေ့က ဘာဖြစ်လို့မလာတာလဲတဲ့

သိမ့်အရမ်းတွေ့ချင်တာတဲ့။

ညည်းအတွက်လည်း စိတ်ပူ လို့ထင်တယ်။

ညကျတော့ နှလုံးဖောက်လာပြီး ဆုံးသွားတာတဲ့။

စိမ်း ကြမ်းပြင်ပေါ် ခွေခွေလေးလဲကျသွားသည်။

"စိမ်း ... စိမ်း ... ညည်းတာဝန်ကျေခဲ့တာပဲ၊ သိမ့်အတွက်





ညည်းဘဝကိုတောင် ပေးဆပ်နေခဲ့တာပဲ ... ဘာမှဝမ်းနည်းကြေကွဲ မနေပါနဲ့၊ အသုဘကိစ္စစီစဉ်ဖို့ စိမ်းလာခဲ့နော် ... "

စိမ်း ဘာလုပ်ရမလဲ။

မမသိမ့်အတွက် စိမ်းဘဝကို ပေးဆပ်နေခဲ့တာလေ။

မနေ့က စိမ်းဆေးရုံမရောက်ခဲ့ပေ။

ပြဿနာတွေ-ပေါင်းစုံနှင့် အိပ်ဆေးအရှိန်နှင့် စိမ်းမူးနောက်ရီဝေနေခဲ့သည်။

"ဘာဖြစ်လို့လဲ စိမ်းလန်းမေ"

"မမသိမ့် ဆုံးသွားပြီတဲ့ စိမ်း ... စိမ်းလေ ဘာဆက်လုပ်ရတော့မှာလဲ ... စိမ်းကို ကယ်ပါဦး မာမီကြီးရယ် ... "

မာမီကြီး ရင်ခွင်ထဲသို့ တိုးဝင်ဖက်တွယ်၍ ငိုမိသည်။

"ဘာမှအားမငယ်ပါနဲ့ စိမ်းလန်းမေ ... ဘာတတ်နိုင်မှာလဲ အေ ... မာမီကြီးတောင် အသက်ကြီးမှ အပူမီးတွေ လောင်မြိုက်ခဲ့ရတာပဲ ... သိမ့်က လူ့လောကကြီးထဲက ဝဋ်ကျွတ်သွားတာပေါ့ အေ ... မာမကြီး လုပ်သင့်တာတွေ လုပ်ပေးပါ့မယ် ... စိမ်းလေး ဘာမှအားမငယ်နဲ့"

"ကျေးဇူးတင်ပါတယ် ... မာမီကြီးရယ် ... အရမ်းလည်း ကျေးဇူးတင်ပါတယ် မေမေရယ်"

မေမေရယ်ဟု သုံးနှုန်းလိုက်၍ ခေါ်ထားသခင် နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



တော့ လှုပ်ခတ်သွားသည်။

ဒါပေမဲ့ ... စိမ်းလန်းမေကြောင့် သားငယ်အချုပ်ထဲမှာ အဖမ်းခံထားရ၏။

ဒင်းတိုင်တာပဲဖြစ်မယ်။

ပြစ်မှုတွေက ကြီးလွန်းပြီး ထောင်ထဲမှာပဲ ဘဝဆုံးရမလား။

အသေစား သေရမလားဘဲ။

ညည်းကို ကျုပ်ပိုပြီး အညှိုးကြီးသွားပြီ စိမ်းလန်းမေ။

သော်တာမောင့်သမီးတစ်ယောက်တော့ သေပြီ။

ကံကြမ္မာက ထားသခင်အတွက် ဝိုင်းကူကလဲ့စားချေပေးတာပဲ။

ကျန်တဲ့သမီး တစ်ယောက်က မိမိလက်ထဲမှာ သွေးအေးအေးနဲ့လက်တုန့်ပြန်ဖို့ပဲ ဖြစ်သည်။

"ညည်း တစ်ပတ်ခွင့်ယူပါ၊ ဘာလိုလဲ ... အားမနာနဲ့နော် ပြောပါ ... အိုကွယ် ... သမီးလေး ဘာသိမှာလဲ၊ သားလတ် လမင်းသာကို စီစဉ်ခိုင်းပေးမယ်နော်"

သားကြီးဆိုလျှင် စိမ်းလန်းမေက အကြောက်အကန်ငြင်းဆန်မှာသေချာသည်။

သားလတ်က ရိုးသားသူပါ။

"ကျွန်မ ဘယ်သူ့ဆီကမှ အကူအညီမလိုတော့ပါဘူး မာမီကြီးရယ် ... နေပါစေ ... ကျွန်မ စုဆောင်းထားတဲ့ငွေလေးနဲ့ပဲ စီစဉ်ပါ့မယ်၊ မမသိမ့်လည်း ဆုံးသွားပြီပဲ ... တခြားအကျယ်တွေ မချဲ့တော့ပါဘူး ... တစ်ပတ်ပဲ ခွင့်ပေးပါနော်၊ အသုဘရက်လည်တာနဲ့ စိမ်းပြန်လာပါ့မယ် ... မာမီကြီးအတွက် စိမ်းတာဝန်ကြေစေရပါ့မယ်နော်"

"မာမီကြီးအတွက် စိတ်မပူစမ်းပါနဲ့အေ ... ညည်းပဲပြန်လာခဲ့၊ မာမီကြီးကိုယ်တိုင်လိုက်ပြီး ဆောင်ရွက်ပေးချင်တာပါ"

"ရပါတယ် မာမီကြီးရယ် ... စိမ်းအပေါ် သမီးတစ်ယောက်လို မာမီကြီးစောင့်ရှောက်ပေးခဲ့တာပါ စိမ်းကန်တော့ခဲ့ပါတယ်"

စိမ်း ကန်တော့ပြီး အဝတ်အစားတွေ အမြန်ထည့်ကာထွက်လာခဲ့သည်။

မိုးမင်းဒေဝါ လက်ထဲကနေ သူမအား ကံကြမ္မာက ကယ်တင်ခဲ့တာပါ။

ဘယ်သူဖုန်းဆက်လိုက်မှန်းပင်မသိ။

သူ့အကုသိုလ်က သူ့ကိုထောင်ထဲထည့်ပြစ်လိုက်တာပဲ ဖြစ်အံ့။

မာမီကြီးကြောင့်ပါ ... စိမ်း အိမ်ပြန်ရောက်တော့ အိမ်ရှေ့မှာ ကနားဖျင်းတောင် ထိုးထားပြီးပြီဖြစ်သည်။

"စိမ်းလေးရယ် ... တရားနဲ့သာဖြေပါအေ ... ဘယ်တတ်







www.burmeseclassic.com

www.burmeseclassic.com



နိုင်မလဲ၊ သူက သေလူလေ"

"ဖြစ်မှဖြစ်ရလေ မမသိမ့်ရယ် ... စိမ်း မဖြေနိုင်ဘူး၊ မမသိမ့်ကို နောက်ဆုံးအနေနဲ့ အသက်ရှင်လျက် စိမ်း မတွေ့လိုက်ရလို့ပါ"

မိုးမင်းဒေဝါကြောင့်ပဲ မမသိမ့်ထံ စိမ်းမရောက်နိုင်တော့။ ဒေါ်လေးငွေကိုဖက်၍ စိမ်း ငိုပြစ်လိုက်သည်။

"ညီမလေးရှေ့ရေးအတွက် မမစီစဉ်ပေးထားခဲ့ချင်တယ်ဆို၊ စိမ်းက သူဌေးကတော်ဖြစ်မှာပါတဲ့ ... မမသိမ့်ရှေ့မှာ ဟန်ဆောင်ကောင်းတဲ့လူက အခုစိမ်းကို ဥပေက္ခာပြုနေပါပြီ မမရယ်"

စိမ်း ရင်ထဲကနေ မမသိမ့်အား ပြောပြချင်တဲ့စကားတွေကို တစ်ယောက်ထဲကြိတ်၍ ပြောဖြစ်နေသည်။

မမသိမ့် အသုဘအား အကျယ်မချဲ့တော့ဘဲ အကျဉ်းချုံး၍ လုပ်ပေးခဲ့၏။

ဒေါ်လေးငွေက စိမ်းကို အားပေးနှစ်သိမ့်ပေးနေသည်။

"စိမ်း ပိုက်ဆံယူထားလို့ သုံးလလောက်ပဲ တာဝန်ထမ်းဆောင်ရတော့မှာပါကွယ် ... သူဌေးမကြီးကလည်း သမီးလေးတစ်ယောက်လိုချစ်တာပဲ မဟုတ်လား ... တာဝန်ကြေပြီးရင် သူများအိမ်တွေမှာ မနေနဲ့တော့ ... စိမ်းလေး မောပန်းနွမ်းနယ်နေပြီ၊ ဒေါ်လေးငွေ ရင်ခွင်ထဲကို ပြန်လာပါတော့ကွယ်"

"ဟုတ်ကဲ့ပါ ဒေါ်လေးငွေရယ် ... စိမ်း ပြန်လာခဲ့မှာပါ၊ စိမ်းလည်း အေးချမ်းစွာ ဘဝကို ဖြတ်သန်းချင်နေပါပြီ"





စိမ်းအခက်အခဲတွေကိုတော့ ဒေါ်လေးငွေကို အသိမပေးလိုတော့ပေ။ စိမ်းလည်း သူဌေးအိမ်မှာ မနေချင်တော့ပါဘူး။ သူမ တာဝန်ပြီးဆုံးတာနှင့် ထွက်လာခဲ့ဖို့ ဆုံးဖြတ်ထားသည်။

"စိမ်း ပြန်သွားရမယ် ... မာမီကြီးဆီက ပိုက်ဆံယူထားတာတွေရှိသေးတယ်"

"ဒေါ်လေးငွေကိုတော့ စိတ်ချပါ ... စိမ်းလေးကျန်းမာအောင်နေနော် ... သိမ့်အတွက် ပူဆွေးသောကရောက်မနေနဲ့၊ သိမ့် ဝဋ်ကျွတ်သွားတာလေ"

"ဟုတ်ကဲ့"

ဒေါ်လေးငွေကို လိုအပ်တာတွေ စီစဉ်ပေးပြီး ထိုင်ကန်တော့၍ ပြန်လာခဲ့သည်။ စိမ်း ပြန်လာချိန်တွင် လာကာစနှင့်ခံစားချက်ချင်း မတူတော့ဘဲ စိတ်တွေခြောက်ခြားထိတ်လန့်နေရကာ ငရဲတွင်းကြီးတစ်ခုဟုပဲ မြင်လာခဲ့၏။ မာမီကြီးကြောင့်ပါ။ ပိုက်ဆံကလည်း ကျေသွားခဲ့သည်။ ယခုထွက်၍ ဆီးကြိုသူက ကိုလမင်းသာပါ။

"စိမ်းလန်းမေ ပြန်လာတယ်နော် ... မင်းအစ်မအတွက် ကိုယ်စိတ်မကောင်းပါဘူး ... နောက်ပိုင်း မင်းလိုအပ်တဲ့အကူအညီတွေ ကိုယ်ကူညီနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

မာမီကြီးသားတွေနှင့် စိမ်းထပ်၍ ပတ်သက်ဆက်ဆံမှု မပြုလိုပေ။ ကိုလမင်းသာအား ယုံကြည်ပေမယ့် စိမ်း အကင်းရှင်းဆုံးနေထိုင်သွားဖို့ပဲ ဆုံးဖြတ်ထားသည်။ ကိုနေမင်းထိန်ကို အရိပ်အယောင်ပင် မတွေ့ရ။ သူမ ဘာမှစဉ်းစားမနေချင်တော့ပါဘူး။ စိမ်း ကံကြမ္မာဟုပဲ တွေးထားလိုက်သည်။

"ကျွန်မကို ခွင့်ပြုပါဦး ... မာမီကြီးအတွက်လည်း အရမ်းစိတ်ပူနေလို့ပါ"

စိမ်းလန်းမေရယ် ... မင်းဘာဖြစ်လို့များ လူတွေအားလုံးကိုယုံကြည်နေရတာလဲ။ မာမီကိုယ်တိုင်က သားတွေနှင့်မတူမတန်ဘူးဟု သတ်မှတ်ထားသည်။ မင်းဘဝ အဖတ်ဆယ်လို့တောင် ရမှာမဟုတ်ဘူး။ ကိုကြီးနေက မာမီမရှိတော့တဲ့အချိန်မှာတောင် အိမ်ထောင်မပြုပါဘူးဟု သစ္စာရေသောက်ထားရ၏။ ကိုယ် ... မင်းကိုအတတ်နိုင်ဆုံး စောင့်ရှောက်ပေးနေမယ် စိမ်းလန်းမေ။ သူ့ရင်တွေနာကျင်နေသည်။

"ညီလတ် ... ဘာလုပ်နေတာလဲ၊ ခြံထဲမှာ ငူငူကြီးရပ်လို့"

"ဟာ ကိုကြီး ပြန်လာပြီလား ... စိမ်းလန်းမေ ပြန်လာတယ် ... တာဝန်တကယ်ကြေတဲ့ မိန်းကလေးပဲ ... သနားလိုက်တာ ကိုကြီးရယ် ... စိမ်းလန်းမေအတွက် နည်းနည်းလေး ညာညာ





တာတာပြန်စဉ်းစားပေးပါဗျာ"

"အဖိုအလုပ်တွေ မလုပ်စေချင်ဘူး ညီလတ် ... ဒီကိစ္စ မင်းထိုင်လိုက်တာ မာမီသိသွားရင် မလွယ်ဘူးနော် ... မင်းရှောင်နေ"

"ကိုကြီးမှာ နှလုံးသားမရှိပဲကိုး ... အင်းလေ မာမီက နုတ်ထားလိုက်တာပဲ ... လမင်းကတော့ အမြဲတမ်း စိမ်းလန်းမေကိုအကာအကွယ်ပေးနေမယ် ဖြစ်ချင်တာဖြစ်ဗျာ"

"ဒါက မင်းကိစ္စပဲ"

ကိုကြီးနှလုံးသားတွေလည်း ဘယ်လောက်အထိ ကြေကွဲနာကျင်နေရလဲဆိုတာ ညီလတ် မသိနိုင်ပါဘူး။ ကိုကြီး ရင်ထဲမှာနှလုံးသားတွေ မရှိဘူးလို့ ထင်ထားခဲ့တာ။ အခုတော့ ရှိနေပါတယ်ကွ။ သူ့အခန်းထဲ ပြန်ရောက်လာခဲ့သည်။ မိုးမင်းဒေဝါ အပြစ်တွေကအများကြီးပဲ။ ဒီကောင် အသေစားသေဖို့ပဲ ရှိတော့၏။ မာမီကိုဘယ်လိုပြောရမလဲ။ ညီအစ်ကိုသုံးယောက်ထဲတွင် မာမီက ဒေဝါကို အချစ်ဆုံး အလိုလိုက်ဆုံးပါ။ အနှိမ်ခံရဆုံးက လမင်းသာ။

"စိမ်းရယ် ... ကိုယ် ဘယ်လိုမှ မတတ်နိုင်လို့ပါ၊ စိမ်းနဲ့ကိုယ်တို့က ဒီဘဝမှာ လုံးဝမဆုံဆည်းနိုင်ပါဘူး ... နောက်ဘဝတွေမှာသာ ကိုယ်ပြန်ဆုံချင်တယ်"

နေမင်းထိန် ရင်ထဲမှာ ကြေကွဲဝမ်းနည်းနေမှုတွေကို မာမီရှေ့မှာ အရိပ်အယောင်ပင် မပြရဲပေ။ အခုတောင် ဒေဝါ့အမှုနှင့် ဒေါ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူကြေကွဲမှုအရိပ်တွေကို ဖုံးကွယ်ဟန်ဆောင်ရန်မလိုဘဲ ဖြစ်ရသည်။ ခဏကြာတော့ မာမီရောက်လာ၏။ ဒေဝါ့အမှုကိစ္စ မေးမြန်းသည်။

"ညီဒေဝါ့အမှုတွေက အများကြီးပဲမာမီ … သားလည်း အကောင်းဆုံး ထုချေလျှောက်ဖို့ စီစဉ်နေပါတယ် … မာမီ စိတ်အေးအေးထားပါဗျာ"

"ဒင်းကြောင့်ပဲ သားငယ် ထောင်ထဲဝင်သွားရတာလေ … ဒင်းကြိုတင်ဖုန်းဆက်လိုက်တာပဲ နေမယ်၊ ဒင်းက မာမီတို့မိသားစု ထဲဝင်ပြီး ထောက်လှမ်းရေးလား … "

မာမီသားလတ် လမင်းသာ ဖုန်းဆက်လိုက်တာပါဗျာဟု ပြောပြစ်ချင်သည်။ စိမ်းလန်းမေကိုပဲ အပြစ်တွေပုံချနေ၏။ နေပင်လက်မခံနိုင် ဖြစ်လာရသည်။

"တစ်ယောက်တော့ ကြွသွားပြီ … ကံကြမ္မာနတ်မင်းကြီးက မာမီ့ဘက်ကနေ ဝင်ကူတာပါ … ဒင်းပဲ ကျန်တော့တယ် … မာမီက မိန်းမဖြစ်ပေမယ့် အမဲလိုက်ကျွမ်းပါတယ် … သားကောင်ကို တတိတိညှင်းပန်းနှိပ်စက်သတ်ရတာ အရသာပဲလေ"

မာမီရယ် … ရပ်လိုက်ပါတော့။ မာမီအသက်ကြီးပါပြီဗျား ဒေဝါ ပြစ်မှုတွေက ဘယ်လိုမှကယ်တင်လို့ မရတော့ဘူး သေဒဏ်ပဲ။ မာမီ့ကိုပြောမထွက်ခဲ့။ ဒေဝါ ကျူးလွန်တဲ့အပြစ်တွေက စိမ်းထံ





စုပုံကျရောက်ရတော့မှာပဲ ဖြစ်သည်။ စိမ်းကို ကယ်တင်ခွင့်မရှိနိုင်။ လမင်းသာတောင် ကယ်တင်စောင့်ရှောက်နိုင်ပါ့မလားဘဲ။ မကြာခင် … မာမီရက်စက်မှုတွေက ကမ်းကုန်အောင် ဖြစ်လာနိုင်၏။ နေမင်းထိန် နာကျင်ရလွန်းသည်။

★

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၁ )

မာမီကြီးအနားမှာ စိမ်းပြုစုစောင့်ရှောက်ရင်း နှစ်လဆိုတဲ့ အချိန် ကြာမြင့်ခဲ့သည်။

နောက်တစ်လဆို စိမ်းလွတ်လပ်တော့မှာပါ။

မာမီကြီး ဘယ်လိုပဲတားတား စိမ်းအလုပ်ထွက်ပြစ်လိုက်ဖို့ပဲ ဆုံးဖြတ်ထား၏။

ဒါပေမဲ့လည်း ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာခဲ့ ပြီလားမသိ ပေ။

စိမ်းတော့ အန်ချင်တဲ့စိတ်တွေ မကြာခဏဖြစ်ပေါ်လာခဲ့ပြီး မိန်းကလေးမမွှတာလာချိန် လွန်နေပြီဆိုတာပင် အခုမှ သိလိုက်ရ သည်။

"ဘုရားရေ ... စိမ်းမှာ ကိုယ်ဝန်ရှိနေတာလား"

စိမ်းက သူနာပြုဆရာမလေးပါ။





ကိုယ်ဝန်ဆောင်တစ် ယောက်ရဲ့သဘောသဘာဝကို သိနေ သည်။

စိမ်းအတွေးနှင့်ပင် အကြီးအကျယ် တုန်လှုပ်ချောက်ချား သွားရ၏။

သံသယရှိလာ၍ မနက်စောစော ကိုယ်ဝန်စစ်ဆေးတဲ့ အတန်လေးနှင့်စစ်ဆေးကြည့် လိုက်တာ သေချာပေါက် စိမ်းမှာ ကိုယ်ဝန်ရှိနေခဲ့သည်။

"ဘုရားရေ ... စိမ်း ဘယ်လိုလုပ်ရတော့မလဲ ... ကိုနေမင်း ထိန်ကို အသိပေးရမလား ... သေပြစ်လိုက်တာ ကောင်းမယ်ထင် တယ်"

အပြစ်မရှိတဲ့ ရင်သွေးလေးကို စိမ်းမရက်စက်နိုင်။

ကိုနေမင်းထိန်ကို မုန်းတီးရွံရှာပေမယ့်လည်း စိမ်း လူမသတ် နိုင်ဘူး။

မာမီကြီးကို ပြောပြလိုက်ရင်ရော စိမ်း ငိုချင်သည်။

"ကိုနေမင်းထိန်ကို အသိပေးရမယ် ... မာမီကြီးသိသွားရင် စိတ်ဆင်းရဲနေမှာ ... "

စိမ်း ပြတ်သားစွာ ဆုံးဖြတ်ပြီး ကိုနေမင်းထိန်အခန်းသို့ ရောက်လာခဲ့သည်။

"ကိုနေမင်းထိန်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာလာလုပ်တာလဲ"

"ရှင့်ကို အသိပေးစရာရှိလို့ပါ"

"ဘာလဲ ပြော ..."

"ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ"

"ဘာပြောတယ်"

"ရှင့်ရင်သွေးစစ်စစ်ပါ ... စိမ်းမှာ ကိုယ်ဝန်ရှိနေတယ်၊ ဘယ်လိုလုပ်ရမလဲဟင် ပြောပါဦး ကိုနေရယ် ..."

စိမ်းလန်းမေ ပြောလိုက်တဲ့စကားကြောင့် နေမင်းထိန် တုန်လှုပ်ခြောက်ခြားသွားရသည်။

စိမ်းကိုယ်ဝန်က သူ့ကိုယ်ဝန်ဆိုတာ သူသိ၏။

ဒေဝါနှင့်လည်း လွန်ကျူးခဲ့ခြင်းမရှိတာ သူအသိဆုံးပင်။

ဒါပေမဲ့ ...

သူရက်စက်စွာ ပြောဆိုပြစ်ရတော့မည် ဖြစ်သည်။

"မင်း ... မင်း ဘာတွေလာပြောနေတာလဲ စိမ်းလန်းမေ၊ ငါ့ကိုယ်ဝန် ဟုတ်လား ... မင်းနဲ့မိုးမင်းဒေဝါလည်း ငြိစွန်းခဲ့တာပဲ"

"ရှင် ... ရှင် ဘာစကားပြောနေတာလဲ၊ ယုတ်မာလှချည်လား ... ရှင်ကလွဲပြီး ကျွန်မ ဘယ်ယောကျ်ားနဲ့မှ မငြိစွန်းခဲ့ဘူး။ ကျွန်မအပေါ် ဘာ့အညှိုးနဲ့များ ရှင်ယုတ်မာပက်စက်ရတာလဲ ... ဒီကိုယ်ဝန်က ရှင့်ရင်သွေးအစစ်ပဲ ... ကောင်းပြီလေ ... ရှင်တာဝန်





မယူလည်းရပါတယ် ... ဒီကလေးအဖေက ရှင်မဟုတ်ဘူးလို့ပဲ သတ်မှတ်ပါ့မယ်"

စိမ်းမျက်ဝန်းတွေထဲမှာ မျက်ရည်တွေအပြည့်နှင့် ခါးသည်းမုန်းတီးစွာကြည့်၍ တင်းမာစွာပြောသွားသည်။

"စိမ်းရယ် ... ကိုယ်သိပါတယ်၊ မင်းကိုယ်ဝန်က ကိုယ့်ရင်သွေးလေးပါကွာ၊ မာမီကတော့ မင်းကို သတ်တော့မယ် ... အခုလောက်ဆိုရင် မာမီသိလောက်ပြီ၊ မင်းသေတွင်း မင်းတူးလိုက်တာပဲ ... ကိုယ့်ရင်သွေးလေးက အဆစ်ခံရတော့မယ် ... ကိုယ်မတားဆီးနိုင်ဘူး"

သူ ထင်ထားတဲ့အတိုင်းပင် မာမီက မက်ဆေ့ ပို့လိုက်သည်။

"သားကြီးနေ ... ရှောင်နေပါ၊ မာမီခွင်ထဲ စိမ်းလန်းမေ ရောက်လာပြီ၊ ကွက်တိပဲ ... မမို့ရင်ထဲက အညိုးအတေးတွေ ကြေသင့်ပြီ"

"မာမီ"

မာမီ ဖုန်းပိတ်ပြစ်လိုက်သည်။

သားရင်သွေးလေးကို မရက်စက်ပါနဲ့မာမီ တောင်းပန်ပါတယ် ... သူဘယ်လိုမှ တားဆီးနိုင်ခွင့် မရှိဘူးဆိုတာ သူသိထားသည်။

မာမီကိုယ်တိုင်က အညိုးကြီးသူပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးမင်းဒေဝါအတွက်ပါ မာမီ လက်စားချေတော့မည်။

လမင်းသာရော ... သူသတိပေးဖို့ဟာ လမင်းသာလည်း ထွက်မလာ။

မာမီ စောင့်ကြည့်နေမယ်ဆိုတာသိလို့ သူဘယ်လိုမှ မတတ်နိုင်တော့ဘဲ ထွက်သွားဖို့ပြင်ရသည်။

"မင်းထွက်သွားတော့လေ ဘာလုပ်နေတာလဲ ... မင်း အစ်ကိုကြီးဝီဝီ ညီလေးအတွက် တာဝန်ယူပါ နေမင်းထိန်"

"ဟုတ်ကဲ့ပါ မာမီ ... သား အခုပဲသွားပါတော့မယ်၊ မာမီ့ ဆန္ဒက သားကြီးဆန္ဒပါပဲ"

"အိုကေ"

ဒေါ်ထားသခင် နောက်ဆံတင်းနေတဲ့သားကြီးအား အမြန် ရှောင်ထွက်သွားရန် အမိန့်ပေးလိုက်သည်။

စိမ်းလန်းမေ ဝင်မလာသေးဘူး။

တစ်တိုက်လုံးမှာ ဖြစ်ပျက်နေတဲ့ကိစ္စတွေကို မိမိသိနိုင်စွမ်းရှိ၏။

သားကြီးနဲ့ငြိစွန်းတဲ့ ကိုယ်ဝန်က ဒင်းဆီမှာလွယ်ထားပြီး မိမိလက်မခံနိုင်ပေ။

သော်တာမောင်ရဲ့သွေးနှင့် မိမိသွေး ရောစပ်ပြီး လူ့လောက ကြီးထဲမှာ လူတစ်ယောက်ရှိနေတာကို ထားသခင် ဘယ်လို





အကြောင်းနဲ့မှ လက်မခံနိုင်ပါဘူး။

ငါ့သား မိုးမင်းဒေဝါကိုလည်း ညည်းထောင်ထဲထည့်ခဲ့တာပဲ။

အခု ကြီးမားတဲ့အပြစ်ဒဏ် ခံရတော့မယ်။

စိမ်းလန်းမေရဲ့ နွေးထွေးလေးလံတဲ့ ခြေလှမ်းတွေက မိမိ အခန်းဆီ ဦးတည်ရွေ့လျားလာနေသည်။

ဒေါ်ထားသခင်ရဲ့ မျက်နှာထားက တင်းမာခက်ထန်နေ၏။

တံခါးက ပွင့်သွားပြီး စိမ်းလန်းမေ ဝင်လာသည်။

"ဟင် ... မာမီကြီး"

"ညည်းမှာ မာမီကြီးသား နေမင်းထိန်နဲ့ ငြိစွန်းတဲ့ကိုယ်ဝန် ရှိနေတယ် မဟုတ်လား"

"ရှင် ... ဟို ... မာမီကြီးက ... "

"ဒီတစ်တိုက်လုံးထဲမှာ ကျုပ်မသိတဲ့ကိစ္စ လုံးဝမရှိဘူး စိမ်း လန်းမေ"

မာမီကြီးက စိမ်းနှင့်သူ့သားတွေကို ဘယ်လိုနည်းနှင့်မှ သဘောတူနိုင်မှာ မဟုတ်။

မာမီကြီးမှာ အပြစ်မရှိပါဘူး။

သိရိသော်လို မိန်းကလေးမျိုးကိုတောင် ချွေးမအဖြစ် လက်မခံသေးတာဘဲ။

စိမ်းလန်းမေ ဒူးထောက်ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းလန်းမေ"

"ရှင်"

"ဒီကိုယ်ဝန်ကို ဖျက်ချရမယ် မွေးလို့မဖြစ်ဘူး"

စိမ်း တုန်လှုပ်ချောက်ချားစွာဖြင့် မော့ကြည့်လိုက်မိသည်။

မလုပ်ပါနဲ့ မာမီကြီးရယ် ...

လူတစ်ယောက်ရဲ့ အသက်ပါဟုပြောချင်နေ၏။

နှုတ်က ဖွင့်ဟလို့မရခဲ့။

မာမီကြီးအမိန့်ကို ငြင်းဆန်နိုင်တဲ့အင်အားတွေ မရှိ။

စိမ်း နာကျင်ကြေကွဲနေရသည်။

"မာမီကြီးတိုက်တဲ့ဆေးကို သောက်ရမယ် ... ကိုယ်ဝန်က နုပါသေးတယ် ... ဒီဆေးသောက်လိုက်တာနဲ့ ပျက်ကျလိမ့်မယ်"

"ဟုတ် ... ဟုတ်ကဲ့ ... မာမီကြီးကျေးဇူးတွေက စိမ်းဆီမှာ အများကြီးရှိပါတယ် ... မာမီကြီး အဆိပ်တိုက်ရင်တောင် စိမ်း ကျေကျေနပ်နပ်ကြီး သောက်ပါ့မယ်"

ကောင်းတယ် စိမ်းလန်းမေ။

ဒါက အဆိပ်ပဲလေ။

ညည်းဟာညည်း ကိုယ်ဝန်လွယ်ထားရပြီး မိုးမင်းဒေဝါနဲ့ဖြစ်လို့ အဆိပ်သောက်သေတဲ့ သဘောမျိုးဖြစ်အောင်လေ။

ဒေါ်ထားသခင် အကွက်ဆင်ထားပြီးသားဖြစ်သည်။





နောက်ဆုံးပဲ ကျုပ်အညိုး အတေးကြေပြီး ကျုပ်နာကျင်ရတာတွေလည်း ကုန်ဆုံးရလိမ့်မယ်။

အခုတလော ဒေါ်ထားသခင် ကျန်းမာရေး မကောင်းတော့ဘူး။

နှလုံးအားတွေ အလွန်အမင်းနည်းနေသည်။

မောမောနေ၏။

ဆေးခွက်ကို စိမ်းလန်းမေရှေ့ ချပေးလိုက်သည်။

"သောက်လိုက်တော့ ညည်းကိုယ်ဝန်က ဘယ်လိုမှမွေးလို့မဖြစ်ဘူး စိမ်းလန်းမေ ... ကျုပ်မှာလည်း အပူတွေပိုင်းနေတာညည်း အသိပဲလေ ... ကိုယ်ဝန်ဖျက်ချလိုက်တာ အကောင်းဆုံးရွေးချယ်ရမယ့်နည်းလမ်းပဲ"

စိမ်း သောက်မယ်။

အဆိပ်ဆိုရင်လည်း စိမ်းသေချင်တယ်။

စိမ်းမှာ လူ့လောကကြီးမှာ နေချင်စိတ်တွေ ကုန်ခမ်းနေသည်။

စိမ်းလည်း လူယုတ်မာရဲ့သွေးကို မမွေးမြူထားချင်တော့ကိုယ်ဝန်ပျက်ကျစေမယ့် ဆေးခွက်ကို လှမ်းယူလိုက်၏။

ထိုအချိန်တွင် တိုလမင်းသာ အရေးတကြီး ဝင်လာသည်။

"စိမ်း ... အဲဒီခွက်ကို မသောက်နဲ့ ကိုနေက တားခိုင်းတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ”

“ဘာ ... ဘာပြောတယ် လမင်းသာ၊ မင်းထွက်သွားစမ်း ငါ့ကိုစွထဲ ဝင်မစွက်ဖက်နဲ့ ... သွား ... ”

“မာမီ ... အတ္တတွေကိုစွန့်လွှတ်လိုက်ပါတော့ဗျာ၊ ကိုကြီးနေလေ ... ကိုကြီးနေ ... ကားအက်စီးဒင့်ဖြစ်ပြီး ဆေးရုံရောက်သွားပြီး သားကိုလှမ်းခေါ်လို့သွားတာ ... မှာစရာစကားတွေပြောပြီး ဆုံးသွားပါပြီ မာမီ ... ”

“ဟင် ... ဘာ ... ဘာပြောတယ်၊ ငါ ... ငါ့သားကြီး နေမင်းထိန် ဆုံးသွားပြီ ဟုတ်လား ... သေသွားတယ် ဟုတ်လား ... မင်း ... မင်း ... ”

“မာမီ ... ”

မာမီကြီးခန္ဓာကိုယ် ပြိုလဲကျသွားတာကို စိမ်းလန်းမေ အချိန်မှီ လှမ်းပွေ့လိုက်ပေမယ့် မမိတော့ဘဲ ကြမ်းပြင်ပေါ်ပြုတ်ကျ ပြစ်လဲသွားတော့သည်။

“မာမီ ... မာမီ ... သတိထားပါ”

“မာမီကြီး ... မာမီကြီး”

စိမ်း အနားကပ်ပြီး ကြည့်လိုက်ချိန်တွင် မာမီကြီး အသက် ရှူရပ်သွားသည်။

“စိမ်းလန်းမေ လုပ်ပါဦး ... မာမီ့ကို သေသေချာချာကြည့်





ပါဦး ... ကယ်ပေးပါ”

“မာမီကြီး အသက်မရှိတော့ဘူး ကိုလမင်းသာရယ် ... စိမ်းကို တစ်ယောက်ထဲပြစ်ထားခဲ့တာလား မာမီကြီးရယ်”

မာမီကြီးဆန္ဒအတိုင်း ကိုယ်ဝန်ပျက်ကျစေဖို့ စိမ်းဆေးခွက်ကို ကောက်ကိုင်လိုက်စဉ် ကိုလမင်းသာက ဆတ်ခနဲပုတ်ချပြစ်လိုက်သည်။

“မသောက်ပါနဲ့ စိမ်း ... ကိုယ်တောင်းပန်ပါတယ်နော်၊ ဒီဆေးကို မသောက်ဖို့ ကိုယ်ဝန်ဖျက်မချဖို့ ကိုကြီးနေက မသေခင် တတွတ်တွတ် တောင်းဆိုနေခဲ့တယ် ... ကိုယ့်ကို အသေအချာအပ်သွားခဲ့တာပါ”

စိမ်းလန်းမေ ခန္ဓာကိုယ်လေးအား သူ့ရင်ခွင်ထဲသို့ ပွေ့ဖက်ထားလိုက်သည်။

“ညီလတ်ရယ် ... စိမ်းကိုကယ်ပါ ... မာမီ အဆိပ်တိုက်တော့မယ် ... ကိုနေ့ ရင်သွေးလေးကို ကယ်တင်ပေးပါ၊ ပြီးတော့ ပြီးတော့ ... မင်း ... မင်း စိမ်းကိုလက်ထပ်ပါ၊ စောင့်ရှောက်ပေးပါ”

ကိုနေက မှုဝဒနာတွေ ပြင်းထန်နေ၏။

သူ့ဆီ ဖုန်းဆက်၍ ခေါ်ယူခဲ့သည်။

“မာမီ အတ္တကြီးလွန်းတယ်၊ အညိုးကြီးတယ် ... မင်း အမြန်ပြန်ပါ ... စိမ်းကို ကယ်တင်ပေးပါ၊ ကိုနေ့ အိပ်ခန်းထဲမှာ ဒိုင်ယာရီ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ရှိတယ် ... မင်းဖတ်ပြီး ဖျက်စီးပြစ်လိုက်တော့"

မာမီ့လုပ်ရပ်တွေကို လမင်းသာ တဖြည်းဖြည်း သဘော ပေါက်လာရသည်။

စိမ်းလန်းမေရဲ့မိဘတွေ အညှိုးအတေးက အပြစ်ကင်းသော စိမ်းလန်းမေဆီ အပြစ်ဒဏ်က ကျရောက်လာသည်။

ထိုအကြောင်းအရာတွေကို စိမ်းသိဖို့ မလိုအပ်၍ လမင်းသာ ရေငုံ နှုတ်ပိတ်နေပြစ်လိုက်သည်။

"မာမီ့ကိုကြည့်ပါဦး ကိုလမင်းသာရယ် ... မိခင်တစ်ယောက် ရဲ့ သောကတွေပါ"

"ကိုယ်တို့နာရေးကူညီမှုအသင်းကို အကြောင်းကြားရမယ်၊ ကိုနေနဲ့ တစ်နေ့ထဲဆုံးလို့ အတူတူသင်္ဂြိုဟ်လိုက်ကြရအောင်ပါ"

"ဖြစ်မှဖြစ်ရလေ မာမီကြီးရယ် ... စိမ်းအရမ်းကိုထိခိုက်ကြေ ကွဲရပါတယ် ... စိမ်းမေမေတစ်ယောက် လက်လွှတ်ဆုံးရှုံးလိုက်ရ သလိုပါပဲ"

မာမီနှင့်ပတ်သက်တာတွေ စိမ်းသိရန် မလိုအပ်တော့၍ ရှင်း လင်းပြောပြခြင်း မပြုတော့ပေ။

"ကိုနေက စိမ်းရဲ့ရင်သွေးလေးကို စောင့်ရှောက်ပေးပါတဲ့ မွေးမြူပေးပါတဲ့ ... ကိုယ့်ကိုအပ်ခဲ့တယ် ... စိမ်း မဟုတ်တာတွေ မလုပ်ပါနဲ့ကွာနော် ... "





စိမ်းက ရိုးသားဖြူစင်တဲ့ မိန်းကလေးပါ။

မာမီနှင့်ကိုနေ အသုဘကို တစ်ရက်တည်းနှင့် ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့သည်။

"မာမီရော ... ကိုနေရော ... ဘဝရဲ့ခက်ခဲကြမ်းတမ်းလွန်း တဲ့ ကံကြမ္မာဆိုးတွေနဲ့ နောက်ဘဝအဆက်ဆက် ကင်းဝေးကြပါ စေ"

လမင်းသာ ဆုတောင်းပေးနေမိသည်။

စိမ်းကိုလည်း ဒီမှာဆက်နေဖို့ အတော်လေး ဖြောင်းဖျ ပြော ဆိုရ၏။

စိမ်းအဒေါ်ကိုပါ ခေါ်ထားလိုက်သည်။

"စိမ်း ... နေပေးပါ၊ ကိုယ်တို့သွေးသားမျိုးဆက်လေး ကြောင့်ပါကွာ ... တောင်းပန်ပါတယ် ... ကိုယ်စောင့်ရှောက်ထား ပါရစေ"

စိမ်း အပြင်းအထန် ငြင်းဆန်နေပေမယ့် နောက်ဆုံးတော့ လက်ခံခဲ့သည်။

ညီမိုးမင်းဒေဝါကလည်း နောင်တတွေရပြီး စိမ်းနှင့် တွေ့ပါရ စေ တောင်းဆို၍ စိမ်းနှင့်တွေ့ခဲ့၏။

သူ့မိုက်ပြစ်နှင့်သူ ခံရတာဖြစ်သဖြင့် ကျေနပ်ကြောင်းနှင့် ခွင့်လွှတ်ရန် တောင်းပန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေဝါတို့ မျိုးဆက်လေးကို ဆက်လက်ရှင်သန်နိုင်အောင် ကိုလတ်ရဲ့စောင့်ရှောက်မှုကို ခံယူပြီး မွေးမြူပေးပါ စိမ်းလန်းမေ၊ ဒေဝါက သေလှုပါပဲ ... တောင်းဆိုပါတယ်ဗျာ"

စိမ်းက ခွင့်လွှတ်ကြောင်း အညှိုးအတေးတွေ အမုန်းတွေ မရှိတော့ကြောင်း မာမီကြီး ကျေးဇူးတွေကိုပေးဆပ်ဖို့ပါဟု ပြောပေးခဲ့သည်။

လမင်းသာ စိတ်ချမ်းသာပျော်ရွှင်ရ၏။

ကိုနွေ့ရှင်သွေးလေးကို စောင့်ရှောက်ခွင့်ပေးပါဟု စိမ်းထံ အနူးအညွတ်တောင်းပန်ရသည်။

"ကိုလမင်းသာရယ် ... စိမ်းလေ မာမီကြီးတို့ မိသားစုဝင်တွေရဲ့ တွေ့ကြုံခံစားခဲ့ရတာတွေကို ကြည့်ပြီး အတ္တတွေ မာနတွေ မထားသင့်ဘူးဆိုတာ သံဝေဂရမိတယ် ... ဘယ်သူ့ကိုမှလည်း အပြစ်မခံယူစေချင်ပါဘူး ... ကိုလမင်းသာ စောင့်ရှောက်နိုင်ပါတယ် ရှင့်ရဲ့တူလေးလား တူမလေးလားပဲ"

ကိုလမင်းသာက စိမ်းလက်လေးကို ဆုပ်ကိုင်ထားသည်။ စိမ်း မရုန်းဖယ်ခဲ့။

"စိမ်း"

"ရှင်"

"ကိုယ်နဲ့စိမ်း လက်ထပ်ကြမယ်"





"အို ... မဟုတ်တာဘဲ ... အဲဒီလောက်အထိ ကိုလမင်းသာ အနစ်နာခံစရာ မရှိပါဘူး"

"မငြင်းပါနဲ့ စိမ်းရယ် ... ဟန်ဆောင်လင်မယားပါ။ စိမ်းကလေးမွေးပြီးတဲ့အထိပါ ... ကိုယ်အချိန်မရွေး ကွာရှင်းပေးပါ့မယ်၊ စိမ်းပတ်ဝန်းကျင်မှာ ယောက်ျားမရှိဘဲ ကိုယ်ဝန်လွယ်မလို့လားကွာ၊ ပြီးတော့လည်း ကိုယ့်မျိုးဆက်လေးမှာ အဖေတော့ ဖော်ပေးသင့်တယ်ထင်ပါတယ် စိမ်းရယ် ... နော် ..."

စိမ်း မငြင်းချင်တော့ပါဘူး။

ကိုလမင်းသာပဲ စိမ်းဘဝကို စောင့်ရှောက်ပေးနိုင်မည်ဟု ယုံကြည်နေခဲ့သည်။

ဒေါ်လေးငွေကလည်း သင့်တော်ကြောင်း ထောက်ခံခဲ့၏။

ဘာပဲဖြစ်ဖြစ် စိမ်းရင်သွေးလေးဘဝ တည်ငြိမ်အေးချမ်းပျော်ရွှင်စေလိုသည်။

"စိမ်းလက်ခံပေးပါ ... မာမီကလည်း စိမ်းကိုချစ်တာပဲလေ၊ ကိုယ့်ကိုယုံကြည်ပေးပါလား ... မင်းဆန္ဒမပါဘဲ မင်းအသားကို လက်ဖျားလေးနဲ့တောင် မထိပါဘူး ... ကတိပေးပါတယ်"

"ဒီမှာ အရမ်းကြီး ကတိတွေပေးမနေနဲ့နော် ... စိမ်းလက်ကို ဆွဲထားပြီးတော့ ..."

"ဟာ ... ဟုတ်သားပဲ ... မထူးတော့ပါဘူး စိမ်းရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပါးပါးလေး ထိတွေ့ကိုင်တွယ်ခွင့် စိမ်းခန္ဓာကိုယ်လေးကို ဖက်ထားခွင့် … ပြီးတော့လေ … ”

“တော်ပါတော့နော် … ရှင့်တောင်းဆိုမှုတွေက အရမ်းများသွားပြီ … ကိုလမင်းသာကို စိမ်းယုံကြည်ပါတယ် … စိမ်းရှေ့ဆက်ရမယ့် ခရီးမှာလည်း ကိုလမင်းသာက မဖြစ်မနေ စိမ်းအနားမှာရှိဖို့လိုအပ်ပါတယ်နော်”

“စိမ်းရယ်”

တစ်ခါတလေ စိမ်းအရမ်းကြီး ဝမ်းနည်းကြေကွဲရတဲ့အချိန်မှာ ကိုလမင်းသာအား အလွန်အမင်းသတိရတမ်းတနေခဲ့ရလေသည်။

ရှင်မြတ်နိုး

www.burmeseclassic.com